# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၈ ခုနှစ် ၊ ဒုတိယဝါဆိုလပြည့်ကျော် (၁၂)ရက် ၊ တနင်္လာနေ့ ၊ (10-8-2026) ၊ အတွဲ (၃၅) ၊ အမှတ် (၁၀၂)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်

## ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် လေးမျက်နှာမြို့နယ်အတွင်းရှိ ရေဘေးသင့်ပြည်သူများကို ရင်းရင်းနှီးနှီးသွားရောက်တွေ့ဆုံအားပေးပြီး ထောက်ပံ့ရေးပစ္စည်းများပေးအပ်



နေပြည်တော် ဩဂုတ် ၉

ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်တွင် မိုးသည်းထန်စွာရွာသွန်းမှုများကြောင့် ငဝန်မြစ်ရေကာတာ၏အောက်ခံမြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ ရေဖြတ်သန်းစီးဆင်းမှုကြောင့် တာတမံနိမ့်ကျမှုဖြစ်ပွားပြီး လေးမျက်နှာမြို့ပေါ် ရပ်ကွက်များနှင့် ပတ်ဝန်းကျင်ကျေးရွာများ၊ ဟင်္သာတမြို့နယ်၊ ရေကြည်မြို့နယ်၊

စာမျက်နှာ ၁၈ ကော်လံ ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဟင်္သာတမြို့နယ် လဟာပကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ လေးမျက်နှာမြို့နယ်မှ ရေဘေးသင့်ပြည်သူများကို ရင်းရင်းနှီးနှီးတွေ့ဆုံ နှစ်သိမ့်အားပေးစကားပြောကြားစဉ်။

## မန္တလေးတိုင်းဒေသကြီး မိုးကုတ်မြို့နယ်နှင့် မတ္တရာမြို့နယ်အတွင်း မိုးသည်းထန်စွာရွာသွန်းမှုများကြောင့် ထိခိုက်ပျက်စီးမှုဖြစ်ပေါ်ခဲ့သည့် ကျေးရွာများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ကူညီကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်

နေပြည်တော် ဩဂုတ် ၉

မန္တလေးတိုင်းဒေသကြီး မိုးကုတ်မြို့နယ်တွင် ဩဂုတ် ၅ ရက်မှ ၈ ရက်ထိ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဩဂုတ် ၅ ရက်မှစတင်ကာ မြေသားအိကျ၍ မြေပြိုကျမှုများဖြစ်ပေါ်ခဲ့ရသည်။



ထိုသို့ မြေပြိုကျမှုများကြောင့် မိုးကုတ်မြို့နယ်ရှိ ကျပ်ပြင်ရပ်ကွက်၏ အနောက်ဘက် ပန်းမရပ်၊ ရွှံ့ပန်းရပ်ကွက် ကျောက်ဆင်ကျေးရွာ၊ဘော်မားကျေးရွာတို့၌ လူနေအိမ်များပြိုကျပျက်စီးခြင်း၊ အုတ်တံတိုင်းများပြိုကျပျက်စီးခြင်း၊

စာမျက်နှာ ၂၂ ကော်လံ ၁

မန္တလေးတိုင်းဒေသကြီး မိုးကုတ်မြို့နယ်နှင့် မတ္တရာမြို့နယ်အတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ထိခိုက်ပျက်စီးမှုများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

## ရှမ်းပြည်နယ်(အရှေ့ပိုင်း)၌ ပေါ်ဆန်းမွှေးနှင့် ဘာစမာတီစပါးများ စမ်းသပ်စိုက်ပျိုး

လွိုင်လင် ဩဂုတ် ၉

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်မြို့ ဝမ်တုံကျေးရွာအုပ်စုရှိ မိုင်းတွမ်းတောင်ပေါ်နှင့် မြေပြန့်ဒေသတို့၌ ၂၀၂၆ ခုနှစ် ပေါ်ဆန်းမွှေးစပါးဧက ၆၀ စမ်းသပ်စိုက်ပျိုးထားပြီး ခါတ်မြေသြဇာကြဲပက်ခြင်း ကွင်းသရုပ်ပြပွဲကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။

ထိုသို့ ကွင်းသရုပ်ပြသနေမှုကို ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစိုင်းထိန်စိုး တက်ရောက်ကြည့်ရှုအားပေးပြီး

စာမျက်နှာ ၂၀ ကော်လံ ၁



**ဧရာဝတီမြစ်ရေ စိုးရိမ်ရေမှတ် ရောက်ရှိနိုင်**

နေပြည်တော် ဩဂုတ် ၉

ယနေ့နံနက် ၆ နာရီခွဲအချိန်တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် မြင်းမူမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် နှစ်ပေခန့်အလိုတွင် ရောက်ရှိနေပြီး နောက် ၃၆ နာရီအတွင်း ယင်းမြို့၏စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

အလားတူ ဧရာဝတီမြစ်ရေသည် ပခုက္ကူမြို့တွင် ယင်းမြို့၏စိုးရိမ်ရေမှတ်အောက် နှစ်ပေခန့်အလိုတွင် ရောက်ရှိနေပြီး နောက် ၃၆ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

ထို့အတူ ဧရာဝတီမြစ်ရေသည် ညောင်ဦးမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် တစ်ပေခွဲခန့်အလိုတွင်ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း ယင်းမြို့၏စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။ သို့ဖြစ်ပါ၍ မြင်းမူမြို့နယ်၊ ပခုက္ကူမြို့နယ်၊ ညောင်ဦးမြို့နယ်တို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ကြိုတင်သတိပြုနိုင်ရန်နှင့် မြစ်ရေမြင့်တက်လာပါက အချိန်မီရှောင်ရှားနိုင်ရန် သတိပေးနှိုးဆော်ထားသည်။ (မိုး/ဇလ)

ရတနာပုံ

၂၀၂၆ ခုနှစ် ဩဂုတ် ၁၀ ရက်

အယ်ဒီတာ့အာဘော်

## ကျောင်းနေအရွယ်ကလေးများ ကျန်းမာကြံ့ခိုင်စေရေး ကျောင်းကျန်းမာရေးစစ်ဆေး

မြန်မာနိုင်ငံသည် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးကိုတည်ဆောက်ရန် ပညာရေးကဏ္ဍကို အထူးအလေးပေး ဆောင်ရွက်လျက်ရှိသည်။ ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် ပညာရေး၏အခြေခံအုတ်မြစ်ဖြစ်သော အခြေခံပညာကျောင်းများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ ဘက်စုံဖွံ့ဖြိုးတိုးတက်ရန်လိုသကဲ့သို့ အခြေခံကျန်းမာရေးကောင်းမွန်ရန်လည်း လိုအပ်ပေသည်။

အခြေခံကျန်းမာရေးကောင်းမွန်စေရန်နှင့် ကျန်းမာရေးအမူအကျင့်ကောင်းများ အစပြုရန် စာသင်ကျောင်းများတွင် ကျန်းမာရေးနှင့်ညီညွတ်သော အစားအသောက်များ စားသုံးခြင်းအလေ့အကျင့်များသည် ကျောင်းနေကလေးများ၏ အနာဂတ်ကျန်းမာရေးကို သက်ရောက်စေနိုင်သည်။ ကျောင်းများတွင် ကျန်းမာရေးအသိပညာတိုးပွားရေးနှင့် ကျောင်းသားကလေးငယ်များ၏ ကြီးထွားဖွံ့ဖြိုးမှုအတွက် မူကြိုနှင့် မူလတန်းကျောင်းများတွင် အစာအာဟာရမျှတစွာ စားသုံးတတ်လာစေရေးအတွက် အာဟာရပညာပေးရန်၊ ကျောင်းဈေးသည်များနှင့် ကျောင်းဈေးဆိုင်များကို စနစ်တကျစစ်ဆေးပြီး အန္တရာယ်ကင်းသည့် အစားအသောက်များရောင်းချရေးအတွက် ကြီးကြပ်ဆောင်ရွက်ရန် လိုအပ်ပေသည်။ ကျောင်းများတွင် အာဟာရဖွံ့ဖြိုးရေးနှင့် အစားအစာများ အန္တရာယ်ကင်းရေးအပြင် ကျောင်းတွင်းအာဟာရကို စနစ်တကျအကောင်အထည်ဖော်ခြင်းသည် ကျောင်းသားလူငယ်များတွင် အစားအသောက်အလေ့အကျင့်ကောင်းများရရှိစေရုံသာမက ကျန်းမာရေးအတွက်လည်း အာမခံချက်ရှိပြီး ကျန်းမာသောကိုခန္ဓာအတွက် များစွာအထောက်အကူဖြစ်စေနိုင်ပေသည်။

ကျောင်းနေအရွယ်ကလေးများသည် ငယ်ရွယ်နုနယ်သောအရွယ်ဖြစ်ပြီး ရောဂါများကပ်ငြိလွယ်သည်။ ကူးစက်တတ်သောရောဂါများ စုဝေးနိုင်သည့်အရွယ်လည်းဖြစ်သည်။ ထို့ကြောင့် ကျောင်းကျန်းမာရေးစစ်ဆေးပေးရန် လိုအပ်သည်။ အထူးသဖြင့် အသက်အငယ်ဆုံး မူလတန်း၊ KG တန်းကစ၍ အလယ်တန်း၊ အထက်တန်းကလေးများကိုပါ ကျန်းမာရေးစစ်ဆေးမှုများ ဆောင်ရွက်ပေးကြရမည်ဖြစ်သည်။

၂၀၂၆-၂၀၂၇ ပညာသင်နှစ် ကျောင်းကျန်းမာရေး သီတင်းပတ်လှုပ်ရှားမှုလုပ်ငန်းများဖြစ်သော ကျောင်းအခြေပြု ကျန်းမာရေးအသိပညာ မြှင့်တင်ရေးလုပ်ငန်း၊ ကျောင်းပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်း၊ ကျောင်းကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း၊ ကျောင်းအခြေပြုရောဂါကာကွယ်ရေးလုပ်ငန်း၊ ကာယပညာနှင့် အားကစားလုပ်ငန်း၊ ကျောင်းတွင်း အာဟာရဖွံ့ဖြိုးရေးနှင့်အစားအစာများ အန္တရာယ်ကင်းဝေးရေးလုပ်ငန်း၊ ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုနှင့် ကျောင်းမှပြည်သူအတွင်းသို့ မူမှန်လူနေမှုဘဝဟန်များ ရောက်ရှိရေးလုပ်ငန်း၊ နှစ်သိမ့်ပညာပေးဆွေးနွေးခြင်းနှင့် လူမှုရေးပံ့ပိုးမှုလုပ်ငန်း၊ သင်တန်းနှင့် သုတေသနလုပ်ငန်းများကို ၂၀၂၆ ခုနှစ် ဩဂုတ် ၁၀ ရက်မှ ဩဂုတ် ၁၄ ရက်ထိ သက်ဆိုင်ရာဝန်ကြီးဌာနများက ဆောင်ရွက်သွားမည်ဖြစ်ပေသည်။

ယနေ့ ကျောင်းသားလူငယ်များသည် နောင်အနာဂတ်ကာလတွင် နိုင်ငံတော်အတွက် အရေးပါသော အင်အားတစ်ရပ်ဖြစ်သည်။ ထို့ကြောင့် ကျောင်းနေအရွယ်ကလေးများကို နိုင်ငံ့သားကောင်းရတနာများ ဖြစ်လာစေရေး ကျန်းမာရေးလှုပ်ရှားမှုလုပ်ငန်းများဆောင်ရွက်ရာတွင် မိဘ၊ ဆရာ၊ ကျောင်းသား၊ ကျောင်းသူအားလုံးက ပူးပေါင်းဆောင်ရွက်ကြပါရန် တိုက်တွန်းရေးသားလိုက်ရပေသည်။

## မုံရွာမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၉၀၀၉ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**မုံရွာ ဩဂုတ် ၉**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် မုံရွာမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၉၀၀၉ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မုံရွာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မုံရွာမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်းဧက ၁၀၃၀၀ စိုက်ပျိုးရန်လျာထားပြီး မေလဒုတိယပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၉၀၀၉ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ မုံရွာမြို့နယ်မှာ ပဲတီစိမ်းဧက ၁၀၃၀၀ လျာထားစိုက်ပျိုးခဲ့ပါတယ်။ ဒီနေ့မှာ ၉၀၀၉ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့၊ စိုက်ဧကတိုးချဲ့စိုက်ပျိုးနိုင်ဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့၊ မျိုးကောင်းမျိုးသန့်တွေ သုံးစွဲဖို့ အသိပညာပေးနေပါတယ်" ဟု မုံရွာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးသက်အောင်က ပြောပြသည်။

မုံရွာမြို့နယ်တွင် ပဲတီစိမ်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာစနစ်တကျ သုံးစွဲရေး၊ အထွက်နှုန်း ကောင်းမွန်ရေးစသည့် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပဲတီစိမ်းကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ပဲတီစိမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဦးစိုးသက်အောင်က ပြောပြ၍ သိရသည်။ (၂၀၆)

## ညောင်တုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ကွမ်းသီးနုပိဿာချိန် အများအပြားတင်ပို့ရောင်းချနိုင်ခဲ့



**ညောင်တုန်း ဩဂုတ် ၉**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ကွမ်းသီးနုပိဿာချိန် အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ညောင်တုန်းမြို့နယ် ကွမ်းသီးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဇာဇာဝင်းက ပြောပြသည်။

ညောင်တုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်းက ကွမ်းသီးနုပိဿာချိန် ၄၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇူလိုင်လအတွင်း ကွမ်းသီးနုပိဿာချိန် ၄၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ညောင်တုန်းမြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို ဇူလိုင်လထဲမှာ ကွမ်းသီးနုပိဿာချိန် အများအပြား တင်ပို့ရောင်းချခဲ့ရပါတယ်။ ကွမ်းသီးနုတွေကို ရန်ကုန်ဈေးကွက်က ဝယ်ယူတာများလာလို့ တင်ပို့အား တက်ခဲ့တာဖြစ်ပါတယ်။ လက်ရှိ ကွမ်းသီးနုတစ်ပိဿာကို ငွေကျပ် ၁၃၅၀၀ ထိ ပေါက်ဈေးရှိပါတယ်။ ညောင်တုန်းမြို့နယ်က ထွက်ရှိတဲ့ ကွမ်းသီးနုတွေကို ရန်ကုန်ဈေးကွက်အပြင် အခြားဒေသတွေကိုပါ တင်ပို့ရောင်းချနေပါတယ်"ဟု ညောင်တုန်းမြို့နယ် ကွမ်းသီးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဇာဇာဝင်းက ပြောပြသည်။

**ကျော်ကျော်လင်း**

## ဝမ်းတွင်းမြို့နယ် အောင်သာကျေးရွာ၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်ပြီးစီးမှု စစ်ဆေး

**ဝမ်းတွင်း ဩဂုတ် ၉**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ခံတောကျေးရွာအုပ်စု အောင်သာကျေးရွာ၌ ရေရရှိရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ဩဂုတ် ၈ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦး၊ မြို့နယ်တာဝန်ခံအင်ဂျင်နီယာများနှင့် ကုမ္ပဏီမှတာဝန်ရှိသူများက အောင်သာကျေးရွာ၌ ရေရရှိရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးက ဆောင်ရွက်ပြီးလုပ်ငန်းများ ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

အောင်သာကျေးရွာ၌ အကျယ် လေးလက်မ၊ အနက်ပေ ၁၀၀ ရှိ စက်ရေတွင်းသုံးတွင်း တူးဖော်ခြင်း၊ ရေစက်ရုံတည်ဆောက်ခြင်း၊ ဂါလန် ၅၀၀၀ ဆံ့ ရေကန်တည်ဆောက်ခြင်း လုပ်ငန်းများကို တင်ဒါအောင်မြင်သည့် ထက်နိုင်မင်းကုမ္ပဏီက ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၃၀ ဒသမ ၂၂၅ သန်းဖြင့် ယခုနှစ် ဇွန်လ စတုတ္ထပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း၊ ထို့ကြောင့် အောင်သာကျေးရွာရှိ ကျေးလက်နေပြည်သူများ သောက်သုံးရေဖူလုံစွာ ရရှိပြီဖြစ်ကြောင်း ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးက ပြောပြ၍ သိရသည်။

**အောင်ရဲကျော်**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂။ E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

Yadanarbon newspaper

# ကျောက်ဆည်မြို့နယ်၌ အသက်နှစ်နှစ်အောက်ကလေးများနှင့် ကိုယ်ဝန်ဆောင်များ ကာကွယ်ဆေးထိုးနှံပေးခြင်းနှင့် ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေး

ကျောက်ဆည် ဩဂုတ် ၉

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် ကျောက်ဆည်မြို့နယ်၌ အသက်နှစ်နှစ်အောက် ကလေးများနှင့် ကိုယ်ဝန်ဆောင်မိခင်များကို ပုံမှန်ကာကွယ်ဆေးထိုးနှံပေးခြင်းနှင့်ကျန်းမာရေးစောင့်ရှောက်မှုများကို ဩဂုတ် ၈ ရက်က မင်းရပ်ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးတွင် မြို့နယ်ကျန်းမာရေးဝန်ထမ်းများက ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

ကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်းများကို ခရိုင်ပြည်သူ့ဆေးရုံကြီးနှင့် ရပ်ကွက်၊ ကျေးရွာများတွင် ဆေးထိုးစုရပ်များခွဲပြီး အပတ်စဉ်နေ့ရက်များ သတ်မှတ်၍ ပုံမှန်ကာကွယ်ဆေးထိုးခြင်း၊ ဆေးတိုက်ခြင်းများ ဆောင်ရွက်ပေးလျက်ရှိပြီး ကာကွယ်ဆေးများကို သတ်မှတ်ထားသော အကြိမ်နှင့် သတ်မှတ်ထားသော အသက်အရွယ်တွင် ဆေးထိုး၊ ဆေးတိုက် ပေးနိုင်မှသာလျှင် ကလေးငယ်များအတွက် အဆုတ်ရောင်ကာကွယ်ဆေး၊ ငါးမျိုးစပ်၊ ဆုံဆို့နာရောဂါ၊ ကြက်ညှာချောင်းဆိုးရောဂါ၊ မေးခိုင်ရောဂါ၊ အသည်းရောင်အသားဝါ (ဘီ) ရောဂါ၊ ဦးနှောက်အမြှေးရောင် ရောဂါ၊ ပြင်းထန်အဆုတ်ရောင် ရောဂါ၊ ပိုလီယိုအကြောသေရောဂါ၊ ပြင်းထန် ဝမ်းပျက်ဝမ်းလျှောရောဂါ၊ ဂျပန်ဦးနှောက်ရောင် ရောဂါ၊ ဝက်သက်ရောဂါနှင့် ဂျိုက်သိုး ရောဂါတို့မှ ကာကွယ်ပေးနိုင်မည် ဖြစ်ကြောင်း သိရသည်။

အလားတူ အသက်နှစ်နှစ်အောက်ကလေးများနှင့် ကိုယ်ဝန်ဆောင်မိခင်များကို ပုံမှန်ကာကွယ်ဆေးထိုးနှံပေးခြင်းနှင့် ကျန်းမာရေးစောင့်ရှောက်မှုများကို မြင်စိုင်းရပ်ကွက်တွင်လည်း ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဆရာမများက အဖွဲ့ခွဲ၍ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ရပ်မိရပ်ဖများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပူးပေါင်း၍ မြေပြင်ကွင်းဆင်းကာ ကာကွယ်ဆေးထိုးနှံခြင်း၊ တိုက်ကျွေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

စုစုအေး(ကျောက်ဆည်)

# ပြင်ဦးလွင်မြို့နယ် ကျွဲနွားထောက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း မိတ်ဆက်၍ကော်မတီဖွဲ့စည်း

ပြင်ဦးလွင် ဩဂုတ် ၉

ပြင်ဦးလွင်ခရိုင် ပြင်ဦးလွင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျွဲနွားထောက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း မိတ်ဆက်ခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ဩဂုတ် ၈ ရက်က အဆိုပါကျေးရွာဘက်စုံသုံးခန်းမ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ပြင်ဦးလွင်ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဆက်နိုင်ထွန်းက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်လမ်းများရရှိပြီး မိသားစုဝင်ငွေတိုးပွားရေးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်နိုင်ရန်နှင့် တိုးပွားလာသော ရန်ပုံငွေများဖြင့် ကျေးရွာတွင်းဖွံ့ဖြိုးရေးလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေကို ထုတ်ချေးပေးခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အိုင်းရင်းချစ်က စီမံကိန်း ကော်မတီဖွဲ့စည်းရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ဆွေးနွေးပြောကြားပြီး ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို အမှန်တကယ် ဆောင်ရွက်နိုင်မည့် စီမံကိန်းကော်မတီဝင် ခုနစ်ဦးကို ကျေးရွာသူ၊ ကျေးရွာသားများ၏ အများသဘောဆန္ဒနှင့် အညီ ရွေးချယ် ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။

ချိုသန်းညွန့်

# မြောင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံစုံ ၁၁၀၃၈ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်



မြောင် ဩဂုတ် ၉

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြောင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံစုံ ၁၁၀၃၈ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မြောင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြောင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံစုံ ၁၅၈၈၆ ကေ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် ဇွန်လမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် မြေပဲ ၁၀၄၉၉ ကေ၊ နှမ်း ၉၅ ကေနှင့် နေကြာ ၄၄၄ ကေ စုစုပေါင်း ၁၁၀၃၈ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ မြောင်မြို့နယ်မှာ ဆီထွက်သီးနှံစုံ ၁၅၈၈၆ ကေ စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ၁၁၀၃၈ ကေ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားကေပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ အတွက် ဆောင်ရွက်ပေးနေပါတယ်။ ဆီထွက်သီးနှံစိုက်ပျိုးမှု အနေနဲ့ကတော့ အောင်မြင်တဲ့အနေအထားမှာရှိပါတယ်။ ဒီဒေသတွေမှာ ဆီထွက်သီးနှံတွေ တိုးချဲ့စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်သွားနေပါတယ်"ဟုမြောင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမြင့်သူက ပြောပြသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြောင်မြို့နယ်တွင် ဆီထွက်သီးနှံစုံ စိုက်ပျိုးရန်အတွက် သီးနှံအလိုက် လျာထားမှုအနေဖြင့် မြေပဲ ၁၅၂၆၅ ကေ၊ နှမ်း ၉၁ ကေနှင့် နေကြာ ကေ ၅၃၀ စုစုပေါင်း ၁၅၈၈၆ ကေ တို့ဖြစ်ကြောင်း သိရသည်။

ဆီထွက်သီးနှံစုံကို အထွက်နှုန်း တိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ဆီထွက်သီးနှံစုံကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းဆောင်ရွက်သင့်ကြောင်း မြောင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမြင့်သူက ပြောပြ၍ သိရသည်။

(၂၀၆)

# စဥ့်ကိုင်မြို့နယ် အိုးထိန်းတောင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း စစ်ဆေး

စဥ့်ကိုင် ဩဂုတ် ၉

ကျောက်ဆည်ခရိုင် စဥ့်ကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် ဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်နေမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် စဥ့်ကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်နှင်းအိဖြိုးနှင့် မြို့နယ်စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့် တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၅၃၃ သိန်းဖြင့် ဆောင်ရွက်ထားရှိသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ အိုးထိန်းတောင်ကျေးရွာ၌ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၆၇ ဦးကို ရန်ပုံငွေကျပ် ၅၃၃ သိန်း ထုတ်ချေးပေးထားကြောင်း စဥ့်ကိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

အောင်ရဲကျော်

# ကျုံပျော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ဖွဲနု ၂၄ ပြည်ဝင်အိတ်ရေ ၆၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

ကျုံပျော် ဩဂုတ် ၉

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ဖွဲနု ၂၄ ပြည်ဝင်အိတ်ရေ ၆၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ကျုံပျော်မြို့နယ်မှ ဆန်၊ စပါး၊ ဖွဲနုရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မြင့်မော်က ပြောပြသည်။

ကျုံပျော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဇွန်လအတွင်းက ဖွဲနု ၂၄ ပြည်ဝင်အိတ်ရေ ၄၅၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇူလိုင်လအတွင်း ဖွဲနု ၂၄ ပြည်ဝင်အိတ်ရေ ၆၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ဖွဲနုများသည် ပြည်တွင်း၌ ငါးစာ၊ ကြက်စာ၊ ဝက်စာ၊ ဘဲစာ စသည့်မွေးမြူရေးလုပ်ငန်းသုံးအစာအဖြစ် အသုံးပြုခြင်းဖြစ်ကြောင်း သိရသည်။

"ပြီးခဲ့တဲ့ တစ်လအတွင်း ၂၄ ပြည်ပါတဲ့ ဖွဲနုအိတ်ရေ ၆၀၀၀၀ ထိ ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချခဲ့ရပါတယ်။ ဖွဲနုက စပါးကြိတ်ခွဲရင်ထွက်လာတဲ့ ကုန်ကြမ်းတစ်ခုပါ။ ပြည်တွင်းမှာ တိရစ္ဆာန်အစာအဖြစ် အသုံးပြုတာများပါတယ်။ ပြည်ပဈေးကွက်လဲရှိတယ်။ လက်ရှိစပါးသစ်မပေါ်သေးတော့ ဖွဲနုလဲ အထွက်နည်းနေပါတယ်။ ဒီဩဂုတ်လထဲမှာလဲ ဖွဲနုအိတ်တွေရန်ကုန်ဘက်ကနေ ဝယ်ယူအားများနေပါတယ်။ မွေးမြူရေးလုပ်ငန်းတွေ လည်ပတ်လုပ်ကိုင်နေတာကြောင့် ရန်ကုန်ဈေးကွက်ကနေ အခုလို ဖွဲနုအိတ်တွေ အရောင်းအဝယ်ကောင်းလာတာပါ။ ဝယ်ယူအားကောင်းလာတော့ တောင်သူတွေ၊ ကုန်တင်ကုန်ချလုပ်သားတွေ အဆင်ပြေလာပါတယ်" ဟု ကျုံပျော်မြို့နယ်မှ ဆန်၊ စပါး၊ ဖွဲနုရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မြင့်မော်က ပြောပြသည်။

ကျုံပျော်မြို့နယ်မှ ထွက်ရှိသည့် ဖွဲနုများကို ဒေသမွေးမြူရေးလုပ်ငန်းရှင်များက အများဆုံးဝယ်ယူလျက်ရှိသည့်အပြင် ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ အဆိုပါ ဖွဲနုအိတ် ၁၀ အိတ်လျှင် ငွေကျပ် ၃၀၅၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

ကျော်ကျော်လင်း



# ဘဝတက္ကသိုလ်မှာ

**ချစ်နိုင်(စိတ်ပညာ)**

**"Wisdom is knowledge what to do and skill is knowing how to do."**

**HERBERT CASSON (1877–1945)**

**"ဘာကိုလုပ်ရမလဲ ခွဲခြားရွေးချယ်နိုင်တာ အသိဉာဏ်ပညာ။ ထို့ပြင် ဘယ်လိုလုပ်ရကိုင်ရမလဲ သိမြင်တတ်ကျွမ်းတာက အတတ်ပညာဖြစ်ပါတယ်"**

တကယ်တော့ လောကသည်ပင် လူတိုင်းအတွက် အဆက်မပြတ်လေ့လာသင်ယူစရာ ဘဝတက္ကသိုလ်ကြီးပါ။ လောကကြီးဟာ စာရေးသူတို့အားလုံးအတွက် ဆရာပါပဲ။ ကိုယ့်ပတ်ဝန်းကျင်မှာ ရှိရှိသမျှ မြင်ရ၊ ကြားရ ထိတွေ့ရ၊ မှတ်သားသမျှဟာ သင်ယူစရာတွေချည်းပါပဲ။

စာရေးသူတို့ ဗိုလ်လောင်းသင်တန်းတက်ခဲ့ရတဲ့ လွန်ခဲ့သော နှစ်ပေါင်း ၅၀ ကျော်က လက်တွေ့ လေ့ကျင့်ခန်းတွေရှိသလို စာတွေ့ရေးရ၊ မှတ်ရ၊ ဖတ်ရ ကျက်ရတာတွေလည်း ရှိခဲ့တာပေါ့။ အချိန်တိုတို ကိုးလအတွင်း တက္ကသိုလ်က ဘွဲ့အသီးသီး ရခဲ့ပြီးသား ပူပူနွေးနွေး တက္ကသိုလ်ကျောင်းဆင်းတွေကို စာကျက်ခိုင်းတော့ စိတ်ထဲမကျေမနပ်ဖြစ်သူတွေလဲ တွေ့ရပါတယ်။ စာမကျက်ချင်လို့ မဟာတန်းဆက်မတက်ဘဲ စစ်ထဲဝင်ပါတယ်ဆိုမှ စာကျက်နေရပြန်ပါပြီကွာ။ ခက်တော့တာပဲတဲ့။ နောက်သလိုလို ပြောင်သလိုလို ပြောတာဖြစ်ပေမယ့် စီးပွားရေးတက္ကသိုလ်၊ စိုက်ပျိုးရေးတက္ကသိုလ်၊ စက်မှုတက္ကသိုလ်၊ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်က ဘွဲ့ရခဲ့သူတွေကတော့ ဒီလို စစ်ပညာနဲ့ စစ်မြေပြင်ဘာသာရပ်တွေ သင်ရဦးမယ်လို့ တစ်ခါမှ စိတ်မကူးခဲ့ဖူးလေတော့ ညည်းညူမိသူလည်း ရှိပေတာပေါ့။

မသုံးရသေးတဲ့ပညာသာ ရှိမယ်။ အသုံးမကျတဲ့ ဘာသာရပ်တော့ မရှိပါဘူးလေ။ များများသိလေလေ အကျိုးရှိလေလေပါ။ ပညာဆိုတာ ရှာဖွေဆည်းပူးလို့ပဲ မကုန်နိုင်ပါဘူး။ မသေမချင်း သင်ယူနေရဦးမှာလို့သာ နားလည်ခံယူသင့်တယ်လေ။ ခေါမပညာရှိ ဆိုကရေးတီး(ဆော့ခရတ္တိလို့လဲ အချို့က အသံထွက်ကြပါတယ်)။ (ဘီစီ-၄၆၉-၃၉၉)ဟာ အဲဒီအချိန်က အကျဉ်းထောင်တစ်ခုအတွင်းမှာ သေဒဏ်ကျခံဖို့ ဆုံးဖြတ်ချက်ချခံရပြီး အကျဉ်းကျနေပါတယ်။ အစောင့် ရဲမက်တစ်ယောက်က ခေတ်ဟောင်းဂန္ထဝင် ကဗျာကြီးတစ်ပုဒ်ကို ရွတ်ဆိုနေပါသတဲ့။ အသက် ၇၀ လောက်ရှိတဲ့ ပညာရှိ ဆော့ခရတ္တိက အဲဒီရဲမက် လူငယ်ကို သူ့နေရာဆီ လှမ်းခေါ်သတဲ့။ သူက အဲဒီ ကဗျာထဲက စာသားအချို့အကြောင်း မေးချင်လို့။ ကဗျာကိစ္စ ပြောဆိုမေးဖြေလုပ်ကြတာပေါ့။

အစောင့်ရဲမက်က မအောင့်နိုင်လို့မေးတယ်။ "ဆရာကြီး မနက်ဖြန်ဆိုရင် အဆိပ်ခွက်ကိုသောက်ပြီး သေရတော့မယ့်ဟာဗျာ ဒီကဗျာကိစ္စသိရလို့ကော ဘာထူးမှာလဲ"ဆိုတော့ ဆော့ခရတ္တိက "အခုည ဒီကဗျာအကြောင်း ငါအရင်က မသိခဲ့ရတာကို မသေခင်သိလိုက်ရတာ ဘယ်လောက်ကျေနပ်ကြည်နူးစရာ ကောင်းသလဲ၊ မောင်ရင် စဉ်းစားကြည့်လေကွာ"တဲ့။

အသိပညာ အတတ်ပညာဆိုတာ မသေမချင်း ထက်ထက်သန်သန် လေ့လာဆည်းပူးနေရမယ့် အရာမျိုးပါကလား။ ယနေ့တိုင်အောင် ပြိုင်စံမပေါ်တဲ့ နိုင်ငံကျော်ဆိုင်းဆရာကြီး ရွှေစားစိန်ဖေဒါဆိုရင် နေ့စဉ် အဆို အတီး လေ့လာတယ်။ လေ့ကျင့်တယ်။ တော်တဲ့ကျော်တဲ့ ပုဂ္ဂိုလ်တွေကို သူ့အိမ်ဆီဖိတ်ခေါ်ပြီး မေးမြန်းမှတ်သားလေ့ရှိပါသတဲ့။ မနေ့ကစိန်ဖေဒါထက် ကနေ့စိန်ဖေဒါက ပိုကောင်းအောင် ပြိုင်ရမှာပဲလို့ သဘောထားတယ်ဆိုပဲ။ တော်ပေမှာပေါ့။

စာရေးသူ ငယ်စဉ်ဘဝက အလယ်တန်းကျောင်း ရှစ်နှစ် (သူငယ်တန်း တစ်နှစ်နေရသေးတာကိုး)၊ အထက်တန်းကျောင်း လေးနှစ် (၁၀ တန်းမှာ တစ်နှစ်ကျခဲ့သေးလို့)။ မန္တလေးတက္ကသိုလ် (၁၉၇၀) ဘွဲ့ရတဲ့ထိ လေးနှစ်၊ စုစုပေါင်း ၁၆ နှစ် ကျောင်းသား လုပ်ခဲ့ရတာ ပြီးပြီမှတ်တာ မဟုတ်ဘူးဗျ။ စစ်မှုထမ်းဘဝ နောက်ထပ်သင်တန်းတွေ ၁၄ ခုလောက် ထပ်တက်ဖြစ်ခဲ့ပါသေးရဲ့။ အထက်တန်းရှေ့နေဥပဒေ သင်တန်း၊ အဘိဓမ္မာသင်တန်းတွေနဲ့ နိုင်ငံခြားပညာ

❖ မသုံးရသေးတဲ့ပညာသာ ရှိမယ်။ အသုံးမကျတဲ့ ဘာသာရပ်တော့ မရှိပါဘူးလေ။ များများသိလေလေ အကျိုးရှိလေလေပါ။ ပညာဆိုတာ ရှာဖွေဆည်းပူးလို့ပဲ မကုန်နိုင်ပါဘူး။ မသေမချင်း သင်ယူနေရဦးမှာလို့သာ နားလည်ခံယူသင့်တယ်လေ။ ခေါမပညာရှိ ဆိုကရေးတီး(ဆော့ခရတ္တိလို့လဲ အချို့က အသံထွက်ကြပါတယ်)။ (ဘီစီ-၄၆၉-၃၉၉)ဟာ အဲဒီအချိန်က အကျဉ်းထောင်တစ်ခုအတွင်းမှာ သေဒဏ်ကျခံဖို့ ဆုံးဖြတ်ချက်ချခံရပြီး အကျဉ်းကျနေပါတယ်။ အစောင့်ရဲမက်တစ်ယောက်က ခေတ်ဟောင်းဂန္ထဝင် ကဗျာကြီးတစ်ပုဒ်ကို ရွတ်ဆိုနေပါသတဲ့။ အသက် ၇၀ လောက်ရှိတဲ့ ပညာရှိ ဆော့ခရတ္တိက အဲဒီရဲမက်လူငယ်ကို သူ့နေရာဆီ လှမ်းခေါ်သတဲ့။ သူက အဲဒီကဗျာထဲက စာသားအချို့အကြောင်း မေးချင်လို့။ ❖

တော်သင်သွားခဲ့တာ အပါအဝင်ပေါ့။ မန္တလေးတက္ကသိုလ်၊ ရန်ကုန်တက္ကသိုလ်၊ ဗထူးစစ်ဦးစီးတက္ကသိုလ်၊ မလေးရှားကွာလာလမ်ပူ ဦးစီးတက္ကသိုလ်နဲ့ နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ် (အထူးသင်တန်း)(ထိုစဉ်က မင်္ဂလာဒုံ) အပါအဝင် တက္ကသိုလ် ငါးခုထိ တက်ခွင့်ရခဲ့တဲ့ စာသင်သား။

ငယ်စဉ်ကတည်းက ကိုယ့်ဘဝဖြစ်ချင်တာ သုံးခုရှိတယ်။ အဖေ့လိုပဲ ကျောင်းဆရာဖြစ်ချင်တယ်။ နိုင်ငံတော်ကိုကာကွယ်ဖို့ စစ်သားလုပ်ချင်တယ်။ ဝါသနာအရ စာရေးဆရာ စာရေးသူဖြစ်ချင်တယ်။ စာရေးသူက ကံကောင်းခဲ့ပါရဲ့။ စစ်ဦးစီးတက္ကသိုလ်မှာ စာသင်ပေးရတဲ့ လေ့ကျင့်ရေးပိုင်း တာဝန်ယူခဲ့ရတယ်။ သတင်းစာဆရာသင်တန်း၊ မြန်မာနိုင်ငံ စာရေးဆရာအသင်းကဖွင့်တဲ့ အခြေခံစာရေးနည်းသင်တန်း၊ ရန်ကုန်တက္ကသိုလ် မြန်မာစာဌာနကဖွင့်တဲ့ စာပေရေးသားနည်းနှင့်တည်းဖြတ်ထုတ်ဝေနည်း ဒီပလိုမာ တစ်နှစ်သင်တန်း(အမှတ်စဉ် ၁ မှ ၆ ထိ) စသဖြင့် သင်ကြားရေးတာဝန်များလည်း ပါဝင်ထမ်းဆောင်ခဲ့ရပါတယ်။

ကဗျာလင်္ကာနဲ့ ဝတ္ထု၊ ပြဇာတ်တို့လို ရသဖန်တီးမှု ထိထိရောက်ရောက် နာမည်ပေါက်အောင် မရေးတတ်သေးပေမယ့် စာဖတ်သူကိုရယ်အောင် ငိုအောင် ခံစားချက်ရစေအောင် ရသအနုပညာနဲ့ ရေးနိုင်ခဲ့တာမို့ စာအုပ်ပေါင်း ၁၃၀ ကျော်တော့ ရေးခဲ့ပြီးပါပြီ။ တကယ်တော့ ဖိနပ်ချုပ်နည်း၊ အဝတ်ချုပ်နည်း လောက်သာ ရေးတတ်တဲ့ စာရေးသူပါ။

ကဗျာဆရာ၊ ဝတ္ထုရေးဆရာဖြစ်မှ စာရေးဆရာ ခေါ်နိုင်တာလို့ တစ်ခါက ဆရာမောင်သာရ (ဦးသိန်းလွင်)ပြောခဲ့ဖူးတာမို့ စာရေးဆရာဖြစ်လာအောင်တော့ မသေမချင်းကြိုးစားအားထုတ်မယ်လို့ ရည်ရွယ်ပါတယ်။ စာရေးဆရာဖြစ်ချင်သူပါ။

စာရေးသူက မန္တလေးတက္ကသိုလ်မှာ ၁၉၆၆-၁၉၇၀ ပညာသင်ယူဆည်းပူးခွင့်ရသူပါ။ မိမိရှေ့ ၁၉၆၀-၁၉၆၅ ကာလအတွင်း မန္တလေးတက္ကသိုလ် ဆင်းသွားခဲ့တဲ့ နာမည်ကျော် ကလောင်ရှင်တွေက အားကျလောက်စရာ အောင်မြင်ထင်ရှားခဲ့သူတွေပါ။ စာဖတ်သူများလည်း သိကြပြီးသားပါ။

တင်မိုး(ဦးဘဂျမ်း)၊ ကြည်အောင်(ဦးကြည်လင်) မောင်စွမ်းရည်(ဦးဝင်းဖေ)၊ မောင်သိန်းနိုင် (ဂုဏ်ထူး ဦးသိန်းနိုင်)၊ မောင်မိုးသူ(ဦးစိန်မြင့်)၊ ဝင်းကြွယ် (ဦးခင်မောင်ဝင်း)၊ မောင်သိင်္ဂါ၊ မောင်သာနိုး (ဦးကျောက်ဆောက်သာနိုး)၊ မောင်ပေါက်စည်၊ လယ်တွင်းသားစောချစ် (ဦးတင်လှိုင်)၊ မုံရွာဝင်းဖေ (ဦးဝင်းဖေ)အစရှိတဲ့ ဆရာကြီးများ၊ ရှေ့ကထူးချွန်တဲ့ စာရေးဆရာ နောင်တော်ကြီးများကလည်း လေ့လာကြိုးစားချင်စရာ အားတက်စေပါရဲ့။ မြင်ဆရာ ကြားဆရာနေနဲ့ ကြီးမားစွာ အထောက်အကူပေးခဲ့ကြတဲ့ ကျေးဇူးရှင်များလည်း ဖြစ်ကြပါတယ်။

စာတစ်ပုဒ်ရေးတယ်ဆိုတာက လွယ်ပါတယ်လို့ ဆိုချင်ဆိုပါ။ ဒါပေမယ့် လုံးချင်းအနေနဲ့ဖြစ်စေ၊ သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်း စာစောင်တို့မှာ ဖော်ပြထားရင် စာဖတ်သူတွေက ကျော်လှန်သွားပြီး ချန်မထားဘဲ ဖတ်ဖြစ်အောင် ဆွဲဆောင်နိုင်စွမ်း ဂုဏ်သတ္တိရှိပါမှသာ စာရေးသူရဲ့ ရည်ရွယ်ရင်း အာသီသ ပေါက်ရောက်ပါတယ်။ အတိုဆုံး အရှင်းဆုံး ပြောရရင်တော့ စာဖတ်သူ ဖတ်ချင်အောင် ရေးတတ်ပါမှသာ စာမေးပွဲအောင်ပါတယ်။

ပထမဆုံးစာကြောင်းကစပြီး စာတစ်ပုဒ် စာတစ်အုပ် ပြီးဆုံးတဲ့အထိ ဖတ်ဖြစ်အောင် ရေးသူနဲ့ဖတ်သူ ရင်ဘတ်ချင်းခံစားမှုနဲ့ ထိတွေ့စီးဝင်စေနိုင်မှ ရေးရကျိုးနပ်ပါတယ်။ ပြောသာပြောနေကျတာ နားထဲမရောက်တာတွေ အများကြီး။ ကြည့်သာကြည့်နေရတာ အာရုံမဝင်စားတာတွေ ရှိနေတတ်တယ်။ ဖတ်သာ ဖတ်ရတယ် အရသာမတွေ့ပါဘူးဆိုရင် အလကားပဲလေ။

ဝတ္ထုတို၊ ဝတ္ထုရှည်၊ ပြဇာတ်၊ စကားပြေဖန်တီးမှုပဲ ဖြစ်ဖြစ်၊ ကဗျာလင်္ကာရေးဖွဲ့သီကုံးတာပဲဖြစ်ဖြစ် အတ္ထာလင်္ကာရ၊ သဒ္ဒါလင်္ကာရ၊ စာဖတ်သူကို ညို့ငင်နိုင်တဲ့ အနုပညာတော့ ပါရပေမယ်။

စာသင်ကျောင်းတွေမှာ အလယ်တန်း၊ အထက်တန်းတွေက အတန်းတိုင်းရဲ့ မြန်မာစာ စကားပြေသင်ခန်းစာမှာ စာစီစာကုံးသင်ခန်းစာကိုပဲ နမူနာအနေနဲ့ အလွယ်ကူဆုံးသာဓက ဖော်ပြပါရစေ။ အခြေခံကျတဲ့ စကားပြေသဘောတရား စကားပြေ အတတ်ပညာမဟုတ်ပါလား။

စာစီစာကုံးမှာ တာဝန်မတူကြတဲ့ အပိုင်းသုံးပိုင်း ပါဝင်ကြတယ်။ နိဒါန်း၊ စာကိုယ်နဲ့ နိဂုံးပေါ့။ စာပိုဒ်တွေ အတိုအရှည်၊ စာပိုဒ်ဝါကျအရေအတွက် သတ်မှတ်မထားပါ။ နိဒါန်းက စာရေးသူဖော်ပြချင်တဲ့ အကြောင်းအရာကို ဖတ်သူစိတ်ဝင်စားအောင် မိတ်ဆက်ရတဲ့တာဝန်၊ သရုပ်ဖော်၊ ကျိုးကြောင်းပြ စသဖြင့် ဘယ်နည်းဘယ်ပုံရေးမှာပဲဖြစ်စေ၊ ညို့ငင်ဖမ်းစားနိုင်အောင် အားထုတ်ရပါမယ်။ စာဖတ်သူ အကျွမ်းဝင်တဲ့အရာနဲ့စရမှာပဲ။ စာဖတ်သူက ရေးသူရဲ့ ဆိုလိုရင်းနဲ့ အကြောင်းအရာကို ရင်းနှီးနှစ်သက်အောင် ရှင်းပြနိုင်ရပါမယ်။ စာပိုဒ်တစ်ပိုဒ် နှစ်ပိုဒ်နဲ့ ဘာတွေပါမယ်၊ ဘာကိုရည်ရွယ်တယ်၊ ဖွင့်ပြရမယ်။

စာကိုယ်ကတော့ ရှင်းရှင်းလင်းလင်းနဲ့ အစီအစဉ်တကျ မှန်ကန်ရမယ်။ တိကျရမယ်၊ ပြေပြစ်ရမယ်။ ကျစ်လျစ်ရမယ်။ နှစ်သက်စဖွယ်ဖြစ်စေရမယ်။ ခေါင်းတညိတ်ညိတ်နဲ့ လက်ခံသဘောတူအောင် ရေးရပေမယ်။ အခြေအနေ အချိန်အခါနဲ့ လိုက်ဖက်ရပါမယ်။ (မှန်၊ ရှင်း၊ တိ၊ ကျစ်၊ ပြေပြစ်၊ လိုက်ဖက်၊ နှစ်သက်စဖွယ် ရေးရမယ်လို့ ကျက်ထားရင် အသုံးဝင်တာပေါ့)။ ဖွင့်ဆိုချက်တွေ၊ ရှင်းလင်းချက်တွေက မပိုမလို အနေတော်ဖြစ်သင့်တယ်။ မြန်မာစာဘာသာ စာမေးပွဲဖြေချိန် ၃ နာရီမှာ ၂ နာရီ ၅၅ မိနစ်အတွင်း ပြီးသင့်ပါတယ်။ ကျန်တဲ့ ငါးမိနစ်က ပြန်လည်စိစစ်တည်းဖြတ်၊ ပြန်ဖတ် အချောသပ်ပြုပြင်ဖို့ပါ။ စာစီစာကုံးကို ပြန်မစစ်ဘဲတော့ ဖြေလွှာမအပ်သင့်။ စစ်မှ အမှားနဲ့ အားနည်းချက် တွေ့နိုင်၊ ပြင်နိုင်မယ်။

စာစီစာကုံး၊ အစမ်းစာ၊ ကိုယ်ကြိုက်ရာရွေးပြီး ရေးတဲ့စာကို စာဖတ်သူ(စာစစ်သူ ဆရာ၊ ဆရာမ) အမှတ်ပေးချင်အောင် ဖန်တီးနိုင်တဲ့အရာကတော့ နိဂုံးအပိုင်းပါပဲ။ အစ၊ အလယ်၊ အဆုံး သုံးပိုင်းစလုံးတော့ ကောင်းမွန်ဖို့လိုတာပေါ့။ နိဂုံးပိုင်းမှာ ရှေ့က အကြောင်းအရာများ၊ ဖွင့်ဆိုချက်များ၊ အချက်အလက်များ၊ ဥပမာ၊ ဥပမေယျများနဲ့ စာဖတ်သူက စာရေးသူရဲ့စိတ်ကို စိတ်ချင်းမြင်သိသွားပြီ။ စိတ်ကူးချင်း၊ အတွေးချင်း၊ အပေးအယူတူမျှတဲ့ သံစဉ်တစ်ခု အနုပညာဂီတလို (Key ကိုက်သွားပြီ) အံဝင်ခွင်ကျဖြစ်အောင် နိဂုံးပိုင်းက အကောင်းဆုံးရေးပြနိုင်ရမယ်ပေါ့။

စာရေးတယ်ဆိုတာ ပါးစပ်ကပြောတဲ့စကားအစား ကိုယ့်ခေါင်းထဲက အတွေးတွေကို လက်နဲ့ စာရွက်ပေါ်ရောက်သွားအောင် ရေးချဖွင့်ပြလိုက်တာပါပဲ။ စာထဲမှာ စိတ်ချင်းဆုံတွေ့အောင် ရေးတတ်ရပေမယ်။ ဒါဆိုရင် ကိုယ့်စိတ်ကူးနဲ့ချည်း ကိုယ်ထင်ရာ ကိုယ်တွေးပြီးရေးတာထက် စာဖတ်သူဘက်က ရပ်တည်စဉ်းစားတာမျိုး မရှိသင့်ပေဘူးလား။ စာစစ်သူ၊ စာဖတ်သူ၊ လူအကြောင်းကို မိမိကစိတ်ဝင်စားခဲ့မယ်၊ နားလည်ခဲ့မယ်ဆိုရင်

စာမျက်နှာ ၅ သို့

# လမ်းလျှောက်ခြင်းဖြင့် ကြွက်သားများ သန်မာစေနိုင်သည်



မိမိတို့ရဲ့ ခန္ဓာကိုယ်မှာ ကြွက်သားတွေကလည်း ပိုမို အဆီပိုတွေ မရှိတော့ဘူးဆိုရင် ပေါ်လွင်လာပြီး သန်မာလာမှာ ဖြစ်ပါတယ်။

ဒီလို ဖြစ်ချင်တယ်ဆိုရင်တော့ တစ်ရက်ကို ခြေလှမ်းရေ ၁၀၀၀၀ လောက် လမ်းလျှောက်ပေးရုံနဲ့တင် ရရှိနိုင်ပါတယ်။

ဒီထက်ပိုပြီး ပြင်းထန်တဲ့ လေ့ကျင့်ခန်းမျိုးလိုချင်တယ်ဆိုရင်တော့ တောင်တက်လမ်းလျှောက်ခြင်းကိုလည်း ကြိုးစားကြည့်သင့်ပါတယ်။

ဒ့ါအပြင် စက္ကန့် ၃၀မှ ၁ မိနစ်၊ ၂ မိနစ်အထိ ခပ်မြန်မြန်လမ်းလျှောက်ပြီး ပုံမှန်လမ်းပြန်လျှောက်ခြင်း၊ အဲဒီနောက် ခပ်မြန်မြန်ပြန်ပြီး လမ်းလျှောက်ခြင်းလိုမျိုး လေ့ကျင့်ခန်းတွေကလည်း ထိရောက်မှုရှိလှပါတယ်။

လမ်းလျှောက်ခြင်းဟာ သင့်ခန္ဓာကိုယ် တစ်လျှောက်မှာရှိတဲ့ ကြွက်သားတွေရဲ့ တင်းအားကို တိုးမြင့်စေတာသာဖြစ်ပါတယ်။

လမ်းလျှောက်ခြင်းဟာ ပြင်းထန်တဲ့ လေ့ကျင့်ခန်းမဟုတ်တဲ့အတွက် ကြွက်သားတွေနာကျင်ခြင်းမရှိစေပါဘူး။ ဒါကြောင့် အနာတရဖြစ်တာမျိုး၊ နောက်တစ်ခေါက် လမ်းလျှောက်ဖို့အတွက် ကြွက်သားတွေနာလို့ မလျှောက်နိုင်တာမျိုးလည်း မဖြစ်စေပါဘူး။

# တမူးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၇၀၃၃ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



ယခုနှစ် တမူးမြို့နယ်တွင် စိုက်ပျိုးထားသော မိုးစပါးစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းပြီး အထွက်နှုန်း ကောင်းမွန်စေရန် မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများက မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးခြင်း၊ ပိုးမွှားကျရောက်မှု ကင်းထောက်ခြင်း၊ တမန်းနှိုးပေါင်းထိုးခြင်း၊ မျိုးကွဲ နုတ်ပယ်ခြင်း၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲခြင်းစသည့် စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးခြင်းများ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

စပါးကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် စပါးကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း တမူးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမျိုးသိန်းက ပြောပြသည်။ (၂၀၆)

**တမူး ဩဂုတ် ၉**

စစ်ကိုင်းတိုင်းဒေသကြီး တမူးခရိုင် တမူးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံ စိုက်ပျိုးရာသီ၌ စပါး ၇၀၃၃ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း တမူးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ တမူးမြို့နယ်တွင် မိုးစပါးဧက ၁၅၅၈၀ စိုက်ပျိုးရန်လျာထားပြီး အဆိုပါ မိုးစပါးစိုက်ပျိုးမှုကို ယခုနှစ် ဇူလိုင်လမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၇၀၃၃ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ တမူးမြို့နယ်မှာ စပါးဧက ၁၅၀၀၀ ကျော်စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ ဧက ၇၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်။ မိုးစပါးစိုက်ပျိုးရာမှာ လိုအပ်တဲ့နည်းပညာတွေ၊ မျိုးတွေ ဆောင်ရွက်ပေးပါမယ်။ တောင်သူတွေအနေနဲ့ မိုးစပါးတွေ အချိန်မီစိုက်ပျိုးနိုင်ဖို့ ကွင်းဆင်းဆောင်ရွက် ပေးနေပါတယ်"ဟု တမူးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမျိုးသိန်းက ပြောပြသည်။

á **စာမျက်နှာ ၄ မှအဆက်**

စိတ်စိတ်ချင်းဆက်သွယ်ရတာ ပိုမိုလွယ်ကူ အဆင်ပြေမှာသေချာတယ်။

စာရေးရာမှာ စာဖတ်သူကို လေးစားဖို့၊ သူ့နေရာကို တန်ဖိုးထားစိတ်ဝင်စားဖို့လိုပါတယ်။ လူ့သဘော လူ့သဘာဝကို နှစ်နှစ်ကာကာလေ့လာသိတတ်သူတွေက စာဖတ်ပရိသတ် နှစ်သက်လက်ခံတဲ့ စာရေးသူတွေ ရောင်းအားကောင်းတဲ့ စာရေးဆရာတွေ၊ စာဖတ်ပရိသတ်က ယုံကြည်လေးစားသော စာရေးသူတွေ ဖြစ်နေကြတာပေ့ါ။ ဒါဟာ ဘာမှမဆန်းပါဘူး၊ တစ်ဦးမေတ္တာ တစ်ဦးမှာဆိုတဲ့ သဘောပါပဲလေ။

စာရေးသူရဲ့စိတ်ထဲမှာ မနာလိုမှု၊ ဝန်တိုမှု၊ မကျေနပ်မှု၊ ဒေါသဖြစ်မှု၊ အမုန်းတရားစတဲ့ ခါးသည်းခြင်း၊ ပူလောင်ခြင်း၊ ချဉ်စူးခြင်း၊ ပုပ်စော်နံခြင်း အစရှိတဲ့ အရသာတွေရှိနေခဲ့ရင် ရေးတဲ့စာတွေထဲမှာ ပါသွားရော။ ဒါကြောင့် စာကောင်းရေးချင်ရင် အရင် စိတ်ကောင်းမွေးရတယ်လို့ ဆရာကြီးဇော်ဂျီ (ဦးသိန်းဟန်)က ရေးခဲ့ပြောခဲ့တာပဲလေ။ စိတ်ဖြူနှုတ်ဖြူ အလုပ်ဖြူစင် သန့်ရှင်းနေဖို့အချက်က အရေးကြီးလှပါပေတယ်။

စာရေးသူရဲ့ နှစ်ပေါင်းများစွာ စာရေးလာခဲ့တဲ့ အတွေ့အကြုံအရ ငွေကြေးရလိုတဲ့ လောဘနဲ့ စာမရေးပါဘူး။ စာပေရေးသားခြင်းကို နှစ်သက်မြတ်နိုးလို့ ရေးတာပဲ။ စာဖတ်သူများ ကိုယ့်စာကိုဖတ်ပြီး တစ်စုံတစ်ရာ ကောင်းကျိုးရပါစေဆိုတဲ့ ဖြူစင်တဲ့စေတနာညွှတ်ပြီး ရေးတာပဲ။ နာမည်ကျော်ကြားချင်လို့လည်း မဟုတ်ပါဘူး။ ကလောင်ခွဲတွေနဲ့လည်း မထင်မရှားနာမည်မျိုးစုံနဲ့ စာနယ်ဇင်းအမျိုးမျိုးမှာ (သူ့ရဲ့ House Style အလိုက်) ရေးပေးခဲ့တာပဲ။ နာမည်ရဖို့ အဓိက မကျပါဘူး။

စာမူခ၊ ငွေကြေးလည်း များများပေးသူ၊ နည်းနည်းပေးသူ မခွဲခြားပါ။ စာဖတ်သူဆီ မိမိရေးတဲ့ အတွေးအမြင်၊ တင်ပြလိုတာရေးခွင့်ပေးတာပဲ ကျေးဇူးတင်လှပါပြီ။ အယ်ဒီတာတွေ၊ ထုတ်ဝေသူတွေ၊ သရုပ်ဖော်ပန်းချီဆရာ၊ ကူညီသူအားလုံးကို ကျေးဇူးရှင်အနေနဲ့ ကျေးဇူးတင်တယ်။ ကျေးဇူးပြုနိုင်အောင်၊ ကူညီနိုင်အောင် ကြိုးစားခဲ့ပါတယ်။ ဘဝတက္ကသိုလ်မှာ စာဖတ်ခြင်း၊ စာရေးခြင်းနဲ့ ပျော်ပိုက်ရတာ ကျေနပ်ကြည်နူးနေတာပါပဲ။

## မိုးလအခါ လယ်ကွင်းမှာ

- မိုးလယ်မိုးစက် ဖျန်းကာပက်၍
  မပျက်ကွင်းရေ ဖွေးတော့သည်။

- စိမ်းမြပျိုးခင်း ပျိုးနုတ်ဆင်းလျက်
  မယွင်းပျိုးစည်း နှောင်ကြပြီ။

- ကောက်စိုက်မယ်များ လက်မအားအောင်
  မနားမနေ စိုက်ကြပြီ။

- တချို့လယ်ကွက် ကောက်စိုက်စက်ဖြင့်
  မပျက်ခေတ်မီ ပီတော့သည်။

- စက်နှင့်လက်နှင့် အခါသင့်ကာ
  တွက်ချင့်လယ်ကွင်း ဆင်းကြပြီ။

- ရည်ရွယ်မှန်းရာ ပြည့်ရိက္ခာနှင့်
  ဘဏ္ဍာတိုးရေး စဉ်မြော်တွေးလျက်
  မနှေးလုံ့လ ဖွဲမာန်ပြကာ
  ဝေဝေဖြာမည့် ရွှေဝါစပါး
  များးမှများရန် စိတ်ရည်သန်သည်
  တေးသံလျှံဆဲ ကွင်းမှာကို...။ ။

မန်းတင့်မော်

# ပျော်ဘွယ်မြို့နယ် ဆည်ဒိတ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းမိတ်ဆက်ခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်း ပြုလုပ်

**ပျော်ဘွယ် ဩဂုတ် ၉**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် ပျော်ဘွယ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆည်ဒိတ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ဩဂုတ် ၈ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပျော်ဘွယ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ဟိန်းက မြစိမ်းရောင်ကျေးရွာစီမံကိန်းအကြောင်းအရာများ၊ ရည်ရွယ်ချက်များ၊ လုပ်ငန်းစဉ်များနှင့် ရရှိလာမည့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက ကော်မတီဖွဲ့စည်းရာတွင် လိုက်နာရမည့် စည်းကမ်းချက်များ၊ ကော်မတီဝင်များ၏ တာဝန်နှင့်ရပိုင်ခွင့်များ၊ အတိုးနှုန်းနှင့် ချေးငွေကာလ သတ်မှတ်ချက်များ၊ စီမံကိန်း လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ကဏ္ဍတစ်ခုချင်းစီအလိုက် ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသော ကျေးရွာရပ်မိရပ်ဖများ၊ ကျေးရွာသူ၊ ကျေးရွာသားများက မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်း အဖွဲ့ဝင် ခုနစ်ဦးကို အများသဘော ဆန္ဒနှင့်အညီ ရွေးချယ် ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။

ပျော်ဘွယ်မြို့နယ် ဆည်ဒိတ်ကျေးရွာ၌ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ်သိန်း ၃၀၀ ဖြင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ် လုပ်ငန်းနှင့် မိသားစုဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ လုပ်ကိုင်နိုင်စေရန်အတွက် စီမံကိန်းရန်ပုံငွေများ ထုတ်ချေးပေးသွားမည်ဖြစ်ပြီး ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် အကောင်အထည်ဖော်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ပျော်ဘွယ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ဟိန်းက ပြောပြ၍ သိရသည်။

**ဖြိုးထက်အောင်(ပျော်ဘွယ်)**

# နာဂါဆာကီမြို့ အဏုမြူဗုံးကြဲချခံရမှု ၈၁ နှစ်မြောက် အထိမ်းအမှတ် အခမ်းအနားကျင်းပ



နာဂါဆာကီ ဩဂုတ် ၉

ဒုတိယကမ္ဘာစစ်ကာလအတွင်း အမေရိကန်လေတပ်က အဏုမြူဗုံးဖြင့် ကြဲချခံရမှု ၈၁ နှစ်မြောက် အထိမ်းအမှတ် အခမ်းအနားကို ဂျပန်နိုင်ငံအနောက် တောင်ပိုင်း နာဂါဆာကီမြို့၌ ယနေ့တွင် ကျင်းပခဲ့ကြောင်း Xinhua သတင်းဌာနက ဖော်ပြထားသည်။

နာဂါဆာကီမြို့ အဏုမြူဗုံးဖြင့် တိုက်ခိုက်ခံရမှု ၈၁ နှစ်မြောက် အထိမ်းအမှတ် အခမ်းအနားတွင် နျူကလီးယား လက်နက်များကို စစ်ရေးအရ အတား ထားရှိမှု သဘောတရားကို နာဂါဆာကီမြို့တော်ဝန် ရှီရိုဆူဇူကီးက ဝေဖန်ပြောကြားခဲ့သည်။

ထို့ပြင် ဒုတိယကမ္ဘာစစ် ပြီးဆုံးချိန်တွင် ချမှတ်ကျင့်သုံးခဲ့သော နျူကလီးယား လက်နက်ပိတ်ပင်ရေးသဘောတရား သုံးရပ်ကို ဆက်လက် စောင့်ထိန်းရန်လည်း နာဂါဆာကီမြို့တော်ဝန်က ဂျပန်အစိုးရကို တိုက်တွန်းပြောကြားခဲ့သည်။

နာဂါဆာကီမြို့ အဏုမြူဗုံးဖြင့် တိုက်ခိုက်ခံရမှု ၈၁ နှစ်မြောက် အထိမ်းအမှတ် အခမ်းအနားသည် ဝန်ကြီးချုပ်တာကာအိချီဦးဆောင်သော ဂျပန်အစိုးရအဖွဲ့က ဂျပန်နိုင်ငံ၏ ကာကွယ်ရေးမူဝါဒကို ပြင်ဆင်ရန် စဉ်းစားနေချိန်နှင့် တိုက်ဆိုင်လျက်ရှိသည်။

အမေရိကန်နိုင်ငံသည် ဒုတိယကမ္ဘာစစ်ပြီးဆုံးခါနီး ၁၉၄၅ ခုနှစ် ဩဂုတ် ၉ ရက်တွင် နာဂါဆာကီမြို့ကို အဏုမြူဗုံးကြဲချတိုက်ခိုက်ခဲ့ရာ လူဦးရေ ၇၀၀၀၀ ခန့် သေဆုံးခဲ့ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# တရားသူကြီးချုပ်ဟောင်း အန်းဒရက်စ်ဘာကာကို ဟန်ဂေရီ သမ္မတသစ်အဖြစ် တီဇာပါတီ အမည်စာရင်းတင်သွင်း



ဘူဒါပတ် ဩဂုတ် ၉

ဟန်ဂေရီနိုင်ငံ၏ လက်ရှိ အာဏာရ တီဇာပါတီသည် တရားလွှတ်တော်ချုပ် တရားသူကြီးချုပ်ဟောင်း အန်းဒရက်စ်ဘာကာကို ဟန်ဂေရီ သမ္မတသစ်အဖြစ် အမည်စာရင်း တင်သွင်းထားကြောင်း ဩဂုတ် ၈ ရက် သတင်းများတွင် ရေးသားတင်ပြခဲ့သည်ဟု RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

အန်းဒရက်စ် ဘာကာကို ဟန်ဂေရီ သမ္မတသစ်အဖြစ် ဟန်ဂေရီ လွှတ်တော်က ဩဂုတ် ၁၁ ရက်တွင် ရွေးကောက်တင်မြှောက်ဖွယ်ရှိကြောင်း သိရသည်။

တီဇာပါတီ၏ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ချက်အရ ဝန်ကြီးချုပ်ဟောင်း ဗစ်တာအော်ဘင် လက်ထက် သမ္မတတားမက်စ် ဆော်လ်ယုခ် ရာထူးမှနုတ်ထွက်ပြီးနောက် အန်းဒရက်စ်ဘာကာကို ဟန်ဂေရီ သမ္မတသစ်အဖြစ် တီဇာပါတီက အမည်စာရင်း တင်သွင်းထားခြင်း ဖြစ်သည်။

တီဇာပါတီ၏ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ချက်အရ သမ္မတသစ်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် စတင်အာဏာသက်ဝင်ချိန်ထိတိုင် သို့မဟုတ် အများဆုံး ငါးနှစ်ထိ သမ္မတရာထူးကို ရယူခွင့်ရှိမည်ဖြစ်သည်။

ဟန်ဂေရီ ဖွဲ့စည်းပုံအခြေခံဥပဒေအရ သမ္မတရာထူးမှာ ဂုဏ်ထူးဆောင် ရာထူးမျိုးသာဖြစ်ပြီး နိုင်ငံရေး ဩဇာအာဏာ အကန့်အသတ်ရှိကြောင်း သိရသည်။

ယခုနှစ်ဧပြီလအတွင်း ကျင်းပခဲ့သော ဟန်ဂေရီရွေးကောက်ပွဲတွင် လက်ရှိဝန်ကြီးချုပ် ပီတာမာဂယာ၏ တီဇာပါတီသည် ဝန်ကြီးချုပ်ဟောင်း ဗစ်တာအော်ဘင်၏ ဖီဒက်စ်ပါတီကို ရလဒ်အပြတ်အသတ်ဖြင့် အနိုင်ရခဲ့ကြောင်း သိရသည်။

Ref : RT

Trs : KKO

# အမေရိကန်သမ္မတဟောင်း ဂျိုးဘိုင်ဒင်၏ ဆီးကျိတ်ကင်ဆာ အရိုးများထိ ပျံ့နှံ့နေကြောင်း ဟန်တာဘိုင်ဒင်ပြောကြား

ဝါရှင်တန် ဩဂုတ် ၉

အမေရိကန် သမ္မတဟောင်း ဂျိုးဘိုင်ဒင်၏ ဆီးကျိတ်ကင်ဆာရောဂါမှာ အရိုးများထိ ပျံ့နှံ့နေကြောင်း သားဖြစ်သူ ဟန်တာဘိုင်ဒင်က ဩဂုတ် ၈ ရက်တွင် ပြုလုပ်ခဲ့သည့် မီဒီယာများနှင့် အင်တာဗျူး အစီအစဉ်၌ ထုတ်ဖော်ပြောကြားခဲ့သည်ဟု RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

မိမိ၏ ဖခင်ဂျိုးဘိုင်ဒင် ခံစားနေရသော ဆီးကျိတ်ကင်ဆာမှာ အရိုးများထိ ကူးစက်ပျံ့နှံ့နေပြီး နာကျင်မှု ဝေဒနာပြင်းထန်ကြောင်း ဟန်တာဘိုင်ဒင်က မီဒီယာများသို့ ထုတ်ဖော်ပြောကြားခဲ့သည်။

သို့ရာတွင် ဟန်တာဘိုင်ဒင်၏ အဆိုပါ အင်တာဗျူးအစီအစဉ်တွင် ပြောဆိုချက်များနှင့် ပတ်သက်၍ သမ္မတဟောင်း ဂျိုးဘိုင်ဒင်၏ ပြောရေးဆိုခွင့်ရှိသူက တစ်စုံတစ်ရာမှတ်ချက်ပေးရန် ငြင်းဆိုထားသည်။

ဆီးကျိတ် ကင်ဆာရောဂါ စစ်ဆေးတွေ့ရှိထားမှုကို သမ္မတဟောင်း ဂျိုးဘိုင်ဒင်က ၂၀၂၅ ခုနှစ် မေလအတွင်း အတည်ပြုကြေညာခဲ့ပြီး ရောဂါမှာ အရိုးများထိ ကူးစက်နေကြောင်း ထိုစဉ်ကပင် ပြောကြားထားသည်။

သမ္မတဟောင်း ဂျိုးဘိုင်ဒင်သည် သမ္မတ ရာထူးစွန့်လွှတ်ပေးခဲ့ပြီး လေးလခန့်အကြာတွင် ဆီးကျိတ်ကင်ဆာရောဂါ ခံစားနေရမှုကို အတည်ပြုသတင်းထုတ်ပြန်ထားခြင်းဖြစ်သည်။

ဂျိုးဘိုင်ဒင်သည် ၂၀၂၀ ပြည့်နှစ် အမေရိကန် သမ္မတရွေးကောက်ပွဲ၌ အနိုင်ရခဲ့ပြီးနောက် အမေရိကန်သမိုင်းတစ်လျှောက် အသက်ကြီးဆုံး သမ္မတဖြစ်ခဲ့ကြောင်း သိရသည်။

Ref : RT

Trs : KKO

# ဟော်မုဇ်ရေလက်ကြားပြန်လည်ဖွင့်လှစ်ရေး တောင်းဆိုချက်များ အီရန်ကြေညာ

တီဟီရန် ဩဂုတ် ၉

ဟော်မုဇ် ရေလက်ကြား ပြန်လည် ဖွင့်လှစ်ရေးအတွက် စစ်လျော်ကြေးပေးအပ်ရေး အပါအဝင် တောင်းဆိုချက်များကို အီရန်နိုင်ငံက ဩဂုတ် ၈ ရက်တွင် ကြေညာခဲ့ကြောင်း Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

အီရန်အစိုးရ အမျိုးသားလုံခြုံရေးကောင်စီ အကြီးအကဲမိုဟမ်မက်ဘာဂဟာဇီလ်ဂါဒါ ဩဂုတ် ၈ ရက်တွင် ထုတ်ပြန်ခဲ့သည့် အဆိုပါ တောင်းဆိုချက်များထဲတွင် အီရန်နှင့် မဟာမိတ်များကို တိုက်ခိုက်နေမှုများ ရပ်ဆိုင်းရေး၊ အမေရိကန်ရေတပ်၏ ရေကြောင်းပိတ်ဆို့မှု ရုပ်သိမ်းရေးတို့အပြင် စစ်ရေးပဋိပက္ခကာလ ပျက်စီးမှုများအတွက် စစ်လျော်ကြေးပေးရန် စသည့် အချက်များပါဝင်သည်။

ထို့ပြင် ဟော်မုဇ်ရေလက်ကြား ပြန်လည် ဖွင့်လှစ်ရေးအတွက် အီရန်အပေါ် ချမှတ်ထားသည့် အရေးယူပိတ်ဆို့မှုများ ပြန်ရုပ်သိမ်းပေးရန်နှင့် သိမ်းယူခံထားရသည့် အီရန်၏ပိုင်ဆိုင်မှုများ ပြန်ထုတ်ပေးရန်လည်း မိုဟမ်မက် ဘာဂဟာဇီလ်ဂါဒါက တောင်းဆိုထားသည်။

ဟော်မုဇ် ရေလက်ကြား ရေလမ်းကြောင်းများကို စီမံခန့်ခွဲရေးအတွက် အိမ်နီးနိုင်ငံနှင့်ဆွေးနွေးနေမှုများမှာ နောက်ဆုံးအဆင့်သို့ ရောက်ရှိနေပြီဖြစ်သော်လည်း ဟော်မုဇ်ရေလက်ကြား ပြန်လည်ဖွင့်လှစ်ရေးမှာ စစ်လျော်ကြေးကိစ္စကဲ့သို့ အခြားအခြေအနေများ အပေါ်တွင်လည်း မူတည်နေသည်ဟု အီရန်နိုင်ငံခြားရေးဝန်ကြီး အာဘတ်စ်အာရက်ချီက ပြောကြား ထားကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# ဟစ်ဇ်ဘိုလာအုပ်စု လက်နက်ဖြုတ်သိမ်းရေးကို ကြီးကြပ်ခွင့်ရမည့် နိုင်ငံများဆန်ခါတင်စာရင်း အစ္စရေးနှင့် လက်ဘနွန်တို့ သဘောတူ

ဘေရွတ် ဩဂုတ် ၉

အမေရိကန်နိုင်ငံ၏ ကြားဝင်ညှိနှိုင်းမှုဖြင့် ရယူထားသော သဘောတူညီချက်အရ ဟစ်ဇ်ဘိုလာအုပ်စု လက်နက်ဖြုတ်သိမ်းမှုကို ကြီးကြပ်ပေးရန်အတွက် တပ်ဖွဲ့ဝင်များ စေလွှတ်နိုင်မည့် နိုင်ငံများ ဆန်ခါတင်စာရင်းကို အစ္စရေးနှင့် လက်ဘနွန်တို့က သဘောတူထားကြောင်း ဩဂုတ် ၈ ရက်သတင်းများတွင် ရေးသားတင်ပြခဲ့သည်ဟု RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။



အဆိုပါ ဆန်ခါတင်စာရင်းတွင် ပါဝင်သည့်နိုင်ငံများအနက် မည်သည့်နိုင်ငံများက လက်ဘနွန်သို့ တပ်ဖွဲ့ဝင်များ စေလွှတ်ပေးနိုင်မည်ကို အမေရိကန်နိုင်ငံက ရွေးချယ် ပေးမည်ဖြစ်ကြောင်း လက်ဘနွန်အစိုးရ တာဝန်ရှိသူများက ပြောကြားထားသည်။


အဆိုပါ ဆန်ခါတင်စာရင်းတွင် မည်သည့်နိုင်ငံများ ပါဝင်သည်၊ နိုင်ငံအရေအတွက် မည်မျှရှိသည်တို့ကို လက်ဘနွန်တာဝန်ရှိသူများက ထုတ်ဖော်ပြောကြားခြင်း မရှိကြောင်း သိရသည်။

ဟစ်ဇ်ဘိုလာအုပ်စု လက်နက်ဖြုတ်သိမ်းရေး လုပ်ငန်းစဉ်ကို ကြီးကြပ်ရေးအတွက် တပ်ဖွဲ့ဝင်များ စေလွှတ်နိုင်မည့် နိုင်ငံများ ဆန်ခါတင်စာရင်းကို အစ္စရေးနှင့် လက်ဘနွန်တို့က ယခုရက်သတ္တပတ်အတွင်း အီတလီနိုင်ငံ ရောမမြို့၌ ကျင်းပခဲ့သော ဆွေးနွေးပွဲတွင် ရယူခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Ref : RT

Trs : KKO

# နာဆာအာကာသယာဉ်မှူးနှစ်ဦးက ISS ပြင်ပထွက်ခွာပြီး နေစွမ်းအင်ပြားများတပ်ဆင်ရေး ပြင်ဆင်မှုများပြုလုပ်ခဲ့



**ဝါရှင်တန် ဩဂုတ် ၉**

အမေရိကန်အစိုးရအမျိုးသား လေကြောင်းနှင့်အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ) အာကာသယာဉ်မှူးနှစ်ဦးသည် နိုင်ငံတကာ အာကာသစခန်း (ISS) ပြင်ပသို့ ထွက်ခွာပြီး နေစွမ်းအင်ပြားများ တပ်ဆင်ရေးအတွက် လိုအပ်သည့် ပြင်ဆင်မှုများ ပြုလုပ်ခဲ့ကြကြောင်း ဩဂုတ် ၈ ရက် သတင်းများအရ သိရသည်။

ဩဂုတ် ၆ ရက် နိုင်ငံတကာ အာကာသစခန်းပြင်ပ ထွက်ခွာမှုကို နာဆာအာကာသယာဉ်မှူး ဂျက်ဆီကာမိုင်ရာနှင့် အန်နီးလ်မီခွန်တို့က ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

နိုင်ငံတကာ အာကာသစခန်း ပြင်ပ ထွက်ခွာမှုအတွင်း ဂျက်ဆီကာမိုင်ရာနှင့် အန်နီးလ်မီခွန်တို့သည် နိုင်ငံတကာအာကာသစခန်း၏ စွမ်းအင်ဖြည့်ဆည်းမှု လမ်းကြောင်း ရှစ်ခုအနက် တစ်ခုကို အဆင့်မြှင့်တင်မှုများ ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

နိုင်ငံတကာအာကာသစခန်း၌ နေစွမ်းအင်ပြားသစ် တပ်ဆင်ရေးအတွက် ကြိုတင်ပြင်ဆင်သည့် အနေဖြင့် အထက်ပါ စွမ်းအင်ဖြည့်ဆည်းမှုလမ်းကြောင်းကို အဆင့်မြှင့်တင်မှုများ ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဂျက်ဆီကာမိုင်ရာနှင့် အန်နီးလ်မီခွန်တို့၏ နိုင်ငံတကာ အာကာသစခန်းပြင်ပထွက်ခွာမှုသည် ၆ ဒသမ ၅ နာရီထိ ကြာမြင့်ခဲ့ကြောင်း သိရသည်။

နိုင်ငံတကာအာကာသစခန်း အာကာသ ယာဉ်မှူးများသည် အာကာသစခန်းပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများအတွက် အာကာသစခန်း ယာဉ်ပြင်ပထွက်ခွာမှုပေါင်း ၂၈၁ ကြိမ်ထိ ပြုလုပ်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**

# QPS-SAR-13 ကမ္ဘာမြေလေ့လာရေးဂြိုဟ်တု တစ်စင်းကို အီလက်ထရွန်ဒုံးပျံဖြင့် Rocket Lab ကုမ္ပဏီလွှတ်တင်

**တိုကျို ဩဂုတ် ၉**

ဂျပန်နိုင်ငံ တိုကျိုမြို့တော် အခြေစိုက် IQPS ကုမ္ပဏီ၏ QPS – SAR–13 ကမ္ဘာမြေလေ့လာရေး ဂြိုဟ်တုတစ်စင်းကို အီလက်ထရွန် ဒုံးပျံဖြင့် Rocket Lab ကုမ္ပဏီက ဩဂုတ် ၈ ရက်တွင် အောင်မြင်စွာ လွှတ်တင်ပေးခဲ့ကြောင်း သိရသည်။

QPS–SAR–13 ကမ္ဘာမြေ လေ့လာရေးဂြိုဟ်တုကို သယ်ဆောင်ထားသည့် အီလက်ထရွန် ဒုံးပျံကို နယူးဇီလန်နိုင်ငံမှ တစ်ဆင့် လွှတ်တင်ခဲ့သည်။

လွှတ်တင်ပြီး မကြာမီမှာပင် အီလက်ထရွန်ဒုံးပျံသည် QPS–SAR–13 ဂြိုဟ်တုကို ကမ္ဘာမြေပြင်အထက် အမြင့် ၃၅၇ မိုင်အကွာရှိ ပတ်လမ်းပေါ်သို့ အောင်မြင်စွာ ပို့ဆောင်ပေးနိုင်ခဲ့သည်။



Rocket Lab ကုမ္ပဏီသည် QPS–SAR–13 ဂြိုဟ်တုကို မူလစီစဉ်ထားသည်ထက် ရက်သတ္တပတ် ငါးပတ်နောက်ကျ၍လွှတ်တင်ခဲ့ရခြင်းဖြစ်သည်။

QPS–SAR–13 ဂြိုဟ်တုတွင် မိုးတိမ်များကို ဖောက်ထွင်း၍ နေ့ ရောညပါ ကမ္ဘာမြေကို ဓာတ်ပုံရိုက်ကူးစောင့်ကြည့်နိုင်သည့် SAR ရေဒါစနစ် တပ်ဆင်ထားသော ဂြိုဟ်တုဖြစ်သည်။

အဆိုပါ ဂြိုဟ်တုမစ်ရှင်သည် Rocket Lab ကုမ္ပဏီက ၂၀၂၆ ခုနှစ်အတွင်း လွှတ်တင်ခဲ့သော ၁၃ ကြိမ်မြောက် မစ်ရှင်ဖြစ်ပြီး အီလက်ထရွန်ဒုံးပျံများ၏ ၇၂ ကြိမ်မြောက် မစ်ရှင်ဖြစ်ကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**

# စပေ့စ်အိတ်ကုမ္ပဏီ၏ ဖယ်လ်ကွန်-၉ ထိပ်ဖူးဒုံးယာဉ်ကျရောက်ပြီး ပေါ်ထွက်လာသောဥက္ကာချိုင့်ဝှမ်းကို တောင်ကိုရီးယား လပတ်အာကာသယာဉ်တွေ့ရှိ

**ဝါရှင်တန် ဩဂုတ် ၉**

စပေ့စ်အိတ်ကုမ္ပဏီ၏ ဖယ်လ်ကွန်-၉ ထိပ်ဖူးဒုံးယာဉ်ကျရောက်ပြီး ပေါ်ထွက်လာသည့် ဥက္ကာချိုင့်ဝှမ်းကို တောင်ကိုရီးယားနိုင်ငံ၏ ကိုရီးယားပတ်ဖိုင်ဒါ လပတ်အာကာသယာဉ်က ရှာဖွေတွေ့ရှိထားကြောင်း ဩဂုတ် ၈ ရက် သတင်းများအရ သိရသည်။

အလေးချိန် ကီလိုဂရမ် ၄၀၀၀ ထိရှိသော စပေ့စ်အိတ်၏ ဖယ်လ်ကွန်-၉ ထိပ်ဖူးဒုံးယာဉ်သည် တစ်နာရီလျှင် မိုင် ၅၄၀၀ အမြန်နှုန်းဖြင့် လမျက်နှာပြင်ပေါ်သို့ ကျရောက်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

ကိုရီးယားပတ်ဖိုင်ဒါ လပတ်အာကာသယာဉ်သည် ဖယ်လ်ကွန်-၉ ထိပ်ဖူးဒုံးယာဉ် လပေါ်သို့ မကျရောက်မီ မိနစ် ၃၀ ခန့်အလိုတွင် ဖြစ်စဉ်ကို စတင်စောင့်ကြည့်ခဲ့ပြီး ထိပ်ဖူးဒုံးယာဉ်ကျရောက်ရာနေရာကို ရှစ်ကြိမ်ထိ ဓာတ်ပုံ ရိုက်ကူးနိုင်ခဲ့ကြောင်း တောင်ကိုရီးယား အာကာသအေဂျင်စီက သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

ဖယ်လ်ကွန်-၉ ထိပ်ဖူးဒုံးယာဉ် ကျရောက်မှုကြောင့် လပေါ်၌ ပေါ်ထွက်လာသည့် ဥက္ကာချိုင့်ဝှမ်းမှာ အချင်း ၈၉ ပေ (၂၇ မီတာ)ထိရှိနိုင်ကြောင်း သိပ္ပံပညာရှင်များက တွက်ချက်ထားသည်ဟု သိရသည်။

လပေါ်သို့ ကျရောက်ခဲ့သော ဖယ်လ်ကွန်-၉ ထိပ်ဖူးဒုံးယာဉ်သည် ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၁၅ ရက်တွင် ဘလူးဂို့စ် လဆင်းယာဉ်နှင့် Resilience လဆင်းယာဉ်တို့ကို လွှတ်တင်ရာတွင် အသုံးပြုခဲ့သော ထိပ်ဖူးဒုံးယာဉ်ဖြစ်ကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**

# ဆေးလိပ်ဖြတ်ခြင်း၊ သွေးဖိအားကိုထိန်းထားခြင်းဖြင့် Dementia ရောဂါ ဝင်ရောက်မှုကို တားဆီးနိုင်

**နယူးယောက် ဩဂုတ် ၉**

သွေးဖိအားအဆင့်ကို ပုံမှန်ထိန်းထားနိုင်ခြင်း၊ သွေးအတွင်း သကြားဓာတ်ပါဝင်မှုနှုန်းတည်ငြိမ်ခြင်း၊ ဆေးလိပ်ဖြတ်ခြင်းတို့ဖြင့် ဦးနှောက်စွမ်းဆောင်ရည်ထိခိုက်ပျက်စီးမှုရောဂါ(Dementia)ဖြစ်ပွားနိုင်မှုကို တားဆီးထားနိုင်ကြောင်း သုတေသနပညာရှင်များ၏ အဆိုကို ကိုးကား၍ ဩဂုတ် ၈ ရက် သတင်းများတွင် ဖော်ပြထားသည်။

သက်လတ်ပိုင်းအရွယ်တွင် အထက်ပါ အချက်သုံးချက်ကို စောင့်ထိန်း လိုက်နာနိုင်ခဲ့ပါက Dementia ရောဂါဝင်ရောက်မှု အချိန်ကို ၁၃ နှစ်ကြာ တားဆီးပေးနိုင်ကြောင်း အမေရိကန်သုတေသနပညာရှင်များက ပြောကြားသည်။

လေ့ကျင့်ခန်းပုံမှန်ပြုလုပ်ခြင်း၊ ကိုယ်အလေးချိန်ကို ထိန်းထားခြင်း၊ ကျန်းမာရေးနှင့် ညီညွတ်သော ဓာတ်စာများ စားသုံးမှုစသည့် ဘဝနေထိုင်မှု အပြောင်းအလဲများဖြင့် Dementia ရောဂါဖြစ်နိုင်ခြေကို ၅၄ ရာခိုင်နှုန်းထိ လျှော့ချနိုင်သည်ဟု ဆေးပညာရှင်များက အကြံပြုထားကြောင်း သိရသည်။

အမေရိကန်သုတေသနပညာရှင်များသည် ပျမ်းမျှအသက် ၅၆ နှစ်ရှိ လူပေါင်း ၁၂၀၀၀ ကျော်တို့၏ ကျန်းမာရေးအချက်အလက်များကို လေ့လာပြီးနောက် ၎င်းတို့၏ တွေ့ရှိချက်ကို ဖော်ပြခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : KKO**

# Viagra ဆေးက ကင်ဆာဆဲလ်များ ပျံ့နှံ့မှုကိုတားဆီးရာတွင် အထောက်အကူပြုနိုင်

**ဂျေရုဆလင် ဩဂုတ် ၉**

Viagra ခေါ် အမျိုးသားပန်းသေပန်းညှိုးရောဂါကုသရေးဆေးသည် ကင်ဆာဆဲလ်များ ပျံ့နှံ့မှုကို တားဆီးရာတွင် အထောက်အကူပြုနိုင်ကြောင်း သုတေသနပညာရှင်များ၏ အဆိုကို ကိုးကား၍ ဩဂုတ် ၈ ရက် သတင်းများတွင် ဖော်ပြထားသည်။

အစ္စရေးနိုင်ငံ ဝိုက်ဇ်မင်း သိပ္ပံအင်စတီကျူမှ သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ Viagra တွင်ပါဝင်သော အဓိက ဓာတုဒြပ်ပေါင်းဖြစ်သည့် Sildenafil သည် ကင်ဆာဆဲလ်များ ပျံ့နှံ့မှုကို တားဆီးရာတွင် အထောက်အကူ ပေးနိုင်ဖွယ်ရှိကြောင်း သိရသည်။

အစ္စရေးသုတေသနပညာရှင်များသည် Sildenafil ဓာတုဒြပ်ပေါင်းကို ဓာတ်ခွဲခန်းအတွင်း လူသားဆဲလ်များဖြင့် လက်တွေ့စမ်းသပ်မှုများ ပြုလုပ်ခဲ့ကြသည်။

စမ်းသပ်မှုမှပေါ်ထွက်လာသည့် ရလဒ်များအရ Sildenafil ဓာတုဒြပ်ပေါင်းသည် ပျံ့နှံ့ရေးနှင့် ဆက်လက်ရှင်သန်နိုင်ရေးတို့အတွက် လိုအပ်သည့်အာဟာရဓာတ်များသော ကင်ဆာဆဲလ်များ ရယူနိုင်စွမ်းကို ပိတ်ပင်ပေးထားနိုင်သည်ကို တွေ့ရကြောင်း အစ္စရေးသုတေသနပညာရှင်များက ပြောကြားထားသည်။

ထို့ပြင် အစ္စရေးသုတေသနပညာရှင်များသည် လူပေါင်း ငါးသန်းတို့၏ ကျန်းမာရေးမှတ်တမ်းများကို လေ့လာခဲ့ရာ ကင်ဆာရောဂါရှိနေပြီး Viagra ဆေးသုံးစွဲသူများတွင် ၎င်းဆေးသုံးစွဲခြင်းမရှိသည့် လူနာများနှင့် နှိုင်းယှဉ်ပါက နောင်လာမည့်ငါးနှစ်အတွင်း ကင်ဆာရောဂါများကြောင့် အသက်ဆုံးပါးနိုင်ခြေ ၂၆ ရာခိုင်နှုန်း ပိုနည်းပါးကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**



# ၁၁ ကြိမ်မြောက် မြန်မာ့ရိုးရာလက်ဝှေ့ ကမ္ဘာ့ချန်ပီယံပြိုင်ပွဲ ကျင်းပ

**ရန်ကုန် ဩဂုတ် ၉**

၁၁ ကြိမ်မြောက် မြန်မာ့ရိုးရာလက်ဝှေ့ ကမ္ဘာ့ချန်ပီယံပြိုင်ပွဲကို ယနေ့မွန်းလွဲ ၂ နာရီမှစတင်ပြီး ရန်ကုန်မြို့ သိမ်ဖြူရိုးရာလက်ဝှေ့ရုံတွင် ကျင်းပခဲ့ကြောင်း သိရသည်။

၁၁ ကြိမ်မြောက် မြန်မာ့ရိုးရာလက်ဝှေ့ ကမ္ဘာ့ချန်ပီယံပြိုင်ပွဲတွင် တွဲဆိုင်း(၁) ၅၃ ကီလိုတန်း လေးချီပွဲစဉ်အဖြစ် ဒေါင်းမိုက်သွေး (Nine Lethwei)နှင့် စောရွှေဘီ (YMA)တို့ထိုးသတ်ခဲ့ရာ လေးချီထိ အနိုင်အရှုံးရလဒ် မပေါ်ခဲ့သည့်အတွက် ပူးတွဲသရေရလဒ်၊ တွဲဆိုင်း(၂) ၆၅ ကီလိုတန်းလေးချီပွဲစဉ်အဖြစ် အောင်ကိုလတ် (Ray)နှင့် စောထိန်လင်း(555 Sports)တို့ပွဲစဉ်တွင် အနိုင်အရှုံးရလဒ်မပေါ်ခဲ့ဘဲ ပူးတွဲသရေရလဒ်၊ တွဲဆိုင်း(၃) ၅၆ ကီလိုတန်းငါးချီပွဲစဉ်အဖြစ် ဆလိုင်းထန်ခ္ခီးရှိန် (ကျားမနိုင်)နှင့် ဟိန်းထွန်းအောင် (ခေးယူးဝါး)တို့ပွဲစဉ်တွင် ပူးတွဲသရေရလဒ်ဖြင့် အသီးသီးသရေရလဒ်များ ထွက်ပေါ်ခဲ့သည်။

ထို့နောက် တွဲဆိုင်း(၄) ကီလို ၆၀တန်း ငါးချီပွဲစဉ်အဖြစ် အဲမ္ဗိ (အဲကညော)နှင့် သန့်ဇင် (Python Taw Win Ayar)တို့ ထိုးသတ်ခဲ့ရာ အနိုင်အရှုံးရလဒ် မပေါ်ခဲ့ဘဲ ပူးတွဲသရေရလဒ်၊ တွဲဆိုင်း(၅) ၆၇ ကီလိုတန်း ငါးချီပွဲစဉ်အဖြစ် နိုင်ဝင်းထွန်း (Nine Lehtwei)နှင့် ကမ္ဘာရှား (ဇာထက်မိတ္ထီလာ)တို့ ထိုးသတ်ခဲ့ရာ လေးချီမြောက်တွင် နိုင်ဝင်းထွန်းက ဒိုင်ပွဲရပ်ဖြင့်အနိုင်ရရှိခဲ့ကာ ပြိုင်ပွဲ၏ အဓိကခေါင်းတွဲဆိုင်း ၇၅ ကီလိုတန်း ငါးချီပွဲစဉ်အဖြစ် ထွန်းမင်းအောင်(Top One)နှင့် ရွှေရာမာန်(ရိုးရာစွမ်းအား)တို့ ထိုးသတ်ခဲ့ရာ နောက်ဆုံးငါးချီထိ အနိုင်အရှုံး ရလဒ်မပေါ်ခဲ့သည့်အတွက် ပူးတွဲသရေရလဒ်ဖြင့် ပြီးဆုံးခဲ့ကြောင်း သိရသည်။ **STA**



# ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် အမျိုးသား၊ အမျိုးသမီး ဘတ်စကက်ဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ခြင်းအခမ်းအနား ကျင်းပ

**တောင်ကြီး ဩဂုတ် ၉**

အားကစားရေးရာ ဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာန၊ မြန်မာနိုင်ငံဘတ်စကက်ဘောအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် အမျိုးသား၊ အမျိုးသမီး ဘတ်စကက်ဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့ညနေ ၃ နာရီက တောင်ကြီးမြို့ ပြည်နယ်လေ့ကျင့်ရေးအားကစားရုံ၌ ကျင်းပခဲ့ကြောင်း သိရသည်။




အဆိုပါပြိုင်ပွဲ ဗိုလ်လုပွဲစဉ်များအပြီး ဆုပေးပွဲအခမ်းအနားကို ကျင်းပခဲ့ရာ အမျိုးသမီး 3x3 ပြိုင်ပွဲတွင် တတိယဆုရ ရန်ကုန်တိုင်းဒေသကြီးအသင်း၊ ဒုတိယဆုရ ရှမ်းပြည်နယ်အသင်း၊ ပထမဆုရ စစ်ကိုင်းတိုင်းဒေသကြီး အသင်း၊ အမျိုးသား 3x3 ပြိုင်ပွဲတွင် တတိယဆုရ ကချင်ပြည်နယ်အသင်း၊ ဒုတိယဆုရ မန္တလေးတိုင်းဒေသကြီးအသင်း၊ ပထမဆုရ ရှမ်းပြည်နယ်အသင်း၊အမျိုးသမီး 5x5 ပြိုင်ပွဲတွင် ပူးတွဲတတိယဆုရ ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့် မကွေးတိုင်းဒေသကြီးအသင်း၊ ဒုတိယဆုရ ရှမ်းပြည်နယ်အသင်း၊ ပထမဆုရ မန္တလေးတိုင်းဒေသကြီးအသင်းတို့ကို တာဝန်ရှိသူများက ဆုများ အသီးသီးပေးအပ်ချီးမြှင့်ခဲ့သည်။

ဆက်လက်ပြီး အမျိုးသား 5x5 ပြိုင်ပွဲတွင် ပူးတွဲတတိယဆုရ မွန်ပြည်နယ်အသင်းနှင့် ကချင်ပြည်နယ်အသင်း၊ ဒုတိယဆုရ ရှမ်းပြည်နယ်အသင်း၊ ပထမဆုရ မန္တလေးတိုင်း ဒေသကြီးအသင်း၊ အမျိုးသမီး 3x3 ပြိုင်ပွဲတွင် ပထမဆုရ စစ်ကိုင်းတိုင်းဒေသကြီး အသင်း၊ အမျိုးသား 3x3 ပြိုင်ပွဲတွင် ပထမဆုရ ရှမ်းပြည်နယ်အသင်းတို့ကို တံခွန်စိုက်ဆုဖလားများကို ရှမ်းပြည်နယ် ပြည်နယ်ဝန်ကြီးချုပ်ကိုယ်စား ရှမ်းပြည်နယ် ပြည်နယ်စည်ပင်သာယာရေး ဝန်ကြီး ဦးခွန်ထွန်းဖြူ၊ အမျိုးသမီး 5x5 ပြိုင်ပွဲတွင် ပထမဆုရ မန္တလေးတိုင်းဒေသကြီးအသင်း၊ အမျိုးသား 5x5 ပြိုင်ပွဲတွင် ပထမဆုရ မန္တလေး တိုင်းဒေသကြီး အသင်းတို့ကို တံခွန်စိုက် ဆုဖလားများကို ရှမ်းပြည်နယ် ပြည်နယ်ဝန်ကြီးချုပ်ကိုယ်စား ရှမ်းပြည်နယ် ပြည်နယ်စီမံကိန်း၊ စီးပွားရေးနှင့် ဘဏ္ဍာရေးဝန်ကြီး ဒေါက်တာလဆိုင်းတို့က အသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

**STA**

# ASEAN Hyundai Cup ဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ်များအပြီး ဗီယက်နမ်၊ စင်ကာပူ၊ ထိုင်း၊ မလေးရှားအသင်းတို့ ဆီမီးဖိုင်နယ်အဆင့်တက်ရောက်

**ရန်ကုန် ဩဂုတ် ၉**

ASEAN Hyundai Cup ဘောလုံးပြိုင်ပွဲအုပ်စု ပွဲစဉ်များအပြီးတွင် ဗီယက်နမ်၊ စင်ကာပူ၊ ထိုင်း၊ မလေးရှားအသင်းတို့ ဆီမီးဖိုင်နယ်အဆင့် တက်ရောက်ခဲ့ကြောင်း သိရသည်။

ASEAN Hyundai Cup ပြိုင်ပွဲတွင် ဆီမီးဖိုင်နယ်အဆင့်တက်ရောက်ရန် အုပ်စုနောက်ဆုံးပွဲစဉ်အဖြစ် ကစားခဲ့ကြရပြီး အုပ်စု(A)တွင် ဗီယက်နမ်အသင်းက ကမ္ဘောဒီးယားအသင်းကို သုံးဂိုး တစ်ဂိုး၊ စင်ကာပူအသင်းနှင့် အင်ဒိုနီးရှားအသင်းတို့ပွဲစဉ်တွင် တစ်ဂိုးစီ သရေရလဒ် ထွက်ပေါ်ခဲ့သည့်အတွက် ဗီယက်နမ်အသင်းက ရမှတ် ၁၀ မှတ်ဖြင့် အုပ်စုပထမ၊ စင်ကာပူအသင်းက ရမှတ်ရှစ်မှတ် အုပ်စုဒုတိယဖြင့် ဆီမီးဖိုင်နယ်အဆင့် တက်ရောက်ခဲ့သည်။

အလားတူ အုပ်စု(B)တွင်လည်း နောက်ဆုံးပွဲစဉ်တွင် ထိုင်းအသင်းက မြန်မာအသင်းကို နှစ်ဂိုး ဂိုးမရှိ၊ မလေးရှားအသင်းက ဖိလစ်ပိုင်အသင်းကို တစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့သည့်အတွက် ထိုင်းအသင်းက ရမှတ် ၁၂ မှတ်ဖြင့် အုပ်စုပထမ၊ မလေးရှားအသင်းက ရမှတ်ကိုးမှတ် အုပ်စုဒုတိယဖြင့် ဆီမီးဖိုင်နယ်အဆင့် တက်ရောက်ခဲ့သည်။

ASEAN Hyundai Cup ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့် ပထမအကျော့ပွဲစဉ်များအဖြစ် ဩဂုတ် ၁၅ရက်တွင် စင်ကာပူအသင်းနှင့် ထိုင်းအသင်း၊ ဩဂုတ် ၁၆ ရက်တွင် မလေးရှား အသင်းနှင့် ဗီယက်နမ်အသင်းတို့ ဆက်လက်ကစားမည်ဖြစ်ကြောင်း သိရသည်။

**STA**

# မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ်(၉)တွင် ရောဝတီအသင်းနှင့် မြဝတီအသင်းတို့နိုင်ပွဲများရရှိ

**ရန်ကုန် ဩဂုတ် ၉**

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ် ကော်မတီက ကြီးမှူးကျင်းပနေသည့် မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ်(၉)ပွဲစဉ်များကို ယနေ့ညနေပိုင်းက ရန်ကုန်မြို့တွင်ကျင်းပခဲ့ရာ ရောဝတီအသင်းနှင့် မြဝတီအသင်းတို့ နိုင်ပွဲများ ရရှိခဲ့ကြကြောင်း သိရသည်။

မြန်မာအမျိုးသမီးလိဂ် ပြိုင်ပွဲ ပွဲစဉ်(၉)ပွဲစဉ်များအဖြစ် ယနေ့ညနေ ၃ နာရီခွဲက ရန်ကုန်မြို့ ပဒုမ္မာအားကစားကွင်းတွင် မြဝတီအသင်းနှင့် ဇွဲကပင်ယူနိုက်တက်အသင်းတို့ကစားခဲ့ရာ မြဝတီအသင်းက တစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရပြီး မြဝတီအသင်းအတွက် တစ်လုံးတည်းသော သွင်းဂိုးကို ပွဲချိန် ၁၈ မိနစ်တွင် မြနှင်းဝေက သွင်းယူခဲ့သည်။

အလားတူ ညနေ ၄ နာရီက သုဝဏ္ဏအားကစားကွင်းတွင် ရောဝတီအသင်းနှင့် ရှမ်းယူနိုက်တက်အသင်းတို့ကစားခဲ့ရာ ရောဝတီအသင်းက သုံးဂိုး ဂိုးမရှိဖြင့် အနိုင်ရပြီး ရောဝတီအသင်းအတွက် သွင်းဂိုးများကို ပွဲချိန်မိနစ် ၃၉ တွင် မေထက်လူ၊ ပွဲချိန် ၃၃ မိနစ်တွင် နန်းခိုင်ဇင်မြင့်တို့ သွင်းယူခဲ့ပြီး ပွဲချိန် ၄၉ မိနစ်တွင် ရှမ်းယူနိုက်တက်အသင်းမှ ခိုင်သဇင်က ကိုယ့်ဂိုးကိုယ် သွင်းယူမိခဲ့သည့်အတွက် ပွဲပြီးဆုံးချိန်တွင် ရောဝတီအသင်းက သုံးဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။

မြန်မာအမျိုးသမီးလိဂ် ပြိုင်ပွဲ ပွဲစဉ်(၉)ပွဲစဉ်များအဖြစ် ဩဂုတ် ၁၀ ရက်တွင် ရတနာပုံအက်ဖ်စီအသင်းနှင့် သစ္စာအားမာန်အသင်း၊ Young Lionesses အသင်းနှင့် ISPE အသင်းတို့ ဆက်လက်ကစားမည်ဖြစ်ကြောင်း သိရသည်။ **STA**

# မက်ဆီ၏ အေးဂျင့်အဖြစ်တာဝန်ယူနေသည့် ဖခင်ဖြစ်သူ ဂျော်ဂျီမက်ဆီ အသက် ၆၈ နှစ်တွင် ကွယ်လွန်

**ဗျူနို့စ်အေရိစ် ဩဂုတ် ၉**

အင်တာမီယာမီအသင်းတိုက်စစ်ကစားသမား မက်ဆီ၏အေးဂျင့်အဖြစ် တာဝန်ယူနေသည့် ဖခင်ဖြစ်သူ ဂျော်ဂျီမက်ဆီသည် ဩဂုတ် ၈ ရက်က အသက် ၆၈ နှစ်တွင် ကွယ်လွန်ခဲ့ကြောင်း Fabrizio Romano သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။



ဂျော်ဂျီမက်ဆီသည် မက်ဆီ၏ ပရော်ဖက်ရှင်နယ် ကစားသမားဘဝမစတင်မီ ကလေးဘဝတည်းက ကြီးထွားမှုဟော်မုန်းရောဂါ ခံစားနေရချိန်နှင့် မိသားစုငွေကြေးကြောင့် ခက်ခဲနေချိန်တို့တွင် ဘာစီလိုနာအသင်းနှင့် ချိတ်ဆက်ခဲ့ကာ မက်ဆီ၏ကစားသမားဘဝကို အကောင်းဆုံး ပြုစုပျိုးထောင်ခဲ့ပြီး မက်ဆီ၏ ကစားသမားဘဝ အောင်မြင်မှုများတွင်လည်း အရေးအပါဆုံးသူ ဖြစ်ခဲ့သည်။

ထို့အတူ ဂျော်ဂျီမက်ဆီသည် မက်ဆီ ကစားသမားဘဝ အသင်းအပြောင်းအရွှေ့ ကိစ္စရပ်များ၌ ဦးဆောင်ကာ ဘာစီလိုနာအသင်း၊ ပီအက်စ်ဂျီအသင်း၊ အင်တာမီယာမီအသင်းတို့ထံ အဆင့်ဆင့်ပြောင်းရွှေ့ကစားခဲ့ရာတွင်လည်း အေးဂျင့်အဖြစ် ဆောင်ရွက်ခဲ့သူဖြစ်သည်။

ဂျော်ဂျီမက်ဆီသည် ကာလရှည်ကျန်းမာရေး မကောင်းမှုကြောင့် ဆေးရုံတွင်ဆေးဝါးကုသမှုခံယူနေစဉ်အတွင်း အသက် ၆၈ နှစ်တွင် ကွယ်လွန်ခဲ့ခြင်းဖြစ်သည်။

ဂျော်ဂျီမက်ဆီ ကွယ်လွန်ခဲ့ခြင်းအတွက် ကမ္ဘာ့တစ်ဝန်းမှထိပ်တန်းကလပ် အသင်းကြီးများက ဝမ်းနည်းကြောင်း စာများ အသီးသီး ထုတ်ပြန်ခဲ့ကြကြောင်း သိရသည်။

**Ref : Fabrizio Romano**

**Trs : STA**

# ဖိလစ်ပိုင်နိုင်ငံတွင် မိုးသည်းထန်စွာ ဆက်လက်ရွာသွန်းနေသဖြင့် ရေဘေးသင့်ပြည်သူများကို ဈေးဝယ်စင်တာများ၌ ခိုလှုံခွင့်ပေးထား



**မနီလာ ဩဂုတ် ၉**

ဖိလစ်ပိုင်နိုင်ငံတွင် မိုးသည်းထန်စွာ ဆက်လက်ရွာသွန်းနေသဖြင့် ရေကြီးရေလျှံမှုများဖြစ်ပွားနေသောကြောင့် ရေဘေးသင့်ပြည်သူများကို ဈေးဝယ်စင်တာများ၌ ခိုလှုံခွင့်ပေးထားကြောင်း ယနေ့သတင်းများအရ သိရသည်။

ဖိလစ်ပိုင်နိုင်ငံတွင် အနောက်တောင်မုတ်သုံလေ အားကောင်းလာခြင်းကြောင့် မိုးသည်းထန်စွာ ရွာသွန်းနေပြီး ရေကြီးရေလျှံမှုများ ဖြစ်ပေါ်နေသဖြင့် ရေဘေးသင့်ပြည်သူများအတွက် မြို့တော်မနီလာရှိ ဈေးဝယ်စင်တာများကို ယာယီခိုလှုံရေး စခန်းများအဖြစ် ဖွင့်လှစ်ပေးထားကြောင်း၊ အဆိုပါ ခိုလှုံရေးစခန်းများအဖြစ် ဖွင့်လှစ်ခဲ့သည့် ဈေးဝယ်စင်တာများတွင် ရေဘေးသင့်ပြည်သူများကို အနားယူခွင့်ပြုထားသည့်အပြင် အခမဲ့ Wi-Fi၊ သန့်စင်ခန်း၊ သောက်သုံးရေ၊ တစ်ကိုယ်ရေသုံး သန့်ရှင်းရေးပစ္စည်းများကို ပံ့ပိုးပေးလျက်ရှိကြောင်း၊ ထို့ပြင် ယာဉ်များအခမဲ့ ရပ်နားခွင့်လည်း ပေးထားကြောင်း သိရသည်။

ထို့ကြောင့် ရေကြီးရေလျှံမှု အခြေအနေ ပြင်းထန်လာပါက ယာယီခိုလှုံရာ လိုအပ်နေသော ပြည်သူများကို ၎င်းတို့၏ အသက်အန္တရာယ် ဘေးကင်းရေးအတွက် အနီးဆုံးရှိ ဈေးဝယ်စင်တာသို့ သွားရောက်ရန်၊ မိုးရွာသွန်းမှုနှင့် ရေကြီးရေလျှံမှုများ ဆက်လက်ဖြစ်ပွားနေသောကြောင့် ဒေသခံများကို သတိရှိရှိနေထိုင်ရန်နှင့် လိုအပ်သော ကြိုတင်ကာကွယ်မှုများလုပ်ဆောင်ရန် ဖိလစ်ပိုင်နိုင်ငံ အစိုးရ အာဏာပိုင်များက တိုက်တွန်းထားကြောင်း သိရသည်။

Ref : Sputnik News

Trs : Sai Sat

# ဂျပန်နိုင်ငံ ကူမာမိုတိုစီရင်စုတွင် ပြင်းအား ၇ ဒသမ ၁ မဂ္ဂနီကျူအဆင့်ရှိ ငလျင်လှုပ်ခတ်ခဲ့သောကြောင့် သေဆုံးသူ ၃၉ ဦးထိမြင့်တက်လာ

**တိုကျို ဩဂုတ် ၉**

ဂျပန်နိုင်ငံ အနောက်တောင်ပိုင်း ကူမာမိုတိုစီရင်စုတွင် ဇူလိုင်လကုန်ပိုင်းက လှုပ်ခတ်ခဲ့သည့် ပြင်းအား ၇ ဒသမ ၁ မဂ္ဂနီကျူ အဆင့်ရှိ အင်အားပြင်းငလျင် လှုပ်ခတ်ခဲ့သောကြောင့် သေဆုံးသူ ၃၉ ဦးထိ မြင့်တက်လာကြောင်း ယနေ့သတင်းများအရ သိရသည်။

လက်ရှိတွင် ငလျင်ကြောင့် ဒေသခံလူဦးရေ ၆၅၀၀ ကျော်သည် ဘေးလွတ်ရာ ယာယီစခန်းများတွင် ခိုလှုံနေထိုင်နေရကြောင်း၊ အဆိုပါငလျင်သည် ဂျပန်နိုင်ငံ၏ ငလျင်ပြင်းထန်မှု စကေးအရ အမြင့်ဆုံးအဆင့်ဖြစ်သည့် ၇ ဒသမ ၁ မဂ္ဂနီကျူအဆင့်ထိ ရောက်ရှိခဲ့သဖြင့် ယခုကဲ့သို့ လူသေဆုံးမှု၊ နေအိမ်များနှင့် အဆောက်အအုံများ ပျက်စီးမှု၊ လမ်းပန်းဆက်သွယ်ရေး ပြတ်တောက်မှုဖြစ်ပွားခဲ့ပြီး အချို့ဒေသများတွင် နေထိုင်သူများကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ရကြောင်း အာဏာပိုင်များက ပြောကြားခဲ့ သည်။



ငလျင်သည် အင်အားပြင်းထန်သော အဆင့်ဖြစ်သောကြောင့် ငလျင်ဒဏ်သင့် ဒေသများတွင် အဆောက်အအုံများ၏ လုံခြုံမှုကို စစ်ဆေးခြင်းနှင့် ထပ်မံငလျင်လှုပ်ခတ်နိုင်သည့် အန္တရာယ်များကို စောင့်ကြည့်ခြင်းများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။

လက်ရှိတွင် ငလျင်ဒဏ်သင့် ဒေသများတွင် ကယ်ဆယ်ရေး လုပ်ငန်းများနှင့် ပျက်စီးဆုံးရှုံးမှုများကို စစ်ဆေးခြင်းများ ဆက်လက်လုပ်ဆောင်နေပြီး ဘေးလွတ်ရာ ရွှေ့ပြောင်းထားရသူများအတွက် အစားအစာ၊ သောက်သုံးရေနှင့် နေထိုင်ရေးဆိုင်ရာ လိုအပ်ချက်များကို သက်ဆိုင်ရာအာဏာပိုင်များနှင့် ကယ်ဆယ်ရေးအဖွဲ့များက ဆက်လက်ပံ့ပိုးပေးလျက်ရှိကြောင်း သိရသည်။

Ref : Russia Today

Trs : KZ

# ဗြိတိန်နိုင်ငံတွင် အပူလှိုင်းဖြတ်သန်းကာ အပူချိန်မြင့်တက်နိုင်သော်လည်း မြို့အများအပြားတွင် မိုးသည်းထန်စွာရွာသွန်းနိုင်ကြောင်းထုတ်ပြန်

**လန်ဒန် ဩဂုတ် ၉**

ဗြိတိန်နိုင်ငံတွင် လာမည့်ရက်ပိုင်းအတွင်း အပူလှိုင်းဖြတ်သန်းကာ အပူချိန်မြင့်တက်မှု ဖြစ်ပေါ်နိုင်သော်လည်း မြို့အများအပြားတွင် မိုးသည်းထန်စွာရွာသွန်းနိုင်ကြောင်း ဗြိတိန်မိုးလေဝသဌာနက ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

မိုးသည်းထန်စွာရွာသွန်းမှုသည် ဗြိတိန်နိုင်ငံ တောင်ဘက်ပိုင်းတွင် ဖြစ်ပေါ်နိုင်ပြီး မိုးသက်လေပြင်းအသွင် တိုက်ခတ်နိုင်ကြောင်း၊ မိုးသက်လေပြင်း တိုက်ခတ်ပါက ရေဘေးအန္တရာယ်ကို သတိပြုရမည်ဖြစ်ပြီး လိုအပ်သော ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ထားရန် လိုအပ်ကြောင်း ဗြိတိန်မိုးလေဝသဌာနက ထုတ်ပြန်သွားခဲ့သည်။

"ဗြိတိန်နိုင်ငံတစ်ဝန်း လာမဲ့ရက်ပိုင်းအတွင်း အပူလှိုင်းဖြတ်သန်းပြီးတော့ အပူချိန်မြင့်တက်မဲ့ လက္ခဏာတွေ တိုင်းတာရရှိထားပါတယ်။ အပူချိန်မြင့်တက်မှု သတိပေးချက်တွေလဲ ထုတ်ပြန်ထားပါတယ်။ ဒါပေမဲ့ မြို့တော်တော်များများမှာ လာမဲ့ရက်ပိုင်းအတွင်း မိုးသည်းထန်စွာ ရွာသွန်းလာနိုင်ပါတယ်။ အထူးသဖြင့် အင်္ဂလန်နိုင်ငံ မြောက်ဘက်ပိုင်း ဒေသတွေ၊ တောင်ပိုင်းဒေသတွေနဲ့ စကော့တလန်နိုင်ငံ၊ မြောက်အိုင်ယာလန်နိုင်ငံတို့မှာ မိုးရေချိန် မြင့်မားနိုင်တဲ့အပြင် မိုးသက်လေပြင်း ကျရောက်နိုင်တဲ့ အတွက်ကြောင့် ရေကြီးရေလျှံမှုတွေနဲ့ ရင်ဆိုင်ရနိုင်ပါတယ်။ ရေဘေးအန္တရာယ်ကာကွယ်ရေးအတွက် ကြိုတင်ပြင်ဆင်မှုတွေ ပြုလုပ်ထားဖို့ လိုအပ်ပါတယ်"ဟု ဗြိတိန်မိုးလေဝသဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသွားခဲ့သည်။

Ref : Sputnik News

Trs : Sai Sat

# မက်ကန်တွင် ရေကျဆင်းနေကြောင်း အမေရိကန် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအဖွဲ့အစည်းက ထုတ်ပြန်

**ဝါရှင်တန် ဩဂုတ် ၉**

အမေရိကန်နိုင်ငံ ကော်လိုရာဒိုပြည်နယ် ကော်လိုရာဒိုမြစ်ဖြင့် ဆက်သွယ်ထားသော မက်ကန်တွင် မိုးရေချိန်နည်းပါးမှုနှင့် မြေအောက်ရေ ခန်းခြောက်မှုတို့ကြောင့် ကန်အတွင်း ရေကျဆင်းနေကြောင်း အမေရိကန်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအဖွဲ့အစည်းက ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

မက်ကန်သက်တမ်းတစ်လျှောက် အဆိုးရွားဆုံးရေကျဆင်းမှုတစ်ရပ်ဖြစ်ပြီး မက်ကန်မှရေကို သောက်သုံးရေအတွက် အားထားနေရသည့် အခြေအနေဖြစ်၍ မက်ကန် ရေခန်းခြောက်ခြင်းသည် သောက်သုံးရေဖူလုံစွာ ပေးဝေနိုင်ရေးအတွက် အခက်အခဲရှိနိုင်ကြောင်း၊ အလားတူ ကော်လိုရာဒိုမြစ်ရေ ခန်းခြောက်မှုကြောင့်လည်း ရေလှောင်တမံများတွင် ရေသိသိသာသာ ကျဆင်းနေခြင်းကြောင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍများအတွက် ရေပေးဝေရေးကို အကန့်အသတ်ဖြင့်သာ ပေးဝေနိုင်တော့မည်ဖြစ်ကြောင်း ရေထုအရင်းအမြစ်ဝန်ကြီးဌာနက ထုတ်ပြန်သွားခဲ့သည်။

"ကော်လိုရာဒိုမြစ်ရေ ခန်းခြောက်မှုကြောင့် မက်ကန်မှာ ရေတွေ ကျဆင်းနေပါတယ်။ သက်တမ်းတစ်လျှောက် ရေအဆိုးရွားဆုံး ကျဆင်းမှုတစ်ရပ်ဖြစ်ပါတယ်။ ဒီလောက်ထိ ရေကျဆင်းတာ မဖြစ်ဖူးပါဘူး။ မက်ကန်ကနေ ရေပေးဝေမှုတွေပြုလုပ်ပေးနေပြီးတော့ လူဦးရေ သန်း ၃၀ လောက်က မက်ကန်က ရေကို အားထားနေရပါတယ်။ ကော်လိုရာဒိုမြစ်ရေကျဆင်းလာမှုက မက်ကန်ကိုတိုက်ရိုက် ထိခိုက်စေပါတယ်"ဟု အမေရိကန် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအဖွဲ့အစည်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသွားခဲ့ကြောင်း သိရသည်။

Ref : Russia Today

Trs : Sai Sat

# ကနေဒါနိုင်ငံ ဗြိတိသျှကိုလံဘီယာပြည်နယ်တွင် လောင်ကျွမ်းနေသောတောမီးကို ထိန်းချုပ်ရန် ခက်ခဲလာသဖြင့် အရေးပေါ်အခြေအနေသတ်မှတ်

**အော့တဝါ ဩဂုတ် ၉**

ကနေဒါနိုင်ငံ ဗြိတိသျှကိုလံဘီယာပြည်နယ်တွင် လောင်ကျွမ်းနေသောတောမီးကို ထိန်းချုပ်ရန် ခက်ခဲလာသဖြင့် အရေးပေါ်အခြေအနေ သတ်မှတ်ခဲ့ရကြောင်း ယနေ့သတင်းများအရ သိရသည်။

ဗြိတိသျှကိုလံဘီယာပြည်နယ်တွင် တောမီးလောင်ကျွမ်းမှုသည် ပိုမိုပြင်းထန်လာပြီး လူနေရပ်ကွက်များဆီ ကူးစက်လောင်ကျွမ်းခဲ့ရာ ကယ်ဆယ်ရေးအဖွဲ့များက ဒေသခံပြည်သူ ၂၀၀၀၀ ကျော်ကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းခဲ့ရကြောင်း သိရသည်။

တောမီးသည် ညတွင်းချင်း သစ်တောဧရိယာ ဟက်တာ ၉၅၀၀ ခန့်ထိ ပျံ့နှံ့လောင်ကျွမ်းခဲ့ပြီး လက်ရှိတောမီး၏ မီးတောက်များသည် ပေ ၂၀၀ အထက်ထိ မြင့်တက်နေကြောင်း၊ တောမီးသည် လူနေအိမ်များဆီ ကူးစက်လောင်ကျွမ်းခဲ့သဖြင့် အိမ်များ ပျက်စီးဆုံးရှုံးခဲ့ရပြီး လူတချို့ နေအိမ်ထဲပိတ်မိနေသည့်အတွက် အရေးပေါ် ကယ်ဆယ်ရှာဖွေရေး လုပ်ငန်းများ ဆောင်ရွက်ခဲ့ရကြောင်း သိရသည်။

ယခုကဲ့သို့ အရေးပေါ်အခြေအနေ သတ်မှတ်လိုက်ခြင်းကြောင့် ဗြိတိသျှ ကိုလံဘီယာပြည်နယ် အစိုးရအနေဖြင့် အရေးပေါ်ကယ်ဆယ်ရေးလုပ်ငန်းများကို ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် ပူပြင်းခြောက်သွေ့သည့် ရာသီဥတုကြောင့် တောမီးများ ပိုမိုပျံ့နှံ့လောင်ကျွမ်းနိုင်သဖြင့် မီးသတ်တပ်ဖွဲ့ဝင်ဦးရေ ၁၅၀၀ ခန့်ကို စေလွှတ်ထားပြီး တောမီးကို ထိန်းချုပ်နိုင်ရေးကြိုးပမ်းနေကြောင်း သိရသည်။

Ref : Sputnik News

Trs : KZ

သစ်ပင်စိုက်ပါ တို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

# အညာမြေနဲ့ ဝါခင်းဖွေးဖွေးများ

ဒေါက်တာသူဇာဝင်း(စိုက်ပျိုးရေး)

"မောင်တို့ရွာမှာကွယ် ဘာဘာတွေပေါတယ်။ ပင်ထနောင်းနဲ့ ထန်းပင်တွေရယ် မန်းကျည်းဝါးပင် ပေါပါတယ်။ ပင်၊ ပင်နီချောရယ်နဲ့ယောထမီ၊ ယောထမီ မောင့်ချစ်သူလေးကိုလှ ဆင်ပေးချင်သည် လှစေချင်သည်"ဟူသော တေးရေးစိန်မောင်မြင့်ရေးသားထားသည့် ယောသူတို့ရွာသီချင်းကို ကြားလိုက်ရုံဖြင့် ယောသူလေးများ ဝတ်ဆင်ထားသော ပင်နီအင်္ကျီနှင့် ယောထဘီကို ပြေးမြင်မိပါသည်။ အညာဒေသအကြောင်းကို ပြန်ပြောင်းသတိရမိတိုင်း စေတီပုထိုးများနှင့် ဘုန်းကြီးကျောင်းအိုကြီးများသာမကဘဲ အညာသူ၊ အညာသားတို့၏ ချွေးစက်များဖြင့် ပုံဖော်ထားသည့် ဝါစိုက်ခင်းများထက်မှ ဝါပေါက်ဖွေးဖွေးကြီးများကိုလည်း စိတ်အစဉ်မှာ ပြန်လည်မြင်မိပါသည်။

မြန်မာနိုင်ငံအလယ်ပိုင်း အညာမြေဒေသတွင် ရာသီဥတုနှင့် မြေဆီလွှာသည် ဝါသီးနှံစိုက်ပျိုးရေးအတွက် အထူးသင့်တော်မှုရှိသဖြင့် တောင်သူများက ဝါသီးနှံကို စိုက်ပျိုးလေ့ရှိကြပေသည်။ အထူးသဖြင့် မကွေး၊ မန္တလေးနှင့်စစ်ကိုင်းတိုင်းဒေသကြီးတို့၏ ပူပြင်းသည့် နေရောင်ခြည်အောက်တွင် ဝါစိုက်ခင်းအများအပြားကို လှပသည့်ပန်းချီကားတစ်ချပ်သဖွယ်တွေ့နိုင်ပေသည်။ အညာဒေသတွင် ချည်မျှင်တိုဝါမျိုးများကို ရှေးယခင်ကတည်းက စိုက်ပျိုးခဲ့ကြခြင်းဖြစ်သည်။ အများဆုံးစိုက်ခဲ့သည့် ချည်မျှင်တိုဝါမျိုးများမှာ ဝါကြီးနှင့် မလှိုင်-၅၊ မလှိုင်-၆ ဝါမျိုးများဖြစ်ကြပြီး တချို့က မလှိုင်ဝါမျိုးများကို ဝါကလေးဟုလည်း ခေါ်ကြသည်။

ချည်မျှင်တိုဝါမျိုးများသည် မိုးခေါင်ရေရှားမှုကို ခံနိုင်ရည်ရှိပြီး အညာဒေသ၏ခြောက်သွေ့ကြမ်းတမ်းသော ရာသီဥတုတွင်ပင် သဘာဝအတိုင်း ရဲရဲဝံ့ဝံ့ပွင့်လန်းနိုင်သည့် ဝါအမျိုးအစားဖြစ်သည်။ ဝါခင်းများမှ ကောက်ယူရရှိသော ဝါများကို ချည်မျှင်ဖြစ်အောင်ငင်ပြီး ရိုးရာလက်ရက်ကန်းများဖြင့် အဝတ်အထည်များရက်လုပ်လေ့ရှိကြသည်။ ချည်မျှင်တိုဝါမှရရှိသည့် ချည်သည် ခိုင်ခံ့သဖြင့် ရှေးခေတ်အညာသူတို့၏ ရက်ကန်းစင်များထက်တွင် ပင်နီအင်္ကျီ၊ ယောထဘီ၊ ပုဆိုးနှင့် ရိုးရာချည်ထည်များ၊ အိတ်များရက်လုပ်ကြသည်။ သီချင်းထဲက "ပင်နီချောရယ်နဲ့ ယောထဘီ"မှာ အညာဒေသ၏ အဓိကသက်မွေးဝမ်းကျောင်းနှင့် ယဉ်ကျေးမှု၏ ဒွန်တွဲမှုကို ဖော်ညွှန်းနေခြင်းဖြစ်ပေသည်။

နည်းပညာများ တိုးတက်လာသည်နှင့်အမျှ တန်ဖိုးမြင့်အထည်အလိပ်များ ထုတ်လုပ်ရန်အတွက် "ချည်မျှင်ရှည်ဝါ" များကို တိုးချဲ့စိုက်ပျိုးလာကြသည်။ ချည်မျှင်ရှည်ဝါသည် ဂွမ်းမွေးရှည်လျားပြီး နူးညံ့ကာ ခိုင်ခံ့သည့်အတွက် စက်ရုံကြီးများတွင် အဆင့်မြင့်ချည်ထည်များ၊ ပိုးထည်ကဲ့သို့ နူးညံ့သော အထည်အလိပ်များနှင့် ပို့ကုန်အဆင့်မီအထည်များ ထုတ်လုပ်ရာတွင် အလွန်အရေးပါလှသည်။ နည်းပညာစနစ်တကျ စိုက်ပျိုးထုတ်လုပ်မှုကြောင့် ရရှိလာသော ချည်မျှင်ရှည်ဝါများသည် အညာဒေသ၏ စီးပွားရေးကို ပိုမိုခိုင်မာသည့်သီးနှံဖြစ်လာခဲ့သည်။

ချည်မျှင်တိုဝါကို မိုးရာသီတွင်သာ စိုက်လေ့ရှိသော်လည်း ချည်မျှင်ရှည်ဝါကိုမူ မိုးကြို၊ မိုးလယ်၊ မိုးနှောင်းကာလများတွင် စိုက်ပျိုးကြသည်။ မိုးကြိုချည်မျှင်ရှည်ဝါကို ဖြည့်စွက်ရေပေးသွင်းနိုင်သော ဒေသများ၌ ဖေဖော်ဝါရီလနှင့် မတ်လများတွင် စိုက်ပျိုးလေ့ရှိကြပြီး ဇူလိုင်၊ ဩဂုတ်လများတွင် ရင့်မှည့်သောဝါများ ကောက်သိမ်းလေ့ရှိသည်။ မိုးကြိုဝါသည် ဆည်ရေသောက်၊ ကန်ရေသောက်ဒေသများတွင် တစ်ကွင်းတစ်စပ်တည်း စိုက်ပျိုးလေ့ရှိကြပြီး မိုးလယ်၊ မိုးနှောင်းကာလ စိုက်ပျိုးသည့် ဝါများထက် အထွက်နှုန်းပိုများကြောင်း သိရသည်။ မြန်မာနိုင်ငံ၏ ဝါစိုက်ပျိုးမှုမှာ မိုးလယ်နှင့်မိုးနှောင်းတွင် စိုက်ပျိုးကြသည်ဖြစ်၍ အဆိုပါဝါစိုက်ခင်းများမှ ဝါသီးများမှာ ဆောင်းဦးနှင့် ဆောင်းရာသီသို့ကူးပြောင်းချိန်ရောက်သည့်အခါတိုင်း ဝါပေါက်များအဖြစ် ဖြူဖွေးဝေဆာစွာ ပွင့်လန်းလာကြသည်မှာ အညာတစ်ခွင်ကို နှင်းပွင့်များဖုံးလွှမ်းသွားသကဲ့သို့ပင် ထင်မှတ်ရသည်။



စိမ်းလန်းသော ဝါရွက်များကြားတွင် ဖြူဖြူဖွေးဖွေးဖြင့် အလှကြီးလှနေသော ဝါဂွမ်းပွင့်များသည် အညာဒေသ၏ သဘာဝအလှကို ပန်းချီကားတစ်ချပ်သဖွယ် ပိုမိုသက်ဝင်စေသည့်ဒေသထွက်ကုန်စည်ရတနာများပင်ဖြစ်သည်။ မိုးသောက်ယံ နံနက်ခင်းစောစောတွင် ခေါင်းပေါင်းကလေးများပေါင်း၊ ခြင်းတောင်းကလေးများ ကိုယ်စီလွယ်ကာ ဝါခင်းကြီးများဆီသို့ ဝါကောက်ရန် သွားသည့် အညာသူတို့၏ အပြုံးများ၊ ဝါကောက်ရင်း ရယ်မောစကားသံများသည် ကျေးလက်ဘဝ၏ ရိုးသားဖြူစင်မှုကို မီးမောင်းထိုးပြနေသည်။

ဝါစိုက်ပျိုးခြင်းသည် အညာသူ၊ အညာသားတို့အတွက် မိသားစုစီးပွားရေး၊ ဒေသတွင်းရက်ကန်းလုပ်ငန်းများကို ရေရှည်တည်တံ့စေသည့်လုပ်ငန်းများဖြစ်သည်။ ဝါခင်းများမှရရှိသော ဝါဂွမ်းများသည် အဝတ်အထည်ဖူလုံစေရုံသာမက ဒေသခံတို့၏ လူနေမှုဘဝကိုပါ မြှင့်တင်ပေးသည်။ စာရေးသူ၏ အဘိုးအဘွားများက "ငါ့မြေးရေ ဒီအိမ်ကြီးက ငါတို့ ဝါစိုက်ပြီး ဝါရောင်းလို့ရတဲ့ငွေတွေနဲ့ဆောက်ခဲ့တာ နွားတွေဆိုရင်လဲ ဝါရောင်းရတဲ့ငွေတွေနဲ့ပဲ ဝယ်နိုင်ခဲ့တာပေါ့။ ငါတို့တုန်းက ပိုးသတ်ဆေး၊ မြေဩဇာတွေဆိုတာ ရွာသားတွေက မသုံးတတ်သေးဘူး။ ငါတို့ကလဲ အစတုန်းကတော့ သုံးရကောင်းမှန်း မသိဘူး။ နောက်မှသုံးကောင်းမှန်းသိတော့ တအားသုံးလာကြပါတယ်"ဟု ပြောဖူးသည်။

စာရေးသူ၏ အဘိုးအဘွားတို့လက်ထက်က စီးပွားရေးအလွန်တွက်ခြေကိုက်ခဲ့သော ဝါသီးနှံစိုက်ပျိုးမှုသည် စာရေးသူ၏ အဖေ၊ အမေတို့စိုက်ပျိုးချိန်မှာ ဝါမျိုးကြောင့်သော်လည်းကောင်း၊ ဈေးကွက်အနေအထားအရသော်လည်းကောင်း တောင်သူများ စိတ်ဝင်စားမှုနည်းပါးလာပြီး စိုက်လိုအားကျဆင်းစပြုလာခဲ့သည်။ ဝါစိုက်သည့်အခါ ဝါမျိုးများ မျိုးမသန့်စင်သဖြင့် အထွက်နှုန်းကျလာကြောင်း၊ အချို့ဝါစိုက်ခင်းများ အပင်ကြီးသာကြီးပြီး အသီးမသီးကြောင်း သိရသည်။

နောက်ပိုင်းစာရေးသူ လေ့လာမိသလောက်သိရသည်မှာ ထိုအချိန်က တောင်သူများအများဆုံး စိုက်လေ့ရှိသော လွန်ကျော်-၃ ဝါမျိုး၏ ဗီဇယုတ်လျော့လာခြင်း၊ သီးလုံးဖောက်ပိုးကျရောက်ဖျက်ဆီးမှုခံရခြင်း၊ ရာသီဥတုပြောင်းလဲလာမှု အခြေအနေများ ခံစားလာရခြင်းကြောင့် ဝါအထွက်နှုန်းလျော့ကျလာပြီး ဝါဈေးနှုန်းတည်ငြိမ်မှုမရှိသည့်အတွက် ဝါစိုက်ပျိုးထုတ်လုပ်မှု တဖြည်းဖြည်း နည်းလာခဲ့သည်။ ဝါသီးနှံသည် စက်မှုသီးနှံဖြစ်သည့်အလျောက် ဝါစိုက်ခင်းများမှ ကောက်ယူပြီးသည့်ဝါပေါက်များကို တောင်သူများမှနေ၍ ဝါအဝယ်ဒိုင်များသို့ သွားရောက်ရောင်းချရသည်။ ချည်မျှင်ရှည်ဝါသည် ချည်မျှင်တိုဝါထက် ဈေးကောင်းပိုရသည်။ ထို့ကြောင့် အချို့တောင်သူများက ဝါပေါက်များ အလေးချိန်တိုးစေရန် ရေဖျန်း၍ရောင်းခြင်း၊ ဆားပက်၍ရောင်းခြင်းများရှိသကဲ့သို့ ဈေးပိုရရန်ချည်မျှင်တိုဝါနှင့် ချည်မျှင်ရှည်ဝါမျိုးများကို ရောနှော၍ရောင်းခြင်းများလည်းရှိကြကြောင်း သိရသည်။ ထိုသို့သော လုပ်ရပ်များကြောင့်လည်း ဝါမျိုးများ ရောနှော၍ မျိုးမသန့်မှုများ ဖြစ်ခဲ့ရသည်။ ၂၀၀၇ ခုနှစ်ခန့်တွင် သီးလုံးဖောက်ပိုးဒဏ်ခံနိုင်ရည်ရှိသည့် ငွေချည်-၆ ချည်မျှင်ရှည်ဝါမျိုး တောင်သူများ စိုက်ပျိုးလာကြသည်။ ဝါအဝယ်ဒိုင်များကလည်း ငွေချည်-၆ ဝါမျိုးကိုသာ ဝယ်ယူကြသည်။

ခေတ်ကာလများ ပြောင်းလဲလာသည်နှင့်အမျှ စိုက်ပျိုးရေးနည်းပညာများ တိုးတက်လာပြီး ဝါစိုက်ပျိုးမှုတစ်ခေတ်ပြန်လည်နိုးထလာသည်။ နိုင်ငံတော်မှလည်း ဝါစိုက်ပျိုးထုတ်လုပ်မှုတိုးတက်စေရေးအတွက် လိုအပ်သည်များကို ဖြည့်ဆည်းပံ့ပိုးပေး၍ ဝါစိုက်ဧကများတိုးတက်လာရေးကို အားပေးကူညီလျက်ရှိသည်။ စိုက်ပျိုးရေးဦးစီးဌာနအောက်ရှိ ဝါနှင့် လျှော်မျှင်ထွက်သီးနှံဌာနခွဲမှ သီးလုံးဖောက်ပိုးဒဏ်ခံနိုင်ရည်ရှိသည့်အပြင် စုပ်ပိုးဒဏ်ပါ အသင့်အတင့်ခံနိုင်သည့် ရွှေတောင်-၈ ဝါမျိုးကို ၂၀၁၃-၂၀၁၄ ခုနှစ်တွင်လည်းကောင်း၊ ငွေချည်-၉ ဝါမျိုးကို ၂၀၁၅-၂၀၁၆ ခုနှစ်တွင်လည်းကောင်း ထုတ်လုပ်ဖြန့်ဖြူးပေးခဲ့သည်။ နောက်ပိုင်းတွင် ရွှေတောင်-၁၀၊ ငွေချည်-၁၁ စသည့်ဝါမျိုးများကိုပါ အဆိုပါဌာနမှ ဖြန့်ဖြူးပေးနိုင်ခဲ့သည်။

ဝါစိုက်တောင်သူများအနေဖြင့် နိုင်ငံတော်၏ ပံ့ပိုးမှုများ၊ နည်းပညာသစ်များကိုအသုံးချပြီး စိုက်ပျိုးရေးပညာရှင်များ၏ အကြံပြုချက်များနှင့်အညီ ဝါမျိုးကောင်းမျိုးသန့်များ စနစ်တကျစိုက်ပျိုးမည်ဆိုလျှင် အောင်မြင်ဖြစ်ထွန်းသည့် ဝါခင်းကြီးများကို မြင်တွေ့ရမည်ဖြစ်သည်။ ထိုသို့ အောင်မြင်ဖြစ်ထွန်းသည့်ဝါခင်းကြီးများတွင် ဝါကောက်နေကြသည့် အညာသူလုံမပျိုများ၊ ကောက်ယူပြီးသည့်ဝါများကို အိတ်ကြီးများတွင်ထည့်၍ သယ်ဆောင်နေကြသည့် လုလင်ပျိုများဖြင့် အညာ၏သဘာဝအလှ၊ အညာသူ၊ အညာသား တို့၏ ရိုးသားမှုနှင့် သီးနှံဖြစ်ထွန်းမှုတို့ကို အမှန်တကယ်မြင်တွေ့ရတော့မည်ဖြစ်သည်။ အဘိုး၊ အဘွားများလက်ထက်က ဝါသီးနှံစိုက်ပျိုး၍ လူမှုစီးပွားဘဝများ တိုးတက်ခဲ့သကဲ့သို့ ယနေ့ခေတ်ကာလတွင်လည်း ဝါစိုက်သူတောင်သူများအနေဖြင့် စီးပွားရေးတွက်ခြေကိုက်ပြီး လူမှုဘဝများ ပိုမိုဖွံ့ဖြိုးလာမည်ဖြစ်သည်။

ဝါသီးနှံစိုက်ပျိုးရန်အတွက် ရာသီဥတုအခြေအနေအရ လိုက်လျောညီထွေမှုရှိသည့် အညာဒေသတွင် ဝါစိုက်ပျိုးထုတ်လုပ်မှုမှာ မည်သို့သော အခက်အခဲအတားအဆီးများရှိစေကာမူ ဝါစိုက်တောင်သူများ၏ ကြိုးပမ်းမှု၊ နိုင်ငံတော်၏ ပံ့ပိုးကူညီမှု၊ စိုက်ပျိုးရေးဦးစီးဌာန၏နည်းပညာကူညီမှုတို့ကြောင့် အညာမြေတွင် ဝါခင်းဖွေးဖွေးများ မြင်တွေ့ရတော့မည်ဖြစ်ပါသည်။

## မှတ်ပုံတင်မော်တော်ယာဉ်များအားလုံး ယာဉ်စစ်ဆေးပြီးမှသာ ယာဉ်မှတ်ပုံတင်လုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာ

၁။ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ထားသည့် မော်တော်ယာဉ်များအနက် Road Safety အရေးကြီးသည့် အများပြည်သူသယ်ယူပို့ဆောင်ရေးခရီးသည်တင်ယာဉ်များ၊ ယာဉ်မှန်၊မမှန်စစ်ဆေးခြင်း၊ ပြောင်းလဲခြင်းများအတွက် ယာဉ်စစ်ဆေးခြင်း၊ နယ်ဝင်ယာဉ်များကို စစ်ဆေးခြင်းတို့နှင့်အကျုံးဝင်သည့်ယာဉ်များ၊ Taxi အငှားယာဉ်များ၊ School Bus ယာဉ်များနှင့် နှစ်တန်နှင့်အထက် အငှားယာဉ်များကို ယာဉ်စစ်ဆေး၍ သက်တမ်းတိုးဆောင်ရွက်ပေးလျက်ရှိသည်။

၂။ ယခုအခါယာဉ်များကြံ့ခိုင်မှုကောင်းမွန်စေရေးနှင့် အများပြည်သူဆိုင်ရာလမ်းများပေါ်တွင် အန္တရာယ်ကင်းစွာသွားလာနိုင်ရေးအတွက် မှတ်ပုံတင်မော်တော်ယာဉ်များအားလုံးကို ၁-၁-၂၀၂၅ ရက်မှစ၍ ယာဉ်သက်တမ်းတိုးခြင်းအပါအဝင် ယာဉ်မှတ်ပုံတင်လုပ်ငန်းများအတွက် ယာဉ်စစ်ဆေးပြီးမှသာ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

# မရမ်းကုန်းမြို့နယ် နဝဒေးအဆင့်မြင့်ရုပ်ရှင်ရုံ၌ ကံညွှေ့သည်ရုပ်ရှင်ဇာတ်ကား Artistic Show ပွဲ ပြုလုပ်




**ရန်ကုန် ဩဂုတ် ၉**

ဩဂုတ် ၁၄ ရက်တွင် နိုင်ငံတစ်ဝန်းရှိ အဆင့်မြင့်ရုပ်ရှင်ရုံများတွင် ရုံတင်ပြသမည့် ကံညွှေ့သည် ရုပ်ရှင်ဇာတ်ကား Artistic Show ပွဲကို ဩဂုတ် ၈ ရက်က ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်ရှိ နဝဒေးအဆင့်မြင့်ရုပ်ရှင်ရုံ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ကံညွှေ့သည် ရုပ်ရှင်ဇာတ်ကား၏ ဝတ္ထုဇာတ်လမ်းကို လူညိုချောနှင့် မယ်မင်းဘုံတို့က ရေးသားထားပြီး သီလံက ဇာတ်ညွှန်းရေးသားကာ ဒါရိုက်တာ မယ်မင်းဘုံက အောင်သီရိ ရုပ်ရှင်ထုတ်လုပ်ရေးအတွက် တာဝန်ယူရိုက်ကူးထားကြောင်း သိရသည်။

"ဒီဇာတ်ကားက ဘုံတို့အားလုံးကြိုးစားထားတဲ့ ကံညွှေ့သည်ဇာတ်ကားလေးပါ။ မြန်မာတွေကြိုက်တဲ့ မြန်မာရုပ်ရှင်စစ်စစ်ကို ဘုံတို့သေချာရိုက်ပြီး ကြိုးစားထားပါတယ်။ ပုဂံရဲ့အလှအပတွေကို ဇာတ်လမ်းဇာတ်အိမ် ကောင်းကောင်းနဲ့ ပရိသတ်တွေကြည့်ရမှာပါ။ အရာအားလုံးက ကံကြုံရင်ဆုံရပြီး ကံကုန်ရင်တော့ ခွဲရတဲ့ပုံစံလေးမို့ ရုံတင်ရင်အားပေးကြပါအုံးလို့ ပြောချင်ပါတယ်"ဟု ဒါရိုက်တာ မယ်မင်းဘုံက ပြောပြသည်။

ကံညွှေ့သည် ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင် တိုင်ရွှန်၊ ရှိန်းတင့်ထူး၊ ညီနန္ဒ၊ အောင်ခိုင်၊ ဆင်မ၊ ညွှေ့သည်သရုပ်ဆောင် ကျော်ထက်အောင်၊ ခိုင်နှင်းဝေ၊ ရွှေသမီး၊ ဆုအိမ်စံ၊ စိုးမိုးကြည်၊ အေးအေးအောင်၊ ဝါဝါအောင်နှင့် အခြားအနုပညာရှင်များ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။ ASH

# Deadlocked အက်ရှင်ဇာတ်ကားသစ်၌ မင်းသား ဂျေမီဖောက် ပါဝင်သရုပ်ဆောင်မည်

**နယူးယောက် ဩဂုတ် ၉**

Amazon MGM စတူဒီယို၏ Deadlocked အမည်ရှိ အက်ရှင်ရုပ်ရှင် ဇာတ်ကားသစ်၌ အော်စကာဆုရှင် မင်းသား ဂျေမီဖောက် ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း ဩဂုတ် ၈ ရက် သတင်းများအရ သိရသည်။

Deadlocked ဇာတ်ကားသည် တရားသူကြီးတာဝန်ထမ်းဆောင်နေသည့် မရိန်းတပ်ဖွဲ့ဝင်တစ်ဦး တရားခွင်တစ်ခု၌ ဓားစာခံဖမ်းဆီးမှုပြဿနာ ပေါ်ထွက်လာချိန်တွင် ပါဝင်ဖြေရှင်းရန် ကြိုးပမ်းခဲ့ရပုံကို ဇာတ်အိမ်ဖွဲ့ ရိုက်ကူးမည့်ဇာတ်ကားဖြစ်သည်။

Deadlocked ဇာတ်ကားကို အိန္ဒိယဒါရိုက်တာ နစ်ဟီးဘက်က တာဝန်ယူ ရိုက်ကူးမည်ဖြစ်ပြီး အဆိုပါဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ အားရစ်စကော့အန်ဒါဆင်က တာဝန်ယူရိုက်ကူးမည်ဖြစ်သည်။

ဒါရိုက်တာ နစ်ဟီးဘက်သည် ဟိန္ဒီစကားပြော လျှို့ဝှက်သည်းဖို အက်ရှင်ဇာတ်ကားဖြစ်သည့် Kill ဇာတ်ကားကို တာဝန်ယူရိုက်ကူးခဲ့သူဖြစ်ကြောင်း သိရသည်။

Ref : Russia Today

Trs : KKO



# ချစ်ပန်းဝါဝါဇာတ်လမ်းကို ဩဂုတ်လတတိယပတ်အတွင်း ရွှေနဒီအပလီကေးရှင်းက ထုတ်လွှင့်ပြသသွားမည်ဖြစ်




**ရန်ကုန် ဩဂုတ် ၉**

TMW Film Production က ရိုက်ကူးထုတ်လုပ်သည့် ချစ်ပန်းဝါဝါဇာတ်လမ်းကို ဩဂုတ်လတတိယပတ်အတွင်း ရွှေနဒီအပလီကေးရှင်းက ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း အဆိုပါဇာတ်လမ်းကို တာဝန်ယူပုံဖော်ရိုက်ကူးထားသူ ဒါရိုက်တာ ကိုဇော်(အရုဏ်ဦး)ထံမှ သိရသည်။

ချစ်ပန်းဝါဝါဇာတ်လမ်းတွဲသည် စာရေးဆရာမ ခင်စောဦး၏ဝတ္ထုကို မယ်ခိုင်၊ ညာလက်တော်နှင့် မင်းကိုစိုးတို့က ဇာတ်ညွှန်းရေးသားပြီး ဒါရိုက်တာ ကိုဇော်(အရုဏ်ဦး)နှင့် လက်ထောက်ဒါရိုက်တာအိတို့က TMW Film Production အတွက် တာဝန်ယူပုံဖော်ရိုက်ကူးထားသည့် ဇာတ်လမ်းဖြစ်ကြောင်း သိရသည်။

"ဒီဇာတ်လမ်းက ရှေ့မှာရုပ်ရှင်ကြီး ရိုက်ကူးထားပြီးဖြစ်တဲ့ ဇာတ်လမ်းပါ။ ဒီဇာတ်လမ်းကို ကြိုက်တဲ့အတွက် ထပ်ရိုက်တာပါ။ လောကရဲ့ ပညတ်ချက်တွေထဲက သစ္စာမဲ့ခြင်းဆိုတဲ့ ကိုယ်ကျင့်တရားပိုင်းဆိုင်ရာစည်းကို ကျော်လွန်မိခဲ့မယ်ဆိုရင် တစ်ဘဝလုံးနာကျင်နေရမဲ့နောင်တတွေကို ခံနိုင်ရည်ရှိအောင် ပြင်ဆင်ထားဖို့လိုတယ်ဆိုတဲ့ အိမ်ထောင်ရေးပညာပေးဇာတ်လမ်းလေးပါ"ဟု ဒါရိုက်တာ ကိုဇော်(အရုဏ်ဦး)က ပြောပြသည်။

ချစ်ပန်းဝါဝါ ဇာတ်လမ်းတွဲတွင် သရုပ်ဆောင် မြင့်မြတ်၊ ညီထွဋ်ခေါင်၊ ထွန်းပုလဲရတနာ၊ နေခြည်ဦးနှင့် အခြားအနုပညာရှင်များ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။ ASH

# The Mummy ဇာတ်ကားသစ်၌ မင်းသား နူမင်အက်ကာ ပါဝင်မည်ဖြစ်

**နယူးယောက် ဩဂုတ် ၉**

ယူနီဗာဆယ်ရုပ်ရှင်ကုမ္ပဏီ၏ The Mummy ဇာတ်ကားသစ်၌ မင်းသား နူမင်အက်ကာ ပါဝင်သရုပ်ဆောင်မည် ဖြစ်ကြောင်း ဩဂုတ် ၈ ရက် သတင်းများအရ သိရသည်။

The Mummy ဇာတ်ကားတွင် မင်းသား နူမင်အက်ကာသည် မင်းသား ဘရန်ဒန်ဖရေဆာ၊ မင်းသမီး ရာချယ်ဝိုက်တို့နှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်သည်။

အဆိုပါ ဇာတ်ကားသစ်တွင် ယခင် The Mummy ဇာတ်ကားများ၌ ပါဝင်သရုပ်ဆောင်ခဲ့သည့် မင်းသား ကီဗင်ဂျေအိုကွန်နားနှင့် အိုဒက်ဖားတို့လည်း ပြန်လည်ပါဝင်လာမည်ဖြစ်သည်။

The Mummy ဇာတ်ကားသစ်ကို ဒါရိုက်တာ မက်ဘက်တီနယ်လီအော်ပင်နှင့် တေလာဂျီးလက်တို့က တာဝန်ယူရိုက်ကူးမည်ဖြစ်ပြီး အဆိုပါ ဇာတ်ကားသစ်အတွက် ဝတ္ထုဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ ဒေးဗစ်ကော့ဂျက်ရှဲက တာဝန်ယူ ရေးသားပေးထားကြောင်း သိရသည်။

အဆိုပါဇာတ်ကားကို ၂၀၂၇ ခုနှစ် အောက်တိုဘာ ၁၅ ရက်တွင် ရုံတင်ပြသရန် ယူနီဗာဆယ်ကုမ္ပဏီက စီစဉ်ထားကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO



# မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ်ရှိ အိုးဘိုရပ်ကွက်တွင် အိုးပုတ်ပွဲတော် ကျင်းပမည်

**မန္တလေး ဩဂုတ် ၉**

မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ်ရှိ အိုးဘိုရပ်ကွက်တွင် အိုးပုတ်ပွဲတော်ကို ဝါခေါင်လဆန်း ၇ ရက်နှင့် ဝါခေါင်လဆန်း ၈ ရက် (ဩဂုတ် ၂၀ ရက်နှင့် ဩဂုတ် ၂၁ ရက်)တို့တွင် ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း အိုးပုတ်ပွဲတော် ကျင်းပရေးကော်မတီမှ သိရသည်။

မန္တလေးမြို့၏ အထင်ကရဒေသဓလေ့ ရိုးရာပွဲတော်တစ်ခုဖြစ်သည့် အိုးပုတ်ပွဲတော်ကို အများပြည်သူ၏ တောင်းဆိုမှုများကြောင့် ယခုနှစ်မှ စတင်ကာ နှစ်ရက်ကြာ ကျင်းပသွားမည်ဖြစ်ပြီး ယခင်နှစ်များက အိုးပုတ်ပွဲတော်ကို ဝါခေါင်လဆန်း ၈ ရက် တစ်ရက်တည်းသာ ကျင်းပခဲ့သော်လည်း ယခုနှစ်တွင် ဝါခေါင်လဆန်း ၇ ရက်နှင့် ၈ ရက်တို့တွင် ကျင်းပရန် စီစဉ်ထားကြောင်း သိရသည်။

"ဒီပွဲတော်က တောင်ပြုန်းကြိုပွဲဆိုပြီးတော့လဲ လူသိများပါတယ်။ တောင်ပြုန်းပွဲတော်ကိုသွားမဲ့ ဈေးသည်တွေ တစ်ထောက်နားဈေးရောင်းတဲ့ပွဲလဲ ဖြစ်ပါတယ်။ အိုးပုတ်ပွဲတော် ကျင်းပခဲ့တာကြာပါပြီ။ အရင်ကတော့ တစ်ရက်ထဲပဲကျင်းပခဲ့တာပါ။ ဒီနှစ်မှာတော့ ဈေးသည်၊ ဈေးဝယ်တွေ တောင်းဆိုချက်အရ နှစ်ရက်ကျင်းပမှာပါ"ဟု အိုးပုတ်ပွဲတော်ကျင်းပရေး ကော်မတီအဖွဲ့ဝင် ဦးတိုးဝင်းက ပြောပြသည်။

အိုးပုတ်ပွဲတော်ကို အောင်မြေသာစံမြို့နယ် ရေဝတီမြစ်ကမ်းအနီးရှိ အိုးဘိုရပ်ကွက်တွင် ရှေးနှစ်ပေါင်းများစွာကတည်းက အစဉ်အလာမပျက် ကျင်းပလာခဲ့ကြခြင်းဖြစ်ပြီး ယခုနောက်ပိုင်းတွင် အိုးပုတ်ပွဲတော်ကို လူသိများကာ စိတ်ဝင်စားမှုမြင့်တက်လာသဖြင့် ပွဲတော်ကျင်းပရက်ကို နှစ်ရက်သို့ တိုး၍ကျင်းပရန် စီစဉ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ASH

# President U Min Aung Hlaing cordially encourages flood-affected people and provides relief supplies in Laymyethna Township, Hinthada District, Ayeyawady Region




**President U Min Aung Hlaing meets flood-affected people in Laymyethna Township.**

**Nay Pyi Taw August 9**

In Laymyethna Township, Ayeyawady Region, heavy rainfall caused water to break through the sand layer beneath the Ngawun River embankment, resulting in water flowing through the breach and causing a section of the embankment to subside. Consequently, water entered wards in Laymyethna and surrounding villages, as well as villages in Hinthada, Yekyi and Kyonpyaw townships, causing flooding and inundation. Rescue and relief operations are being carried out intensively through the collective efforts of the government, the Tatmadaw and security personnel, officials from relevant departments, social organizations and volunteers. Flood-affected residents are also being transported to and accommodated at temporary flood shelters.

**Inspecting flood-affected areas and prevention of erosion due to lowering the embankment and efforts to block deep water course**

President of the Republic of the Union of Myanmar U Min Aung Hlaing, accompanied by officials, inspected by helicopter travelling along the Pathein River route to Hinthada this morning the villages and residential areas affected by flooding caused by water overflowing from the Ngawun River embankment, the relocation of residents to temporary flood shelters, and damage to agricultural land caused by inundation. Based on reports from officials, the President instructed that priority must be given to addressing the immediate food and livelihood needs of flood-affected people and to rehabilitation efforts. The President also gave instructions to systematically undertake preventive measures in advance to minimize casualties and losses in the event of similar natural disasters in the future, as well as to address other necessary matters.

The President then arrived at Mile Post 25/3 of the Ngawun River embankment in Laymyethna Township, Hinthada District. From the helicopter, he inspected the ongoing efforts to protect the embankment from erosion and block the deep-water channel with placing geobags used for riverbank protection to reduce water erosion, constructing diversion barriers with geobags, protecting the water-facing slope of the embankment with pieces of geotextile and geobags, and blocking the deep-water channel by bundling and securing large sand-filled geobags and sandbags with nylon ropes and placing them using vessels and sand-dredging boats. Steel sheet piles are also being driven to block the water flow. These works are being carried out with the continued efforts of officials, technical experts and skilled workers from the Ministry of Agriculture, Livestock and Irrigation, the Ministry of Transport, and the Ministry of Construction, together with the Ayeyawady Region Government. The President gave guidance on the soonest completion of works in systematical ways and provisions of relief supplies to residents as quickly as possible.

**Comforting flood-affected people**

The President and party proceeded to Lahapa Village of Hinthada Township by car. The President cordially greeted flood-affected people. Hinthada District Administrator U Hlaing Win reported to the President on facts about the flood-hit people.



**President U Min Aung Hlaing provides relief supplies for flood-affected people in Laymyethna Township.**



**President U Min Aung Hlaing provides relief supplies for flood-affected people in Laymyethna Township.**

In giving words of encouragement, the President stated that he had made arrangements to come and meet the people since yesterday, but was unable to do so due to unfavourable weather conditions and had to inspect Kangyidaunt, Ngaputaw and Thabaung townships by helicopter instead. The government would provide all possible assistance and support to ease the difficulties faced by flood-affected people and helps them return to their normal livelihoods as soon as possible. Once the floodwaters recede, if the people themselves make efforts to carry out rehabilitation activities, they will be able to return to normal conditions as quickly as possible.

Ayeyawady Region is a region that places a major emphasis on agriculture and livestock farming and has a strong economy and long-standing traditions. Therefore, it is necessary to overcome the natural disasters currently being experienced by making effective use of the region's existing strengths and resources.

As tree planting is currently inadequate, systematically planting trees, including mangroves, manjansha trees and coconut trees, in dense stands will help provide a certain degree of protection against water erosion and strong winds. Efforts should also be made to ensure that waterways and water inlets are properly managed. The government will undertake measures to improve water flow in the Ayeyawady and Ngawun rivers and other rivers and creeks. Although natural disasters cannot be completely avoided, systematic preparedness and preventive measures can help minimize damage and losses.

It is encouraging to see generous donors continuously making contributions alongside the State. At the donation ceremony held yesterday, a total of more than K23 billion in donations was received. The President expressed his sympathy for the people over the damage and losses caused by the floods. Just as the State and donors are providing all possible assistance, local residents should also make concerted efforts to restore their livelihoods and return to their normal conditions. When schools that were temporarily closed due to the floods reopen, parents are urged to give priority to ensuring that their children return to school. Education not only provides knowledge and academic qualifications but also helps cultivate discipline, good character and a willingness to work hard. Therefore, continued support for and promotion of education is essential.

As Ayeyawady Region already possesses favourable natural resources and strong foundations, *See Page 14*

# President of the Republic of the Union of Myanmar U Min Aung Hlaing inspects upgrading of universities in Hinthada, Maubin and Pathein in Ayeyawady Region and district-level sport grounds



President U Min Aung Hlaing inspects the Agriculture and Livestock Breeding University (Maubin).

**Nay Pyi Taw August 9**

President of the Republic of the Union of Myanmar U Min Aung Hlaing, accompanied by members of the entourage, inspected universities in Hinthada and Maubin in Ayeyawady Region this morning.

**Ayemyathaya People's Sport Ground of Hinthada District**

The President inspected the Ayemyathaya People's Sport Ground of Hinthada District. In response to the reports of officials, the President gave guidance on development of the sports sector in Hinthada District, systematic calculations and preparations to upgrade the sport ground into a facility with stands and a 400-meter tracks for the convenience of athletes and spectators. He also dealt with other matters.

**Hinthada University**

The President and party observed the Hinthada University in a motorcade. At the main lecture hall, the President gave directives on uninterrupted activities to improve the university's physical appearance and to beautify and clean the campus and to clear the weeds growing at the foot of large trees and other matters, after hearing the reports presented by the rector and officials.

**Agriculture and Livestock Breeding University (Maubin)**

On arrival at the Agriculture and Livestock Breeding University (Maubin), the President and party were warmly welcomed by officials.

At the briefing hall of the university, the President heard a report on brief history of the university, target enrolment for the relevant academic year, current program to confer agricultural science degree and livestock breeding science degree on students and future programs to conduct postgraduate diploma, master's degree and doctorate degree courses, progress in implementing the directives given by the Head of State during his visit to the university in November 2015, academic vision, mission and goals of the university, university's organizational structure, staff employment, number of students per year and the number of students from regions and states, research programs for relevant fields, infrastructural requirement, practical crop fields and research for agriculture subject, demonstrations and field tours to farms of the livestock and breeding subject, and development plans that began in academic year 2025-2026, presented by Union Minister for Agriculture, Livestock and Irrigation U Min Naung, and Pro Rector Dr Nay Myo Aung, and a report on progress in realizing the directives given by the Head of State during his visit to Maubin, presented by Maubin District Administrator U Kyaw Thet Khaing.

**Additional instructions**

The President gave additional instructions on the reports, speaking of the need to make systematic programs before conducting master's degree courses on agriculture and on livestock breeding, to provide lectures and training systematically for the emergence of brilliant agricultural and livestock breeding experts who will benefit the country in accord with the saying "Well done is half begun." The university should pay attention more on generating qualified degree holders rather than on numbers. He also gave directives on fulfilling of the university's structural needs according to the year-wise plans.

In his speech, the President said the university was opened with the aim of producing skilled agricultural and livestock breeding technicians in lower Myanmar. Agricultural experts who are skilled in the main crops of lower Myanmar must be generated. Agricultural undertakings need the proper application of four means in effective use of seeds, soil, water and technology. Efforts should be made to acquire pedigree seeds, conduct methodical land preparations, seek means for availability of water and beneficial use of water resources, and apply correct methods. The university should provide practical and theoretical courses to enable students to properly apply the said means. It should conduct effective lectures on water supply to use water beneficially and on the practical techniques that really benefit agriculture.

He stated that livestock breeding encompasses poultry, pigs, goats, cattle, and fish, noting that poultry, ducks, pigs, cattle, and fish are primarily raised in the Ayeyarwady Region. He emphasized the need to produce livestock experts who can effectively utilize the region's favorable natural conditions to drive success in breeding operations. Regarding aquaculture, he highlighted both saltwater and freshwater farming, stressing that students in other regions must be taught appropriate methods for both environments. He noted the importance of providing systematic training in raising indigenous, broiler, and layer chickens, as well as duck farming techniques, with an emphasis on combining theoretical knowledge with practical application. He added that subject to future conditions, an agricultural and livestock breeding university will be opened in Shwebo, and agricultural institutes will be upgraded to the college level. Given that agriculture and livestock serve as the country's main economic activities, he stated that agricultural and livestock institutes will be established and progressively elevated to college status, calling for active efforts to encourage greater student enrollment in livestock studies.

He stressed the need to systematically construct essential university facilities for students and faculty, emphasizing the mandatory building of classrooms, libraries, and laboratories. He noted that efforts must be made to provide university education within a true academic atmosphere, remarking that matriculated students entering higher education are young adults of similar ages. Consequently, he stated that officials must create a favorable environment with well-organized lecture halls, dormitories, and dining facilities through genuine goodwill. He added that upon graduation, students will enter society and join the workforce, explaining that university graduates can be viewed as future managers who are appointed to positions such as executive officers and heads of departments. He concluded that managers serve as vital junior leaders occupying key roles across various fields.

He stated that university education must build strong foundations, noting that if teachers come from a good environment, students will likewise be able to create a positive environment. He urged educators to train young people to become outstanding, capable, and good citizens, emphasizing that students will excel if the university nurtures them properly. Regardless of their field of study, he called for efforts to help students become proficient in their respective disciplines, noting that while not everyone can rank first, everyone can become capable and skilled. He highlighted that the university's teacher-to-student ratio is balanced, enabling the institution to produce outstanding youth. For practical agricultural work, he recommended focusing primarily on rubber and mango for long-term crops, and he instructed the university to continue working toward opening master's degree programs..

*See Page 14*

*From Page 12*

it can become one of the leading regions in the country if everyone makes individual efforts and works hard. With regard to school education, the academic knowledge and general knowledge gained will vary depending on the grade and level of education completed. Therefore, he would like to encourage everyone to pursue their education through to completion. By attending school and studying at the respective grade levels, young people will develop discipline and become capable and competent individuals equipped with comprehensive knowledge and skills. The President asked needs of the people and attended to their needs.

The President presented relief supplies for the flood-affected people through representatives. The Union Minister for Social Welfare, Relief and Resettlement gave K19.14 million for the vulnerable group members from the flood-affected people in Laymyethna Township through a representative.

The President cordially greeted the people and encouraged them.

The President observed activities of providing healthcare services to the flood-affected people by the mobile medical team from Hinthaya General Hospital and Hinthada District Medical Services and gave necessary guidance. MNA

*From Page 13*

He also stated that It is necessary to produce the required agricultural experts for Maubin District, emphasizing that efforts must be made to improve yields and quality for crops successfully grown in the district, such as paddy, beans, soybeans, and sunflowers. He noted that administrative organizations must collaborate with the university to systematically map out and organize agricultural lands. He added that officials need to conduct systematic field research on flooded and deep-water areas, noting that properly establishing fish ponds and farmland in these locations will further advance aquaculture and agricultural operations.

The President stressed the need to incorporate environmental conservation subjects into the curriculum at the University of Agriculture and Livestock Breeding (Maubin) to educate students and support regional environmental protection efforts.

Highlighting the increased vulnerability to severe storms due to deforestation, he urged the widespread planting of trees and forests across the Ayeyarwady Region. He emphasized that establishing windbreaks through the cultivation of trees, including coconut palms, mangroves and mangium is crucial for mitigating the impact of storms. He added that proactive human preparation can significantly cushion the blows of natural disasters, calling for the mandatory planting of windbreak trees in structured rows.

Furthermore, to prevent flooding and ensure proper water drainage, the President directed officials to clear silt and sandbanks currently forming in rivers and creeks. He also instructed that clearing operations be systematically carried out in urban wards to prevent the blockage and siltation of creeks and drains, while addressing other related concerns.

Following the briefing, the President inspected the campus of the University of Agriculture and Livestock Breeding (Maubin) and the construction of new school buildings by motorcade. During the visit, he provided guidance to responsible officials, emphasizing the importance of systematic and orderly project implementation to ensure timely completion.

**Technological University (Pathein) and Pathein University**

Similarly, on August 8, the President visited Technological University (Pathein) and Pathein University. During the visit, he toured the campus grounds by vehicle, inspecting the premises and issuing directives to officials. Key instructions included the need to enhance campus cleanliness and aesthetics commensurate with university standards, as well as the pruning and trimming of overgrown trees to improve light penetration and openness within the campuses. Additional guidance was provided on other necessary improvements, according to reports. MNA

# Budalin Township completes cultivation of more than 4,000 acres of sunflower



**A thriving sunflower plantation.**

**Budalin August 9**

Local farmers planted 4,086 acres of sunflower in Budalin Township of Sagaing Region this year, according to the township Agriculture Department's data.

During the 2026-2027 monsoon cropping season, Budalin Township has set a target of cultivating 5,710 acres of sunflower. Cultivation began in May this year, and 4,086 acres have been planted to date.

"During this year's monsoon cropping season in Budalin Township, more than 5,000 acres of sunflower have been targeted for cultivation, and more than 4,000 acres have already been planted. We are making arrangements to ensure that the targeted acreage is fully cultivated. We will continue efforts to expand sunflower cultivation, an oilseed crop, in order to reduce reliance on imported palm oil. Sunflower produces more oil per acre than other oilseed crops such as groundnut and sesame. Sunflower is generally grown during the winter season," said U Phyo Wai, Head of the Department of Agriculture in Budalin Township.

The Township Department of Agriculture is accelerating the provision of educational and training programmes to promote the expansion of sunflower cultivation in Budalin Township. It is also stepping up training programmes to enhance the capacity of staff and farmers who will cultivate sunflower.

This year, arrangements are being made to provide sunflower seeds to farmers in Budalin Township and to sell urea and other fertilizers at affordable prices. The sunflower varieties produced will also be distributed through farmer-to-farmer seed exchange systems.

206

# Yinmabin Township cultivates over 1,000 acres of groundnut this monsoon

**Yinmabin August 9**

Local farmers planted more than 1,000 acres of groundnut as monsoon crops in Yinmabin Township of Sagaing Region, according to the township Agriculture Department.

During the 2026-2027 monsoon cropping season, Yinmabin Township has set a target of cultivating 3,105 acres of groundnut. Cultivation began in May this year, and 1,158 acres have been placed under groundnut plantations to date.

"During this year's monsoon cropping season, Yinmabin Township set a target of cultivating more than 3,000 acres of groundnut, and more than 1,000 acres have already been planted. We are making efforts to ensure that the targeted acreage is fully cultivated. Groundnut cultivation is progressing successfully as an oilseed crop, and the acreage under groundnut cultivation has increased year by year," said U Hla Myint, Head of the Yinmabin Township Department of Agriculture.

In Yinmabin Township, approximately one and a half baskets of seed are required to cultivate one acre of groundnut. The cultivation cost is more than K200,000 per acre, including the cost of seeds, labour, fertilizers and pesticides. An average yield of more than 50 baskets per acre can be obtained.

This year, staff members from the Township Department of Agriculture are conducting field inspections of groundnut plantations to ensure healthy crop growth, prevent pest and disease infestations, and keep the fields free of weeds. They are also carrying out field monitoring and keeping records of their observations.

206

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# တူကီယဲနိုင်ငံက ဂျက်အင်ဂျင်သုံးတိုက်လေယာဉ်များတွင် ခဲယမ်းများတပ်ဆင်ပြီး စမ်းသပ်ချက်များ အောင်မြင်စွာလုပ်ဆောင်ခဲ့



တူကီယဲနိုင်ငံသည် ပြည်တွင်းထုတ် Bayraktar KIZILELMA မောင်းသူမဲ့ တိုက်ခိုက်ရေးလေယာဉ်များတွင် ခဲယမ်းများတပ်ဆင်ပစ်ခတ်မှု စမ်းသပ်မှုများကို အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ပြီး အရေးပါသော နည်းပညာတိုးတက်မှု မှတ်တိုင်တစ်ခုရောက်ရှိပြီဖြစ်ကြောင်း Interesting Engineering သတင်းဌာနက ဩဂုတ် ၆ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အဆိုပါစမ်းသပ်မှုများကို Corlu မြို့ရှိ Baykar ကုမ္ပဏီ၏ လေကြောင်းလေ့ကျင့်ရေးနှင့် စမ်းသပ်ရေးဗဟိုဌာန၌ ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး အမှတ်စဉ်လိုက် ထုတ်လုပ်ရေးအဆင့် S2 UCAV သည် ၎င်း၏ ကိုယ်ပျောက် လက်နက်ခန်းအတွင်းမှ တိကျပဲ့ထိန်းခဲယမ်းနှစ်မျိုးကို တပ်ဆင်၍ ပစ်ခတ်ခဲ့ကာ သတ်မှတ်ထားသော မြေပြင်ပစ်မှတ်များကို တိုက်ခိုက်ဖျက်ဆီးပြနိုင်ခဲ့သည်။

Bayraktar ကုမ္ပဏီ၏ ထုတ်ပြန်ချက်အရ အဆိုပါဂျက်အင်ဂျင်သုံးတိုက်လေယာဉ်သည် ROKETSAN ကုမ္ပဏီထုတ် TEBER– 82 လမ်းညွှန်ဗုံးကို ပထမဆုံးအသုံးပြုခဲ့ပြီး ဒုတိယအကြိမ် စမ်းသပ်မှုတွင် ASELSAN ကုမ္ပဏီထုတ် TOLUN တိကျပဲ့ထိန်းခဲယမ်းကို ဆက်လက်အသုံးပြုခဲ့ကြောင်းသိရသည်။ ခဲယမ်းနှစ်မျိုးလုံးသည် ဂျက်အင်ဂျင်သုံးတိုက်လေယာဉ်၏ ကိုယ်ထည်အတွင်းပိုင်းမှထွက်ပြီး သတ်မှတ်ထားသော ပစ်မှတ်များကိုအောင်မြင်စွာ ထိမှန်တိုက်ခိုက်နိုင်ခဲ့ကြောင်း သိရှိရသည်။

တိကျလမ်းညွှန်း ပဲ့ထိန်းဗုံးများကို ပစ်လွှတ်သည့် စမ်းသပ်မှုများမှာ ပုံမှန်အားဖြင့် တိုက်လေယာဉ်အများအပြားတွင် လေ့ကျင့်ပြသလေ့ရှိသော်လည်း ယခုစမ်းသပ်မှု၏ အမှန်တကယ်အရေးပါသည့်အချက်မှာ လက်နက်များကို သယ်ဆောင်ပစ်လွှတ်သည့်ပုံစံကြောင့်ဖြစ်သည်။

တောင်ပံအောက်တွင် တပ်ဆင်ရသည့် လက်နက်ချိတ်ဆွဲနေရာများနှင့် မတူဘဲ ကိုယ်ပျောက်လက်နက်ခန်းတွင် လက်နက်များကို လေယာဉ်၏ ကိုယ်ထည်အတွင်း၌ ရာနှုန်းပြည့် ထည့်သွင်းသယ်ဆောင်နိုင်သည်။

လက်နက်များကို လေယာဉ်၏ ကိုယ်ထည်အတွင်းပိုင်း၌ ထည့်သွင်းသယ်ဆောင်ခြင်းသည် လေယာဉ်၏ ရေဒါလမ်းကြောင်းဧရိယာကို လျှော့ချပေးနိုင်ကြောင်း သိရသည်။

ထို့ပြင် ၎င်းစနစ်သည် လေထု၏ခုခံအားကိုလည်း အနည်းဆုံးဖြစ်အောင် လျှော့ချပေးသဖြင့် အကာအကွယ် အထပ်ထပ်ပြုလုပ်ထားသော လေကြောင်းရန်ကာကွယ်ရေးစနစ်များရှိသည့် လေပိုင်နက်အတွင်း စစ်ဆင်ရေးဝင်ရောက်စဉ် လေယာဉ်၏စွမ်းဆောင်ရည်ကို ပိုမိုကောင်းမွန်စွာ ထိန်းသိမ်းထားနိုင်ကြောင်း သိရသည်။

ခေတ်မီ တိုက်လေယာဉ်များအတွက် လေယာဉ်အတွင်းပိုင်း၌ လက်နက်ထည့်သွင်းသယ်ဆောင်နိုင်စွမ်းသည် ထောက်လှမ်းရန်ခက်ခဲသော ကိုယ်ပျောက်ဒီဇိုင်းများ၏ အဓိက အစိတ်အပိုင်းတစ်ခုဖြစ်လာခဲ့ပြီး၊ တိုက်ခိုက်ရေးစွမ်းရည်ကို လျှော့ချရန်မလိုဘဲ စစ်မြေပြင်၌ ရှင်သန်နိုင်စွမ်းကို မြှင့်တင်ပေးရာတွင် အဓိက အထောက်အကူပြုလျက် ရှိကြောင်း သိရသည်။

KIZILELMA ကုမ္ပဏီသည် လက်ရှိတွင် သုတေသနတီထွင်မှုနှင့် လေကြောင်းစမ်းသပ်မှု အဆင့်များကို ဖြတ်သန်းနေရဆဲဖြစ်သော်လည်း ယခုကဲ့သို့ ကိုယ်ပျောက်လက်နက်ခန်းမှ အောင်မြင်စွာတိုက်ရိုက်ပစ်ခတ်နိုင်ခဲ့ခြင်းသည် အရေးပါသော အင်ဂျင်နီယာဆိုင်ရာ အောင်မြင်မှုမှတ်တိုင်တစ်ခုဖြစ်ကြောင်း သိရသည်။

**Jet-powered combat drone aces live-fire tests using hidden internal weapons bay** ကို ဘာသာပြန်ဆိုထားပါသည်။

# တရုတ်နိုင်ငံက လေကြောင်းစစ်ဆင်ရေးများတွင် ကူညီပေးနိုင်ရန် AI အခြေပြုစနစ်တစ်ခု စတင်မိတ်ဆက်


တရုတ်နိုင်ငံသည် လေကြောင်းစစ်ဆင်ရေးများတွင် ကူညီပေးနိုင်ရန် ဉာဏ်ရည်တု (AI) အခြေပြုစနစ်တစ်ခုကို စတင်မိတ်ဆက်လိုက်ပြီး စစ်ဆင်ရေးနယ်ပယ်အတွင်း AI နည်းပညာ ကို ထည့်သွင်းပေါင်းစပ်အသုံးပြုလာကြောင်း Interestin Engineering သတင်းဌာနက ဩဂုတ် ၆ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အဆိုပါ နည်းပညာသည် စစ်သည်အင်အား၊ တိုက်ခိုက်ရေးလေယာဉ်များ၊ စစ်နည်းဗျူဟာမြောက် ပစ်မှတ်များနှင့် လက်နက်စနစ်များစွာ ပါဝင်သည့် စစ်ရေးလေ့ကျင့်မှုများ၌ စစ်သေနာပတိများ၊ စစ်ဆင်ရေးမှူးများအနေဖြင့် စစ်ဆင်ရေးအစီအမံများကို ပိုမိုမြန်ဆန်တိကျစွာနှင့် ထိရောက်စွာ ရေးဆွဲနိုင်ရေး ကူညီပံ့ပိုးပေးရန် တီထွင်ဖန်တီးထားခြင်းဖြစ်သည်။

ယခုစနစ်သည် အဆင့်မြင့် ဒစ်ဂျစ်တယ် နည်းပညာများကို ခေတ်သစ်စစ်ဆင်ရေးများအတွင်း ထည့်သွင်းအသုံးပြုမည့် တရုတ်နိုင်ငံ၏ ပိုမိုကျယ်ပြန့်သော မဟာဗျူဟာမြောက် လမ်းပြမြေပုံကို ပေါ်လွင်ထင်ရှားစေသည်။

အသစ်တီထွင်လိုက်သော အဆိုပါ AI စနစ်သည် အလိုအလျောက် ပစ်ခတ်တိုက်ခိုက်သည့် လက်နက်တစ်ခုအဖြစ် မဟုတ်ဘဲ ဆုံးဖြတ်ချက်ချမှတ်ရာတွင် အထောက်အကူပြုသည့် စနစ်အဖြစ် ဆောင်ရွက်ခြင်းဖြစ်သည်။ ယင်းစနစ်သည် စစ်မြေပြင်မှ သတင်းအချက်အလက်များကို စနစ်တကျ စိစစ်တွက်ချက်ခြင်း၊ စစ်ဆင်ရေး ရည်မှန်းချက်များကို ဆန်းစစ်ခြင်းတို့အပြင် လက်ဝယ်ရှိ စစ်လေယာဉ်များ၊ လက်နက်စနစ်များနှင့် စစ်ဆင်ရေးဆိုင်ရာ ကန့်သတ်ချက်များအပေါ် မူတည်၍ ဟန်ချက်ညီ ပေါင်းစပ်တိုက်ခိုက်ရေး အစီအမံများကို အကြံပြုပေးနိုင်သည်။

အဆိုပါစနစ်၏ အဓိကအားသာချက်တစ်ခုမှာ ပစ်မှတ်ပေါင်း ရာပေါင်းများစွာအား တစ်ပြိုင်နက်တည်း ဟန်ချက်ညီ တိုက်ခိုက်နိုင်အောင် ပေါင်းစပ်ညှိနှိုင်းပေးနိုင်သည့် စွမ်းဆောင်ရည်ပင်ဖြစ်သည်။ ခေတ်သစ်လေကြောင်း စစ်ဆင်ရေးများတွင် ဝေဟင်ပိုင်နက်အတွင်း ရေဒီယိုလှိုင်းနှင့် လမ်းကြောင်းတိုက်ဆိုင်မှုများ မရှိစေရေးနှင့် အရင်းအမြစ်များကို ထိရောက်စွာ အသုံးပြုနိုင်ရေးတို့အတွက် စစ်လေယာဉ်အများအပြားဖြင့် ကွဲပြားသော ပစ်မှတ်များကို တိကျသည့် အချိန်ကိုက်စနစ်ဖြင့် ပစ်ခတ်တိုက်ခိုက်ရန် လိုအပ်လေ့ရှိသည်။ ယခု AI စနစ်သည် ပျံသန်းမှုလမ်းကြောင်းများကို လျင်မြန်စွာ တွက်ချက်ပေးနိုင်ခြင်း၊ ပစ်မှတ်များ တာဝန်ခွဲဝေပေးနိုင်ခြင်း၊ လက်နက်တပ်ဆင်မှုများကို အကြံပြုပေးနိုင်ခြင်းတို့အပြင် စစ်ဆင်ရေး ဆောင်ရွက်နေစဉ် သတင်းအချက်အလက်သစ်များ သို့မဟုတ် မမျှော်လင့်ထားသော ခြိမ်းခြောက်မှုများ ပေါ်ပေါက်လာပါက စစ်ဆင်ရေးအစီအမံများကို အချိန်နှင့်တစ်ပြေးညီ ပြင်ဆင်ပြောင်းလဲပေးနိုင်သည်။



ထိုစွမ်းဆောင်ရည်သည် ရေးရိုးစွဲလူရေးဆွဲသည့် နည်းလမ်းများနှင့် နှိုင်းယှဉ်ပါက စစ်ဆင်ရေးစီမံကိန်း ရေးဆွဲချိန်ကို သိသာစွာ လျှော့ချပေးနိုင်သည်။

ယခုကဲ့သို့ တိုးတက်ထုတ်ဖော်နိုင်မှုသည် စစ်ဘက်ဆိုင်ရာ ထိန်းချုပ်ကွပ်ကဲမှုစနစ်တွင် ဉာဏ်ရည်တု (AI) ၏ အခန်းကဏ္ဍ ပိုမိုအရေးပါလာမှုကို မီးမောင်းထိုးပြနေသည်။ ကမ္ဘာတစ်ဝန်းရှိ စစ်ဘက်ဆိုင်ရာ သတင်းအချက်အလက် စိစစ်သုံးသပ်ခြင်း၊ ထောက်ပို့ရေး၊ စစ်မြေပြင်ကင်းထောက်ခြင်း၊ စစ်မြေပြင် စီမံခန့်ခွဲမှုနှင့် စစ်ဆင်ရေးစီမံကိန်းရေးဆွဲခြင်းတို့တွင် AI အသုံးချမှုများကို လေ့လာဆန်းစစ် အကောင်အထည်ဖော်လျက် ရှိကြသည်။

AI စနစ်များသည် စက္ကန့်ပိုင်းအတွင်း များပြားလှစွာသော အချက်အလက်များကို စိစစ်တွက်ချက်နိုင်ခြင်း၊ စစ်ဘက်ဆိုင်ရာ သုတေသီများသုံးသပ်သူများ ချက်ချင်း မမြင်နိုင်သော သဘောသဘာဝနှင့် ပုံစံများကို ဖော်ထုတ်ပေးနိုင်ခြင်းနှင့် တပ်မှူးများ စိစစ်ဝေဖန်နိုင်ရန် စစ်ဆင်ရေး ဆိုင်ရာရွေးချယ်စရာမူကြမ်းများစွာကို ထုတ်လုပ်ပေးနိုင်ခြင်းတို့ကြောင့် အထူးပင် တန်ဖိုးရှိလှကြောင်း သိရသည်။

**China's new tech can plan mass strikes to hit hundreds of targets using dozens of formations** ကို ဘာသာပြန်ဆိုထားပါသည်။

မင်းမျိုး

☆ **ကျောဖုံးမှအဆက်**

ပွဲကြည့်စင်နှင့် မီတာ ၄၀၀ ပြေးလမ်းပါ ဘောလုံးကွင်းအဖြစ် အဆင့်မြှင့်တင်ပေးနိုင်ရေး စနစ်တကျတွက်ချက်တင်ပြဆောင်ရွက်သွားရန်နှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

**ဟသ်ာတတက္ကသိုလ်**

ယင်းနောက် ဟသ်ာတတက္ကသိုလ်သို့ ရောက်ရှိကြပြီး တက္ကသိုလ်အတွင်း မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေး၍ တက္ကသိုလ်ပင်မစာသင်ဆောင်သို့ ရောက်ရှိရာ တက္ကသိုလ်ပါမောက္ခချုပ်နှင့် တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြချက်များအပေါ် တက္ကသိုလ်၏ ဥပမိရုပ်ကောင်းမွန်စေရေးနှင့် ကျောင်းပရဝဏ် သန့်ရှင်းသာယာလှပမှုရှိစေရေးစဉ်ဆက်မပြတ် ဆောင်ရွက်သွားရန်လိုကြောင်း၊ ကျောင်းဝင်းအတွင်းရှိ သစ်ပင်ကြီးများကို အောက်ခြေရှင်းအလင်းဖွင့်ခြင်းလုပ်ငန်းများ ဆောင်ရွက်သွားရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

**စိုက်ပျိုးရေးနှင့် မွေးမြူရေးတက္ကသိုလ်(မအူပင်)**

ထို့နောက် နိုင်ငံတော်သမ္မတသည် မအူပင်မြို့သို့ရောက်ရှိပြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးတက္ကသိုလ်(မအူပင်)သို့ ရောက်ရှိရာ တာဝန်ရှိသူများက လှိုက်လှဲစွာကြိုဆိုကြသည်။

ဆက်လက်၍ တက္ကသိုလ်ရှင်းလင်းဆောင်ခန်းမတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်နှင့် တက္ကသိုလ်မှ ဒုတိယပါမောက္ခချုပ် ဒေါက်တာနေမျိုးအောင်တို့က တက္ကသိုလ်ဆိုင်ရာသမိုင်းအကျဉ်း၊ ပညာသင်နှစ်အလိုက် ကျောင်းသားလက်ခံနိုင်မည့် အင်အားလျာထားချက်၊ လက်ရှိတွင် စိုက်ပျိုးရေးသိပ္ပံဘွဲ့၊ မွေးမြူရေးသိပ္ပံဘွဲ့တို့ကိုချီးမြှင့်သွားမည်ဖြစ်ပြီး နောင်တွင်ဘွဲ့လွန်ဒီပလိုမာ၊ မဟာသိပ္ပံ၊ ပါရဂူဘွဲ့များထိ သင်ကြားချီးမြှင့်ပေးသွားနိုင်ရေး စီမံဆောင်ရွက်လျက်ရှိမှု၊ ၂၀၂၅ ခုနှစ် နိုဝင်ဘာလအတွင်း နိုင်ငံတော်အကြီးအကဲ တက္ကသိုလ်သို့ရောက်ရှိစဉ် လမ်းညွှန်မှာကြားချက်များကို လိုက်နာဆောင်ရွက်ပြီးစီးမှု၊ သင်ကြားရေးဆိုင်ရာနှင့် ပတ်သက်၍ တက္ကသိုလ်၏ မျှော်မှန်းချက်၊ ရည်မှန်းချက်၊ ရည်ရွယ်ချက်ဆိုင်ရာများ၊ တက္ကသိုလ်၏ဖွဲ့စည်းပုံနှင့်ဝန်ထမ်းခန့်အပ်ထားရှိမှု၊ ပညာသင်နှစ်အလိုက် ကျောင်းတက်ရောက်မှု၊ တိုင်းဒေသကြီး၊ ပြည်နယ်များအလိုက်မှ ကျောင်းသားများတက်ရောက်မှု၊ သုတေသနနယ်ပယ်အလိုက် ဆောင်ရွက်သွားမည့်အစီအမံများ၊ တက္ကသိုလ်၏ အခြေခံအဆောက်အအုံဆိုင်ရာ လိုအပ်ချက်များ၊ စိုက်ပျိုးရေးဘာသာရပ် လက်တွေ့စိုက်ကွင်းများနှင့် သုတေသနဆောင်ရွက်မှုများ၊ မွေးမြူရေးဘာသာရပ် သရုပ်ပြမွေးမြူရေးခြံများနှင့် လက်တွေ့ကွင်းဆင်းလေ့လာခြင်း ဆောင်ရွက်မှုများ၊ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်မှစတင်၍ တက္ကသိုလ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဆောင်ရွက်သွားမည့် အစီအမံများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြကာ မအူပင်ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်သက်ခိုင်က မအူပင်မြို့သို့ နိုင်ငံတော်အကြီးအကဲရောက်ရှိစစ်ဆေးစဉ် လမ်းညွှန်မှာကြားချက်များကို လိုက်နာဆောင်ရွက်ပြီးစီးမှုအခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

**ဖြည့်စွက်မှာကြား**

ရှင်းလင်း တင်ပြချက်များအပေါ် နိုင်ငံတော်သမ္မတက စိုက်ပျိုးရေး၊ မွေးမြူရေးဆိုင်ရာများနှင့်ပတ်သက်၍ မဟာဘွဲ့သင်တန်းများ သင်ကြားပေးနိုင်ရေးအတွက် စနစ်တကျစီမံဆောင်ရွက်ပြီးမှသာ ဆောင်ရွက်သွားရန်လိုကြောင်း၊ အစကောင်းမှ အနှောင်းသေချာမည်ဖြစ်သဖြင့် အရည်အချင်းနှင့် ထူးချွန်ထက်မြက်သည့်သင်တန်းဆင်းပညာရှင်များ ထွက်ပေါ်လာစေရေး၊ နိုင်ငံတော်အတွက် အကျိုးပြုမည့်စိုက်ပျိုးမွေးမြူရေးဆိုင်ရာပညာရှင်များ ထွက်ပေါ်လာစေရေး စနစ်တကျသင်ကြားလေ့ကျင့်ပေးသွားရန်လိုကြောင်း၊ မိမိတို့အနေဖြင့် အရေအတွက်များများ သင်ကြားပေးခြင်းထက် အရည်အသွေးပြည့်ဝသည့် သင်တန်းဆင်းများပေါ်ထွက်ရေးကို အလေးထားဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

> **အစကောင်းမှ အနှောင်းသေချာမည်ဖြစ်သဖြင့် အရည်အချင်းနှင့် ထူးချွန်ထက်မြက်သည့် သင်တန်းဆင်းပညာရှင်များ ထွက်ပေါ်လာစေရေး၊ နိုင်ငံတော်အတွက် အကျိုးပြုမည့် စိုက်ပျိုးမွေးမြူရေးဆိုင်ရာပညာရှင်များ ထွက်ပေါ်လာစေရေး စနစ်တကျသင်ကြားလေ့ကျင့်ပေးသွားရန်လို၊ အရေအတွက်များများ သင်ကြားပေးခြင်းထက် အရည်အသွေးပြည့်ဝသည့် သင်တန်းဆင်းများပေါ်ထွက်ရေးကို အလေးထားဆောင်ရွက် . . .**

တက္ကသိုလ်အတွင်း အခြေခံအဆောက်အအုံ လိုအပ်ချက်များနှင့်ပတ်သက်၍ နှစ်အလိုက် စနစ်တကျလျာထား၍ တည်ဆောက်ရေးလုပ်ငန်းများကို နှစ်စဉ်ဖြည့်ဆည်း ဆောင်ရွက်ပေးသွားရန် လိုကြောင်းနှင့် အခြားလိုအပ်သည်များကို ဖြည့်စွက်မှာကြားသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတက အမှာစကားပြောကြားရာတွင် စိုက်ပျိုးရေးနှင့်မွေးမြူရေးတက္ကသိုလ်(မအူပင်)ကို အောက်မြန်မာပြည်အတွက် စိုက်ပျိုးရေး၊ မွေးမြူရေးဆိုင်ရာ ပညာရှင်များမွေးထုတ်ပေးနိုင်ရန် ရည်ရွယ်၍ ဖွင့်လှစ်ခြင်းဖြစ်ကြောင်း၊ အောက်မြန်မာပြည်တွင် အဓိကစိုက်ပျိုးဖြစ်ထွန်းသည့် သီးနှံများနှင့်ပတ်သက်၍ အထူးကျွမ်းကျင်သည့် စိုက်ပျိုးရေးပညာရှင်များကို မွေးထုတ်ပေးနိုင်ရန်လိုကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများကိုဆောင်ရွက်ရာတွင် မျိုး၊ မြေ၊ ရေ၊ နည်းဟူသော နည်းလမ်းလေးသွယ်ဖြင့် စနစ်တကျ ဆောင်ရွက်သွားကြရန်လိုပြီး မျိုးကောင်းမျိုးသန့်များ ရရှိနိုင်ရေးဆောင်ရွက်ပေးရမည်၊ မြေကိုစနစ်တကျပြုပြင်ပေးရမည်၊ စိုက်ပျိုးရေနှင့် အောင်ရေများရရှိစေရေး ရှိပြီးဖြစ်သည့်ရေအရင်းအမြစ်များကို မည်ကဲ့သို့အကျိုးရှိအောင်ရယူအသုံးချရမည်၊ စိုက်နည်းစနစ်များမှန်ကန်ရမည်ဖြစ်ကြောင်း၊ အဆိုပါနည်းလမ်းများနှင့် ပတ်သက်၍ ကျွမ်းကျင်ပိုင်နိုင်မှုရှိစေရေး စနစ်တကျဖြင့် သင်ကြားလေ့ကျင့်ပေးရမည်ဖြစ်ကြောင်း၊ ရေကိုအကျိုးရှိစွာအသုံးချနိုင်ရန်အတွက် ရေပေးဝေခြင်းစနစ်များကို ကျောင်းသား၊ ကျောင်းသူများကို စနစ်တကျသင်ကြားပေးရန်လိုပြီး တက္ကသိုလ်အနေဖြင့် စိုက်ပျိုးရေးလုပ်ငန်းအတွက် အမှန်တကယ်လိုအပ်ပြီး လက်တွေ့ကျသည့် စိုက်ပျိုးရေးပညာရပ်များကိုသင်ကြားပေးရန်လိုကြောင်း။

မွေးမြူရေးနှင့်ပတ်သက်၍ ကြက်၊ ဝက်၊ ဆိတ်၊ နွား၊ ငါး ဟူ၍ရှိပြီး ဧရာဝတီတိုင်းဒေသကြီးအတွင်း ကြက်၊ ဘဲ၊ ဝက်၊ နွားနှင့် ငါးတို့ကို အဓိကမွေးမြူကြသည်ကိုတွေ့မြင်ရကြောင်း၊ မိမိတို့ဒေသအတွင်းရှိ ရေခံမြေခံကောင်းများကို အကျိုးရှိရှိအသုံးချပြီး မွေးမြူရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းမှုရှိအောင် အကျိုးပြုနိုင်သည့် မွေးမြူရေးပညာရှင်များကို မွေးထုတ်ပေးသွားရန်လိုကြောင်း၊ ငါးမွေးမြူရာတွင် ရေငန်နှင့်ရေချိုဟူ၍ နှစ်မျိုးရှိပြီး အခြားတိုင်းဒေသကြီးများတွင် ရေငန်နှင့် ရေချိုငါးများကို မည်ကဲ့သို့မွေးမြူမည်ကို သင်ကြားပေးရန်လိုကြောင်း၊ ဒေသန္တရကြက် အပါအဝင် အသားစားကြက်နှင့် ဥစားကြက်များ နည်းစနစ်တကျမွေးမြူသည့် ပညာရပ်များကိုသင်ကြားပေးရန်လိုသကဲ့သို့ ဘဲမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက်လည်း သင်ကြားပေးရန်လိုကြောင်း၊ စာတွေ့နှင့် လက်တွေ့များကို အဓိကသင်ကြားပေးရန်လိုကြောင်း၊ နောင်အခြေအနေပေးပါက ရွှေဘိုမြို့တွင် စိုက်ပျိုးရေးနှင့် မွေးမြူရေးတက္ကသိုလ်ကို ဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း၊ အလားတူ စိုက်ပျိုးရေးသိပ္ပံများကိုလည်း ကောလိပ်အဆင့်သို့ ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင် စိုက်ပျိုးမွေးမြူရေးကို အဓိကဆောင်ရွက်နေခြင်းဖြစ်သဖြင့် စိုက်ပျိုးမွေးမြူရေးသိပ္ပံများကို ဖွင့်လှစ်သွားမည်ဖြစ်ပြီး ကောလိပ်အဆင့်သို့ ဆက်လက်အဆင့်မြှင့်တင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မွေးမြူရေးဘာသာရပ်သင်ကြားသည့် ကျောင်းသား၊ ကျောင်းသူများ များပြားလာစေရေးအတွက်လည်း စည်းရုံးဆောင်ရွက်သွားကြစေလိုကြောင်း။

တက္ကသိုလ်အတွက် မဖြစ်မနေလိုအပ်သည့် ကျောင်းသား၊ ကျောင်းသူများနှင့် သင်ကြားရေး ဆရာ၊ ဆရာမများအတွက် အဆောက်အအုံများကို စနစ်တကျတည်ဆောက်သွားကြရန်လိုကြောင်း၊ ကျောင်းအတွက် လိုအပ်သည့် စာသင်ဆောင်များ၊ စာကြည့်တိုက်များနှင့် ခတ်ခွဲခန်းများကို မဖြစ်မနေတည်ဆောက်သွားရန်လိုကြောင်း၊ တက္ကသိုလ်၏အငွေ့အသက်ဖြင့် တက္ကသိုလ်ပညာကို သင်ကြားနိုင်ရေးဆောင်ရွက်ပေးကြရန်လိုပြီး တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးမြောက်၍ တက္ကသိုလ်ပညာလာရောက်သင်ကြားကြသူများသည် လူလားမြောက်သည့်အရွယ်များ၊ အသက်အရွယ်တူညီကြသူများဖြစ်ကြကြောင်း၊ ထို့ကြောင့် ၎င်းတို့အတွက် ပတ်ဝန်းကျင်ကောင်းများ ဖန်တီးပေးရန်လိုကြောင်း၊ စာသင်ဆောင်များစနစ်



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဟသ်ာတတက္ကသိုလ် ပင်မစာသင်ဆောင်၌ တက္ကသိုလ်ပါမောက္ခချုပ်နှင့် တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြချက်များနှင့်ပတ်သက်၍ လမ်းညွှန်မှာကြားစဉ်။

# ၁၆ ကြိမ်မြောက် အာခါရိုးရာ စုပေါင်း“ရဲခူအာဖွေ” ဒန်းစီးပွဲတော်နှင့် အူးဖူဒွေကျေးရွာတည်ခြင်း နှစ် ၃၀ ပြည့်အခမ်းအနား ကျင်းပ

**မိုင်းဆတ် ဩဂုတ် ၉**

၁၆ ကြိမ်မြောက် အာခါရိုးရာစုပေါင်း “ရဲခူအာဖွေ” ဒန်းစီးပွဲတော်နှင့် အူးဖူဒွေကျေးရွာတည်ခြင်း နှစ် ၃၀ ပြည့်အခမ်းအနားကို ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်မြို့နယ် မိုင်းတွမ်းတောင်ပေါ်အုပ်စု အူးဖူဒွေကျေးရွာ၌ ကျင်းပသည်။

အာခါရိုးရာ စုပေါင်း“ရဲခူအာဖွေ”ဒန်းစီးပွဲတော်သည် အာခါတိုင်းရင်းသားများ၏ ထူးကဲမွန်မြတ်သော ရိုးရာဓလေ့ပွဲတော်ဖြစ်သည်နှင့်အညီ မိုင်းဆတ်မြို့နယ်အတွင်းရှိ အာခါမျိုးနွယ်စုတိုင်းရင်းသားများနှင့်ဒေသခံတိုင်းရင်းသားပြည်သူများသည် ပျော်ရွှင်စွာပါဝင်ဆင်နွှဲလေ့ရှိကြောင်း၊ အဆိုပါပွဲတော်သည် ဒေသတွင်းတိုင်းရင်းသားစည်းလုံးညီညွတ်မှု၊ ရိုးရာယဉ်ကျေးမှုဓလေ့ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် ပွဲတော်အခြေပြုခရီးသွားကဏ္ဍမြှင့်တင်ရေးတို့အတွက် များစွာအထောက်အကူ ပြုစေမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ အခမ်းအနားသို့ ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်သည် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစိုင်းထိန်စိုး၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ပြည်နယ်ဝန်ကြီးများ၊ အာခါမျိုးနွယ်စုတိုင်းရင်းသားခေါင်းဆောင်များ၊ ဒေသခံတိုင်းရင်းသားများ တက်ရောက်ကြပြီး ၁၆ ကြိမ်မြောက် အာခါရိုးရာ “ရဲခူအာဖွေ” ဒန်းစီးပွဲတော်နှင့် နှစ် ၃၀ ပြည့် အူးဖူဒွေကျေးရွာတည်ခြင်းအထိမ်းအမှတ် ကွန်ကရစ်ရင်ပြင်နှင့် လမ်းတို့ကို ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ “ရဲခူအာဖွေ”ဒန်းစီးပွဲတော်နှင့်စပ်လျဉ်း၍ အာခါတိုင်းရင်းသားအကြီးအကဲက ရှင်းလင်းတင်ပြပြီး ဒန်းတော်ကို အာခါရိုးရာဓလေ့ထုံးတမ်းနှင့်အညီ မင်္ဂလာပြုစီးနင်း၍ ပြည်ထောင်စုဝန်ကြီး၊ ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူး၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးနှင့် ဌာနဆိုင်ရာအကြီးအကဲများက အူးဖူဒွေကျေးရွာတည်ခြင်း နှစ် ၃၀ ပြည့် မင်္ဂလာကျောက်စာတိုင်ကို အမွှေးနံ့သာရည်များ ပက်ဖျန်းဖွင့်လှစ်ပေးသည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်နှင့် ပြည်နယ်အစိုးရအနေဖြင့် တိုင်းရင်းသားများ၏ ထူးခြားလေးနက်သည့်ပွဲတော်များကို ဖော်ထုတ်မြှင့်တင်ပေးလျက်ရှိရာ နိုင်ငံတကာခရီးသွားများသိရှိပြီး တိုင်းရင်းသားများနှင့် တိုက်ရိုက်ထိတွေ့ခွင့်ရရှိကာ ယဉ်ကျေးမှုဆိုင်ရာဗဟုသုတများ တိုးပွားလာမည်ဖြစ်သကဲ့သို့ ဒေသခံလူထုအတွက်လည်း ခရီးသွားလုပ်ငန်းနှင့်ဆက်စပ်သည့် အလုပ်အကိုင်အခွင့်အလမ်းနှင့် ဝင်ငွေများတိုးတက်ရရှိကာ လူနေမှုအဆင့်အတန်းမြင့်မားရေးနှင့် ဆင်းရဲမှုလျော့နည်းပပျောက်ရေးအတွက် အခွင့်အလမ်းကောင်းများရရှိမည်ဖြစ်ကြောင်းဖြင့် အမှာစကားပြောကြားခဲ့သည်။






ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အား စိုက်ပျိုးရေးနှင့် မွေးမြူရေးတက္ကသိုလ်(မအူပင်)ရှင်းလင်းဆောင်ခန်းမ၌ ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က ရှင်းလင်းတင်ပြစဉ်။

တကျရှိရန်၊ အိပ်ဆောင်များစနစ်တကျရှိရန်နှင့် စားသောက်ရန်နေရာများ စနစ်တကျရှိရန် တာဝန်ရှိသူများက စေတနာထားဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ တက္ကသိုလ်ပညာသင်ကြားပြီးဆုံးချိန်တွင် လူမှုအသိုင်းအဝိုင်းအတွင်းသို့ဝင်ရောက်ပြီး လုပ်ငန်းခွင်သို့ ဝင်ရောက်ကြရမည်ဖြစ်ကြောင်း၊ တက္ကသိုလ်များမှဘွဲ့ရရှိသူများကို တင်စားပြောရမည်ဆိုပါက မန်နေဂျာများမွေးထုတ်ပေးခြင်းပင်ဖြစ်ကြောင်း၊ တက္ကသိုလ်မှဘွဲ့ရရှိကြသူများကို ဦးစီးအရာရှိနှင့် ဦးစီးမှူးရာထူးများကို တာဝန်ပေးအပ်ကြခြင်းဖြစ်ကြောင်း၊ လုပ်ငန်းများတွင် မန်နေဂျာများသည် လုပ်ငန်းများ၏အဓိကနေရာများတွင် ခေါင်းဆောင်ငယ်များအဖြစ် စတင်တာဝန်ယူဆောင်ရွက်ကြခြင်းဖြစ်ကြောင်း။

ထို့ကြောင့် တက္ကသိုလ်ပညာသင်ကြားချိန်တွင် အခြေခံကောင်းများရရှိစေရေး သင်ကြားဆောင်ရွက်ပေးကြရန် လိုကြောင်း၊ သင်ကြားပြသပေးလျက်ရှိသည့် ဆရာ၊ ဆရာမများသည်လည်း ကောင်းမွန်သည့်အသိုင်းအဝိုင်းတွင် ကျင်လည်ခဲ့ရသူများဖြစ်ပါက ကျောင်းသား၊ ကျောင်းသူများအနေဖြင့်လည်း ကောင်းမွန်သည့်အသိုင်းအဝိုင်းကို ဖန်တီးနိုင်ကြမည်ဖြစ်ကြောင်း၊ ထူးချွန်ထက်မြက်ပြီး တော်သည့်၊ ကောင်းသည့် လူငယ်များဖြစ်အောင် သင်ကြားပြသပေးကြရန်လိုကြောင်း၊ တက္ကသိုလ်မှကောင်းမွန်အောင်ဆောင်ရွက်ပေးမည်ဆိုပါက ထူးချွန်ထက်မြက်သည့် လူငယ်များဖြစ်လာမည်ဖြစ်ကြောင်း၊ မည်သည့်ဘာသာရပ်ကို သင်ကြားကြသည်ဖြစ်စေ ဘာသာရပ်အလိုက်တော်

**တက္ကသိုလ်မှ ကောင်းမွန်အောင်ဆောင်ရွက်ပေးမည်ဆိုပါက ထူးချွန်ထက်မြက်သည့် လူငယ်များဖြစ်လာမည်ဖြစ်၊ မည်သည့်ဘာသာရပ်ကို သင်ကြားကြသည်ဖြစ်စေ ဘာသာရပ်အလိုက်တော်သည့် လူငယ်များဖြစ်အောင်ဆောင်ရွက်ပေးကြစေလို၊ လူတိုင်းအဆင့်တစ်မဖြစ်နိုင်သော်လည်း တော်သည့် တတ်သည့် လူငယ်များဖြစ်အောင် ဆောင်ရွက်ပေးကြစေလို . . .**

သည့် လူငယ်များဖြစ်အောင်ဆောင်ရွက်ပေးကြစေလိုကြောင်း၊ လူတိုင်းအဆင့်တစ်မဖြစ်နိုင်သော်လည်း တော်သည့်တတ်သည့် လူငယ်များဖြစ်အောင် ဆောင်ရွက်ပေးကြစေလိုကြောင်း၊ တက္ကသိုလ်တွင် ကျောင်းသားနှင့်ဆရာအချိုးမှာ ကိုက်ညီမှုရှိသဖြင့် ထူးချွန်ထက်မြက်သည့် လူငယ်များမွေးထုတ်ပေးနိုင်ရေး ဆောင်ရွက်သွားကြစေလိုကြောင်း၊ လက်တွေ့စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် နှစ်ရှည်ပင်အတွက် ရော်ဘာနှင့်သရက်ကို အဓိကထားဆောင်ရွက်ကြစေလိုကြောင်း၊ ယခု တက္ကသိုလ်မှ မဟာတန်းဖွင့်လှစ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားကြရန်လိုကြောင်း။

မအူပင်ခရိုင်နှင့်ပတ်သက်၍ မအူပင်ခရိုင်အတွက် လိုအပ်သည့်စိုက်ပျိုးရေးပညာရှင်များကို မွေးထုတ်ပေးရန်လိုကြောင်း၊ ခရိုင်အတွင်း စိုက်ပျိုးဖြစ်ထွန်းသည့် စပါး၊ ပဲ၊ ပဲပုပ်နှင့် နေကြာစိုက်ပျိုးခြင်းများကို အထွက်နှုန်းပိုမိုကောင်းမွန်ပြီး အရည်အသွေးကောင်းမွန်စွာဖြင့် ထုတ်လုပ်နိုင်ရေးဆောင်ရွက်သွားရန်လိုကြောင်း၊ ယခုတက္ကသိုလ်နှင့်ပူးပေါင်း၍ စိုက်ပျိုးမြေများစနစ်တကျရှိစေရေးအုပ်ချုပ်ရေးဆိုင်ရာ အဖွဲ့အစည်းများအနေဖြင့် စနစ်တကျဖော်ထုတ်ဆောင်ရွက်သွားရန်လိုကြောင်း၊ တာဝန်ရှိသူများအနေဖြင့် ရေကြီးကွင်းနှင့် ရေနက်ကွင်းများကို စနစ်တကျကွင်းဆင်း သုတေသနပြုဆောင်ရွက်သွားရန်လိုကြောင်း၊ ယင်းနေရာများတွင် ငါးကန်များနှင့် လယ်ယာမြေများကို စနစ်တကျဆောင်ရွက်သွားမည်ဆိုပါက ငါးပုစွန်မွေးမြူရေးနှင့် စိုက်ပျိုးရေးလုပ်ငန်းများ ပိုမိုတိုးတက်လာမည်ဖြစ်ကြောင်း။

ဒေသအတွင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို အထောက်အကူဖြစ်စေရန်အတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများနှင့်ပတ်သက်သည့် ဘာသာရပ်များကို မအူပင်စိုက်ပျိုးမွေးမြူရေးတက္ကသိုလ်တွင် ကျောင်းသား၊ ကျောင်းသူများကို အသိပညာပေးအဖြစ် သင်ကြားပေးသွားရန်လိုကြောင်း၊ သစ်ပင်များခုတ်ထွင်ခြင်းကြောင့် လေမုန်တိုင်းတိုက်ခတ်မှုဒဏ်ကို ပိုမိုခံရနိုင်ကြောင်း၊ ထို့ကြောင့် ဧရာဝတီတိုင်းဒေသကြီးအတွင်း သစ်ပင်သစ်တောများ စိုက်ပျိုးသွားကြရန်လိုကြောင်း၊ လေကာပင်များဖြစ်သည့် အုန်းပင်များ၊ လမုတောပင်များနှင့် မန်ဂျန်ရှားပင်များအပါအဝင် အခြားသစ်ပင်များကို စိုက်ပျိုးဆောင်ရွက်သွားကြရန်လိုကြောင်း၊ သစ်ပင်များရှိမှသာ လေမုန်တိုင်းဒဏ်များကိုခံနိုင်မည်ဖြစ်ကြောင်း၊ လူ၏ကြိုတင်ပြင်ဆင်မှုဖြင့် သဘာဝဘေးဒဏ်ကို ထိုက်သင့်သလောက်ကာကွယ်နိုင်ကြောင်း၊ ထို့ကြောင့် လေကာသစ်ပင်များကို အတန်းလိုက် မဖြစ်မနေစိုက်ပျိုးသွားကြရန်လိုကြောင်း၊ ရေကြီးရေလျှံမှုများမဖြစ်စေရေးအတွက် ရေစီးဆင်းမှုများကောင်းမွန်စေရေး မြစ်ချောင်းများအတွင်းဖြစ်ပေါ်လျက်ရှိသည့် သဲသောင်များကိုရှင်းလင်းသွားရန် လိုကြောင်း၊ မြို့ပေါ်ရပ်ကွက်များရှိ ချောင်း၊ မြောင်းများတွင် ပိတ်ဆို့မှုများမရှိစေရေး၊ ချောင်းများ၊ မြောင်းများ တိမ်ကောခြင်းမဖြစ်စေရေး ရှင်းလင်းခြင်းလုပ်ငန်းများကို ဆောင်ရွက်သွားကြရန် လိုကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် စိုက်ပျိုးရေးနှင့် မွေးမြူရေးတက္ကသိုလ်(မအူပင်)ပရဝုဏ်နှင့် ကျောင်းဆောင်သစ်တည်ဆောက်နေမှုများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပြီး လုပ်ငန်းဆောင်ရွက်မှုများ စနစ်တကျဖြစ်စေရေးတာဝန်ရှိသူများကို လမ်းညွှန်မှာကြားသည်။

### နည်းပညာတက္ကသိုလ်(ပုသိမ်)နှင့် ပုသိမ်တက္ကသိုလ်

အလားတူ နိုင်ငံတော်သမ္မတသည် ဩဂုတ် ၈ ရက်ကလည်း နည်းပညာတက္ကသိုလ်(ပုသိမ်)နှင့် ပုသိမ်တက္ကသိုလ်တို့သို့သွားရောက်၍ တက္ကသိုလ်ပရဝုဏ်အတွင်း မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများကို တက္ကသိုလ်အဆင့်နှင့်လျော်ညီသည့် သန့်ရှင်းသာယာလှပမှုများဖြစ်စေရေး ဆောင်ရွက်ရန်၊ တက္ကသိုလ်အတွင်း အုံ့ဆိုင်းလျက်ရှိသည့် သစ်ပင်ကြီးများကို အလင်းဖွင့်ခုတ်ထွင်ရှင်းလင်းခြင်းများဆောင်ရွက်ရန်နှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

PPIB News

---

အလားတူ ပြည်နယ်ဝန်ကြီးချုပ်၊တိုင်းမှူးနှင့် ဒုတိယဝန်ကြီးတို့က အမှာစကားပြောကြားကြပြီး အူးဖူဒွေကျေးရွာနှင့် စပ်လျဉ်းသည့် ရပ်ရွာသမိုင်းကြောင်းနှင့် အချက်အလက်များကို ရှင်းလင်းတင်ပြ၍ အာခါတိုင်းရင်းသားအကြီးအကဲက နှုတ်ခွန်းဆက်စကားပြောကြားကာ ရဲခူအာဖွေဒန်းစီးပွဲတော်အထိမ်းအမှတ် လက်ဆောင်များပေးအပ်ခြင်း၊ အာခါအမျိုးသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့၏ ယဉ်ကျေးမှုအက၊ တေးသံသာများဖြင့် တင်ဆက်ခြင်း၊ ၁၆ ကြိမ်မြောက် အာခါရိုးရာစုပေါင်း “ရဲခူအာဖွေ” ဒန်းစီးပွဲတော်အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးခြင်းကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ဒေသသည် တရုတ်၊ လာအို၊ ထိုင်းနိုင်ငံတို့နှင့် နယ်နိမိတ်ထိစပ်နေသည့် ပထဝီဝင်အနေအထားအရ အိမ်နီးချင်းထိုင်းနိုင်ငံသားခရီးသွားဧည့်သည်များ အများဆုံးလာရောက်လည်ပတ်ကြသည့်ဒေသတစ်ခုဖြစ်ကြောင်းနှင့် ယခုကဲ့သို့ တိုင်းရင်းသား ရိုးရာယဉ်ကျေးမှုပွဲတော်ကို ကျင်းပခြင်းဖြင့် တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုဓလေ့များကို ဖော်ထုတ်နိုင်ရုံသာမက နိုင်ငံ၏ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအထောက်အကူပြုစေမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**






ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ရေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ပစ္စည်းများပေးအပ်စဉ်။

**ရေဘေးဒဏ်သင့်ခဲ့ရသည့် ပြည်သူများ၏အခက်အခဲများ လျော့ပါးသက်သာစေရေးနှင့် မူလလူမှုဘဝအခြေအနေသို့ အမြန်ဆုံးပြန်လည်ရောက်ရှိနိုင်ရေးအတွက် နိုင်ငံတော်အစိုးရအနေဖြင့် တတ်နိုင်သမျှ ကူညီဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်သကဲ့သို့ ရေပြန်လည်ကျဆင်းပြီးနောက် ပြည်သူများအနေဖြင့်လည်း မိမိတို့တစ်ဦးချင်းစီ၏ ကြိုးစားအားထုတ်မှုနှင့်အတူ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်ကြမည်ဆိုပါက မူလအခြေအနေသို့ အမြန်ဆုံးပြန်လည်ရောက်ရှိနိုင်မည်ဖြစ်. . .**

ရှေ့ဖုံးမှအဆက်

ကျုံပျော်မြို့နယ်တို့ရှိ ကျေးရွာများ၌ ရေဝင်ရောက်မှုနှင့် ရေကြီးရေလျှံမှုများဖြစ်ပွားခဲ့သဖြင့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ စေတနာရှင်များစုပေါင်း၍ အင်တိုက်အားတိုက် ဆောင်ရွက်ပေးလျက်ရှိပြီး ရေဘေးသင့်ပြည်သူများကို ယာယီရေဘေးရှောင်နေရာများသို့ ပို့ဆောင်နေရာချထားပေးလျက်ရှိသည်။

**ရေဘေးဒဏ်သင့်ခဲ့ရသည့်ဒေသများနှင့် တာတမံနိမ့်ကျမှုကြောင့် ရေတိုက်စားမှု ကာကွယ်ခြင်းနှင့် ရေနက်ရေစီးကြောင်း ပိတ်ဆို့နိုင်ရေး လုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေး**

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် အဖွဲ့ဝင်များလိုက်ပါ၍ အဆိုပါ ငဝန်မြစ်ရေကာတာတမံနိမ့်ကျမှုကြောင့်ရေကျော်စီးဝင်၍ ရေဘေးသင့်ခဲ့ရသည့်ဒေသများရှိ ကျေးရွာများ၊ လူနေအဆောက်အအုံများအတွင်း ရေဝင်ရောက်နေမှုနှင့် ယာယီရေဘေးရှောင်နေရာများသို့ ပြောင်းရွှေ့ပေးထားမှု၊ စိုက်ပျိုးမြေများတွင် ရေဝင်ရောက်သဖြင့် ထိခိုက်ပျက်စီးနေမှုတို့ကို ပုသိမ်မြစ်ကြောင်းအတိုင်း ဟင်္သာတမြို့ထိ ရဟတ်ယာဉ်များဖြင့် လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် ရေဘေးသင့်ပြည်သူများ၏ လတ်တလော စားဝတ်နေရေးနှင့်ပြန်လည်ထူထောင်ရေးကို အလေးထားဆောင်ရွက်သွားရန်၊ အလားတူ သဘာဝဘေးအန္တရာယ်များ ထပ်မံကြုံတွေ့လာပါက ထိခိုက်ဆုံးရှုံးမှုအနည်းဆုံးဖြစ်စေရေးအတွက် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို စနစ်တကျဆောင်ရွက်ထားရန်နှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် ဟင်္သာတခရိုင် လေးမျက်နှာမြို့နယ်ရှိ ငဝန်မြစ် ရေကာတာ တာမိုင်(၂၅/၃)တွင် တာတမံနိမ့်ကျမှုဖြစ်ပေါ်ခဲ့သည့်နေရာသို့ ရောက်ရှိပြီး တမံရေတိုက်စားမှုကာကွယ်ခြင်းနှင့် ရေနက်ရေစီးကြောင်း ပိတ်ဆို့နိုင်ရေးအတွက် ရေတိုက်စားမှုလျော့ကျစေရန် ကမ်းပြိုကာကွယ်ရေးသုံး ပိတ်စအိတ် Geo Bag များချခြင်း၊ Geo Bag ဖြင့် ရေလွှဲရေကာပြုလုပ်ခြင်း၊ တာတမံရေထိမျက်နှာပြင် လျှောစောက်ကို Geo Texile အစများ၊ Geo Bag များဖြင့်ကာကွယ်ခြင်း၊ ရေနက်ရေစီးလမ်းကြောင်းကို ဆက်လက်ပိတ်ဆို့နိုင်ရေးအတွက် သဲအပြည့်ဖြည့်ထားသော Geo Bag အိတ်ကြီးများနှင့် သဲအိတ်များကို နိုင်လွန်ပိုက်ကြိုးဖြင့် စုစည်းထုပ်ပိုး၍ ရေယာဉ်များ၊ သဲစုပ်သင်္ဘောများဖြင့်ချခြင်း၊ ရေစီးလမ်းကြောင်း တားဆီးနိုင်ရေး Steel Sheep Pile ရိုက်ခြင်းစသည့် လုပ်ငန်းများကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပို့ဆောင်ရေးဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများ၊ နည်းပညာကျွမ်းကျင်သူများ၊ ကျွမ်းကျင်လုပ်သားများ၊ ရောဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့်အတူ ပေါင်းစပ်ညှိနှိုင်း အရှိန်အဟုန်မပျက် ဆက်လက်ကြိုးပမ်း ဆောင်ရွက်လျက်ရှိမှုတို့ကို ရဟတ်ယာဉ်ပေါ်မှ ကြည့်ရှုစစ်ဆေးခဲ့ပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လုပ်ငန်းဆောင်ရွက်မှုများ အမြန်ဆုံးပြီးစီးမှုရှိစေရေး စနစ်တကျဆောင်ရွက်သွားရန်၊ ကူညီထောက်ပံ့ရေးလုပ်ငန်းများကို မြန်မြန်ဆန်ဆန်နှင့်ထိထိရောက်ရောက် ဆောင်ရွက်ပေးသွားရန်နှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

**ရေဘေးသင့်ပြည်သူများကို ရင်းရင်းနှီးနှီးတွေ့ဆုံ၍ နှစ်သိမ့်အားပေးစကား ပြောကြား**

ယင်းနောက် နိုင်ငံတော်သမ္မတသည် ဟင်္သာတမြို့သို့ရောက်ရှိပြီး ဟင်္သာတမြို့နယ် လဟာပကျေးရွာသို့ မော်တော်ယာဉ်များဖြင့်သွားရောက်၍ လဟာပကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ လေးမျက်နှာမြို့နယ်မှ ရေဘေးသင့်ပြည်သူများကို ရင်းရင်းနှီးနှီးတွေ့ဆုံ နှစ်သိမ့်အားပေးစကားပြောကြားသည်။ ဦးစွာ နိုင်ငံတော်သမ္မတအား ဟင်္သာတခရိုင် အုပ်ချုပ်ရေးမှူး ဦးလှိုင်ဝင်းက ရေဘေးရှောင်ပြည်သူများနှင့်ပတ်သက်သည့် အချက်လက်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတက ရေဘေးရှောင်ပြည်သူများကို နှစ်သိမ့်အားပေးစကားပြောကြားရာတွင် မိမိအနေဖြင့် ယမန်နေ့ကတည်းကပင် လာရောက်တွေ့ဆုံနိုင်ရေး ဆောင်ရွက်ခဲ့သော်လည်း ရာသီဥတု အခြေအနေမပေးသဖြင့် လာရောက်နိုင်ခဲ့ခြင်းမရှိခဲ့ဘဲ ကန်ကြီးထောင့်မြို့နယ် ငပုတောမြို့နယ်၊ သာပေါင်းမြို့နယ်တို့ကို ရဟတ်ယာဉ်များဖြင့်သာ လိုက်လံကြည့်ရှုခဲ့ရကြောင်း၊ ရေဘေးဒဏ်သင့်ခဲ့ရသည့် ပြည်သူများ၏အခက်အခဲများ လျော့ပါးသက်သာစေရေးနှင့် မူလလူမှုဘဝအခြေအနေသို့ အမြန်ဆုံးပြန်လည်ရောက်ရှိနိုင်ရေးအတွက် နိုင်ငံတော်အစိုးရအနေဖြင့် တတ်နိုင်သမျှကူညီဖြည့်ဆည်းဆောင်ရွက်ပေးသွားမည် ဖြစ်သကဲ့သို့ ရေပြန်လည်ကျဆင်းပြီးနောက် ပြည်သူများအနေဖြင့်လည်း မိမိတို့တစ်ဦးချင်းစီ၏ ကြိုးစားအားထုတ်မှုနှင့်အတူ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်ကြမည်ဆိုပါက မူလအခြေအနေသို့ အမြန်ဆုံး ပြန်လည်ရောက်ရှိနိုင်မည်ဖြစ်ကြောင်း။

ရောဝတီတိုင်းဒေသကြီးသည် လယ်ယာစိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအဓိကထားဆောင်ရွက်သည့် တိုင်းဒေသကြီးဖြစ်ပြီး စီးပွားရေးကောင်းမွန်သည့်၊ အစဉ်အလာကောင်းများရှိသည့် တိုင်းဒေသကြီးတစ်ခုဖြစ်ကြောင်း၊ သို့ဖြစ်၍ ကြုံတွေ့နေရသည့် သဘာဝဘေးဒဏ်အား ဒေသတွင်းရှိ အခြေခံကောင်းများကို အကျိုးရှိရှိအသုံးချ၍ ကျော်လွှားနိုင်ရန်လိုကြောင်း။

သစ်ပင်စိုက်ပျိုးမှုများ အားနည်းလျက်ရှိသည်ကို တွေ့မြင်ရသဖြင့် လမုပင်၊ မန်ကျည်းပင်၊ အုန်းပင်တို့အပါအဝင် သစ်ပင်များကို တစ်အုပ်တစ်မ စနစ်တကျစိုက်ပျိုးခြင်းအားဖြင့် ရေတိုက်စားမှုနှင့် လေပြင်းတိုက်ခတ်မှုဒဏ်တို့ကို အတိုင်းအတာတစ်ခုထိ ကာကွယ်ပေးနိုင်မည်ဖြစ်ကြောင်း၊ ရေဝင်ရေထွက်ပေါက်များ စနစ်တကျ ဖြစ်စေရေးအတွက်လည်း ဆောင်ရွက်သွားကြရန်လိုပြီး ရောဝတီမြစ်၊ ငဝန်မြစ်များနှင့် အခြားမြစ်ချောင်းများ ရေစီးဆင်းမှုများကောင်းမွန်စေရေး နိုင်ငံတော်အစိုးရက ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ သဘာဝဘေးအန္တရာယ်နှင့်ပတ်သက်၍ ရှောင်ရှား၍ ရနိုင်မည်မဟုတ်သော်လည်း ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများကို စနစ်တကျဆောင်ရွက်ခြင်းအားဖြင့် ထိခိုက်ပျက်စီးမှုအနည်းဆုံးဖြစ်အောင် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း။

နိုင်ငံတော်နှင့်အတူ စေတနာရှင်အလှူရှင်များကလည်း စဉ်ဆက်မပြတ်



လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း ရေဘေးသင့်ပြည်သူများအနက် ထိခိုက်လွယ်အုပ်စုဝင်များအတွက် ထောက်ပံ့ငွေများ ပေးအပ်စဉ်။

လာရောက်လှူဒါန်းမှုများကို အားတက်ဖွယ်တွေ့ရှိရပြီး ယမန်နေ့က ပြုလုပ်သည့် အလှူငွေပေးအပ်ပွဲ အခမ်းအနားတွင် စုစုပေါင်းအလှူငွေကျပ် ၂၃ ဘီလီယံကျော်ကို လက်ခံရရှိခဲ့ကြောင်း၊ ရေဘေးကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးခဲ့ရမှုများအတွက် မိမိအနေဖြင့်ထပ်တူစိတ်မကောင်းဖြစ်ရပါကြောင်း၊ နိုင်ငံတော်နှင့် အလှူရှင်များက တတ်နိုင်သမျှကူညီဆောင်ရွက်ပေးသကဲ့သို့ ဒေသခံပြည်သူများအနေဖြင့်လည်း မူလအခြေအနေသို့ ပြန်လည်ရောက်ရှိစေရေး ဥစ္စာရင်လို၊ ဥစ္စာရင်ခဲဖြင့် ဆောင်ရွက်သွားရန်လိုကြောင်း၊ ရေဘေးကြောင့် ယာယီပိတ်ထားရသည့် စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်ချိန်တွင် မိဘများအနေဖြင့် မိမိတို့၏သားသမီးများ ကျောင်းပြန်လည် တက်ရောက်စေရေး အလေးထား ဆောင်ရွက်ပေးကြစေလိုကြောင်း၊ ကျောင်းပညာသင်ကြားခြင်းမှတစ်ဆင့် ပညာတတ်မြောက်မှုသာမက စည်းကမ်းရှိမှု၊ စိတ်ဓာတ်ကောင်းမွန်မှုနှင့် ကြိုးစားအားထုတ်လိုစိတ်တို့ကိုပါ ပြုစုပျိုးထောင်ပေးနိုင်မည်ဖြစ်သည့်အတွက် ပညာရေးကို အားပေးဆောင်ရွက်သွားကြရန်လိုကြောင်း။

ရောဝတီတိုင်းဒေသကြီးသည် ရေခံမြေခံကောင်းများနှင့် အခြေခံကောင်းများရှိပြီးဖြစ်သဖြင့် တစ်ဦးချင်းကိုယ်စီ

စာမျက်နှာ ၁၉ သို့

**စာမျက်နှာ ၁၈ မှအဆက်**

ကြိုးစားအားထုတ်ကြမည်ဆိုပါက နိုင်ငံတွင် ထိပ်တန်းအဆင့်ရှိသည့် တိုင်းဒေသကြီး တစ်ခုဖြစ်လာနိုင်မည်ကို မိမိအနေဖြင့် ယုံကြည်ပါကြောင်း၊ ကျောင်းပညာရေးနှင့် ပတ်သက်၍လည်း အတန်းအလိုက်၊ အဆင့်အလိုက် ကျောင်းတက်ရောက်မှု အပေါ်တွင်မူတည်၍ သင်ယူရသည့် စာပေပညာများ၊ နာယူရသည့် အသိပညာ ဗဟုသုတများ ကွာခြားသွားမည်ဖြစ်သဖြင့် ကျောင်းပညာရေးကို ဆုံးခန်းတိုင်အောင် သင်ယူသွားကြရန် တိုက်တွန်းအားပေးလိုပါကြောင်း၊ ကျောင်းတက်ရောက်ခြင်းဖြင့် သင်ကြားခဲ့ရသည့် အတန်းပညာရပ်များအလိုက် စည်းကမ်းရှိသည့်လူငယ်များ၊ အသိပညာအတတ်ပညာများ ပြည့်စုံကျွမ်းကျင်သည့် စွမ်းရည်နှင့် စွမ်းအားရှိသည့် လူငယ်များဖြစ်လာမည်ဖြစ်ကြောင်းပြောကြားပြီး ရေဘေးသင့်ပြည်သူများ၏ လိုအပ်ချက်များကို မေးမြန်းကာ လိုအပ်သည်များ ဖြည့်ဆည်း ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ရေဘေးသင့်ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုကို ကြည့်ရှုအားပေးစဉ်။

ထို့နောက် နိုင်ငံတော်သမ္မတသည် ရေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ပစ္စည်းများပေးအပ်ရာ ရေဘေးသင့် ပြည်သူများကိုယ်စား ကိုယ်စားလှယ်များက လက်ခံရယူကြသည်။ ယင်းနောက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည် နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက လေးမျက်နှာမြို့နယ်ရှိ ရေဘေးသင့်ပြည်သူများအနက် ထိခိုက်

လှယ်အုပ်စုဝင်များအတွက် ထောက်ပံ့ငွေကျပ် စုစုပေါင်း ၁၉ ဒသမ ၁၄ သန်းကို ထောက်ပံ့ပေးအပ်ရာ ကိုယ်စားလှယ်တစ်ဦးက လက်ခံရယူသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတသည် ရေဘေးသင့်ပြည်သူများကို ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် ဘုန်းတော်ကြီးကျောင်းအတွင်း ဟင်္သာတခရိုင်ကုသရေးဦးစီးဌာန ပြည်သူ့ဆေးရုံကြီး ဟင်္သာတမြို့ ရွေ့လျားဆေးကုသရေးအဖွဲ့မှ ရေဘေးသင့်ပြည်သူများအတွက် လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုကို ကြည့်ရှုအားပေးခဲ့ပြီး လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

PPIB News



ဝေန်မြစ်ရေကာတာတမံနိမ့်ကျမှုဖြစ်ပေါ်ခဲ့သည့်နေရာတွင် ရေယာဉ်များ၊ သဲစုပ်သင်္ဘောများဖြင့် ပြန်လည်ပြုပြင်မှုများ ဆောင်ရွက်နေစဉ်။



ဝေန်မြစ်ရေကာတာတမံနိမ့်ကျမှုကြောင့် ရေကျော်စီးဝင်၍ ရေဘေးသင့်ခဲ့ရသည့် ဒေသများကို တွေ့ရစဉ်။

## ကမ်းနီး၊ကမ်းဝေး ငါးဖမ်းရေယာဉ်များ မုတ်သုံရာသီအတွင်း ရာသီဥတုဆိုးရွားချိန်များတွင် ရာသီဥတုခိုလှုံနိုင်

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာနသည် မြန်မာ့ပင်လယ်ငါးလုပ်ငန်းရေပြင်အတွင်း ငါးဖမ်းလုပ်ငန်းလုပ်ကိုင်ဆောင်ရွက်နေသော နိုင်ငံသားပိုင် ကမ်းဝေးငါးဖမ်းရေယာဉ်များနှင့် ကမ်းနီးငါးဖမ်းရေယာဉ်များအနေဖြင့် မုတ်သုံရာသီအတွင်း ရာသီဥတုဆိုးရွားချိန်များတွင် လှိုင်းဒဏ်၊ လေဒဏ်များ ခိုလှုံနိုင်ရန်အတွက် အောက်ဖော်ပြပါ တည်နေရာများ၌ ရာသီဥတုခိုလှုံနိုင်ပါကြောင်းကို (၉-၆-၂၀၂၆) ရက်စွဲပါ ညွှန်ကြားချက်အမှတ်၊ ၂/၂၀၂၆ ဖြင့် ထုတ်ပြန်ပေးထားပြီး ဖြစ်ပါသည် -

(က) ရခိုင်ပြည်နယ် စစ်တွေမြို့နယ် မင်းဂံချောင်းအတွင်း မြောက်လတ္တီတွဒ် ၂၀ ဒီဂရီ ၂၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၅၈ မိနစ်၊

(ခ) ရခိုင်ပြည်နယ် ပေါက်တောမြို့နယ် ဖရုံဂါကျွန်း မြောက်လတ္တီတွဒ် ၂၀ ဒီဂရီ ၀၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၀၀ မိနစ်၊

(ဂ) ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ် ငလပွေ့ချောင်း မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၄ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၃၃ မိနစ်၊

(ဃ) ရခိုင်ပြည်နယ် သံတွဲမြို့နယ် ဆင်ခေါင်းဆိပ်ကမ်း မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၃၁ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၁၃ မိနစ်၊

(င) ရခိုင်ပြည်နယ် သံတွဲမြို့နယ် သမြချိုင် (ANDREW BAY) မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၂၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၂၀ မိနစ်၊

(စ) ရခိုင်ပြည်နယ် တောင်ကုတ်မြို့နယ် သင်္ဘောဆိပ် မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၁၅ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၁၃ မိနစ်၊

(ဆ) ရခိုင်ပြည်နယ် ဂွမြို့နယ် တင်းတောကျေးရွာအုပ်စု အမော်ချိုင် မြောက်လတ္တီတွဒ် ၁၇ ဒီဂရီ ၃၇ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၃၄ မိနစ်၊

(ဇ) ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ဟိုင်းကြီးကျွန်း (HAINGYI ISLAND) မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၅၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၂၀ မိနစ်၊

(ဈ) ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ပြင်ခရိုင်ချောင်းဝကျေးရွာ မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၀၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၂၄ ဒသမ ၄၀ မိနစ်၊

(ည) ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ် ကဒုံကနိကျေးရွာ မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၄၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၁၆ မိနစ်၊

(ဋ) မွန်ပြည်နယ် ရေးမြို့နယ် ဝါးကျွန်းမြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၁၁ ဒသမ ၃၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၄၄ မိနစ်၊

(ဌ) တနင်္သာရီတိုင်းဒေသကြီး လောင်းလုံမြို့နယ် မောင်းမကန်ဘုတ်ကျွန်း (MIDDLE MOSCOS) မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၁၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၄၈ မိနစ်၊

(ဍ) တနင်္သာရီတိုင်းဒေသကြီး လောင်းလုံမြို့နယ် လောင်းလုံဘုတ်ကျွန်း (SOUTH MOSCOS) မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၄၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၅၄ မိနစ်၊

(ဎ) တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ် တနင်္သာရီကျွန်း (TANINTHARYI ISLAND) မြောက်လတ္တီတွဒ် ၁၂ ဒီဂရီ ၃၄ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၅၂ မိနစ်၊

(ဏ) တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ် ပြင်စဘုကျွန်း (PYIN SA BU ISLAND)အရှေ့ဘက်ရေပြင် မြောက်လတ္တီတွဒ် ၁၁ ဒီဂရီ ၄၅ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၈ ဒီဂရီ ၀၅ မိနစ်။

၂။ နိုင်ငံသားပိုင် ကမ်းဝေးငါးဖမ်းရေယာဉ်များနှင့် ကမ်းနီးငါးဖမ်းရေယာဉ်များကို ရာသီဥတုခိုလှုံခွင့်ပြုရာနေရာ သတ်မှတ်ပေးထားခြင်းမှာ မုတ်သုံရာသီ ရာသီဥတုဆိုးရွားချိန်အတွင်း ငါးဖမ်းရေယာဉ်များနှင့် ရေလုပ်သားများ အန္တရာယ်ကင်းရှင်းလုံခြုံစွာ ကျွန်းခိုရပ်နားနိုင်ရန်အတွက် သတ်မှတ်ပေးထားခြင်းဖြစ်ပြီး ရာသီဥတုခိုလှုံသည်ကို အကြောင်းပြု၍ ကမ်းနီးဒေသအတွင်း ငါး၊ ပုစွန်ဖမ်းဆီးနေသည်ကို စစ်ဆေးတွေ့ရှိရပါက ထိရောက်စွာ အရေးယူခြင်းခံရမည်ဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**
**ငါးလုပ်ငန်းဦးစီးဌာန**

# မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် မဟာဝိသုဒ္ဓါရုံတိုက်သစ်ရှိ စံကျောင်းပိဋကတ်တိုက်အား အသစ်တစ်ဖန် ပြန်လည်မွမ်းမံပြင်ဆင်ခြင်း၊ ကျောင်းတိုက်အတွင်းရှိ လမ်းများအားလုံး နိုင်လွန်ကတ္တရာ လမ်းခင်းလှူဒါန်း





**မန္တလေး ဩဂုတ် ၉**

မန္တလေးမြို့ မဟာအောင်မြေမြို့နယ်ရှိ ရွှေကျင်ဂိုဏ်းကြီး၏ဗဟိုဌာန မဟာဝိသုဒ္ဓါရုံတိုက်သစ်၏ ကျက်သရေဆောင်တစ်ခုဖြစ်ပြီး ပထမမဟာဝိသုဒ္ဓါရုံ ဆရာတော်ကြီး၏ အထိမ်းအမှတ်ဖြစ်သော နှစ်ပေါင်း ၁၁၀ သက်တမ်းရှိ စံကျောင်းပိဋကတ်တိုက်ကြီးသည် မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် စံကျောင်းပိဋကတ်တိုက်အသစ်တစ်ဖန် ပြန်လည်မွမ်းမံပြင်ဆင်ခြင်း၊ ကျောင်းတိုက်အတွင်းရှိ လမ်းများအားလုံး နိုင်လွန်ကတ္တရာလမ်းခင်းလှူဒါန်းခြင်း ရေစက်ချမင်္ဂလာ အခမ်းအနားကို ယနေ့နံနက်ပိုင်းက မဟာဝိသုဒ္ဓါရုံတိုက်သစ် အောင်မြေသာစည် အလယ်ကျောင်းကြီးတွင် ကျင်းပရာ ရွှေကျင်နိကာယဥပပဥက္ကဋ္ဌ မဟာနာယက ပါမောက္ခချုပ်ဆရာတော် ဒေါက်တာ ဘဒ္ဒန္တနန္ဒမာလာဘိဝံသ အမှူးပြုသော ဆရာတော်များ ကြွရောက်ချီးမြှင့်တော်မူသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ အလှူရှင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြပြီး နမောတဿ သုံးကြိမ် ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားကိုဖွင့်လှစ်သည်။

ဆက်လက်၍ ရွှေကျင်နိကာယဥပဥက္ကဋ္ဌ မဟာနာယက ဝိဇ္ဇာလင်္ကာရ ဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြကာ ပရိတ်တရားတော်များ နာယူကြည်ညိုကြသည်။

ထို့နောက် ရွှေကျင်နိကာယဥပဥက္ကဋ္ဌ မဟာနာယက ပါမောက္ခချုပ် ဆရာတော် ဒေါက်တာ ဘဒ္ဒန္တနန္ဒမာလာဘိဝံသနှင့် ဆရာတော်များထံ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တာဝန်ရှိသူများ၊ အလှူရှင်များက သင်္ကန်းအစရှိသော လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး အလှူရှင်များလှူဒါန်းသည့် ဓမ္မပူဇာ အလှူငွေများကို တာဝန်ရှိသူများက လက်ခံကြသည်။

ဆက်လက်၍ ရွှေကျင်နိကာယဥပဥက္ကဋ္ဌ မဟာနာယက ပါမောက္ခချုပ် ဆရာတော်ထံမှ အနုမောဒနာတရားနှင့် ရေစက်ချတရားနာယူကြည်ညိုကာ ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ် ရွတ်ဆို ဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းပြီး ဆရာတော်၊ သံဃာတော်များအားနေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် နှစ်ပေါင်း ၁၁၀ သက်တမ်းရှိ စံကျောင်းပိဋကတ်တိုက်အား ရှေးမူမပျက် ပြုပြင်မွမ်းမံထားရှိမှုများကို လိုက်လံကြည့်ရှုခဲ့ကြောင်း သတင်းရရှိသည်။

**မျိုးကျော်**

---

## ❖ ဖူဆယ်ပြိုင်ပွဲမှ

ဆက်သွယ်ရေး ဝန်ကြီးဌာနအသင်းက နိုင်ငံခြားရေးဝန်ကြီးဌာနအသင်းကို ၁၃ ဂိုး နှစ်ဂိုးဖြင့်လည်းကောင်း၊ ဆောက်လုပ်ရေး ဝန်ကြီးဌာနအသင်းက ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အသင်းကို ကိုးဂိုး ဂိုးမရှိဖြင့်လည်းကောင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနအသင်းက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်းကို လေးဂိုး တစ်ဂိုးဖြင့်လည်းကောင်း အသီးသီးအနိုင်ရရှိခဲ့ကြသည်။

၂၀၂၆ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ ဖူဆယ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့် ပွဲစဉ်များကို ဩဂုတ် ၁၀ ရက်တွင် ဆက်လက် ကျင်းပသွားမည်ဖြစ်ပြီး ကာကွယ်ရေးဝန်ကြီးဌာန အသင်းနှင့် သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအသင်း၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနအသင်းနှင့် အားကစားရေးရာဝန်ကြီးဌာနအသင်း၊ ပြည်ထဲရေးဝန်ကြီးဌာနအသင်းနှင့် ဒစ်ဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအသင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအသင်းတို့ ကစားသွားမည်ဖြစ်ကြောင်း သိရသည်။

**STA**

---

## ❍ စမ်းသပ်စိုက်ပျိုးမှ

တောင်သူများထံ သွင်းအားစုများဖြစ်သည့် ဓာတ်မြေဩဇာနှင့် သဘာဝမြေဩဇာများ ထောက်ပံ့ပေးအပ်သည်။

အလားတူ ယမန်နေ့နံနက်ပိုင်းက လွိုင်လင်ခရိုင် မိုင်းပွန်ရှိ မိတ္ထီလာ-တောင်ကြီး-ကျိုင်းတုံ-တာချီလိတ်လမ်း (၄/၁၅၃)တွင် မိုင်းပွန်တံတားပေ ၂၂၀ တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လင်းခေးခရိုင် မိုင်းပန်မြို့နယ် အရှေ့ကျေးရွာအုပ်စုတွင် မိုးစပါးပန်းတိုင် အထွက်နှုန်းရရှိရေး စံပြကွက်စျေးကွက်ဝင် ၂၀၂၆ ခုနှစ် စမ်းသပ်စိုက်ပျိုးသည့် ပေါ်ဆန်းမွှေးနှင့် ဘာစမာတီစပါးစိုက်ပျိုးထားရှိမှု ကွင်းသရုပ်ပြပွဲသို့တက်ရောက်၍ တောင်သူများထံ ဓာတ်မြေဩဇာများ ထောက်ပံ့ပေးအပ်ကာ စိုက်ခင်းများကို လှည့်လည်ကြည့်ရှုသည်။

ထို့ပြင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းတုံခရိုင် မိုင်းတုံမြို့ နောင်ပိုင်ရပ်ကွက်၌ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် Clean&Green ရန်ပုံငွေဖြင့် ဆောင်ရွက်နေသည့် နောင်ပါရင်(၈)လမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

**မောင်မောင်သန်း(တောင်ကြီး)**

---

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

| | | |
|---|---|---|
| ၁။ | ကာကွယ်ရေးဝန်ကြီးဌာန | (https://www.mod.gov.mm) |
| ၂။ | ဥပဒေရေးရာဝန်ကြီးဌာန | (https://www.mlis.gov.mm) |
| ၃။ | ပြန်ကြားရေးဝန်ကြီးဌာန | (https://www.moi.gov.mm) |
| ၄။ | Myawady Webportal | (https://myawady.net.mm) |
| ၅။ | Myanmar National Portal | (https://myanmar.gov.mm) |

---

## ၂၀၂၆ ခုနှစ် ဩဂုတ် ၉ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ တစ်ကျပ်သား(၁၆.၃၂၉၃၂၅ ဂရမ်) ၏ ဈေးနှုန်း ၇၀၀၀၀၀၀ကျပ်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

---

## ပြည်သူ့စစ်မှုထမ်းဆောင်ရမည့် တာဝန်မှ ယာယီရွှေ့ဆိုင်းနိုင်သူများ

ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ-၁၅(က)တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းနိုင်သည်ဟု ပြဋ္ဌာန်းထားပါသည်-

၁။ ယာယီအားဖြင့် စစ်မှုထမ်းနိုင်မည့် ကျန်းမာရေးအဆင့် မမီကြောင်း သက်ဆိုင်ရာ တပ်မတော်ဆေးစစ်ရေးဘုတ်အဖွဲ့၏ ထောက်ခံချက်ရရှိထားသူများ။

၂။ နိုင်ငံ့ဝန်ထမ်းများ။

၃။ ပညာသင်ကြားနေသူများ။

၄။ အခြားပြုစုစောင့်ရှောက်မည့်သူမရှိသော မိဘိုဖအိုများကို ပြုစုလုပ်ကျွေးနေသူများ။

၅။ မူးယစ်ဆေးဝါးဖြတ်ရန် ဆေးကုသမှုခံယူနေသူများ။

၆။ ထောင်ဒဏ်ကျခံနေသူများ။

**ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်ကာလ ရွှေ့ဆိုင်းခွင့်ပြုသူများ**

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်ကာလ ရွှေ့ဆိုင်းခွင့်ပြုသူများ

ရွှေ့ဆိုင်းခွင့်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်း မပြုရသေးမီကာလအတွင်း မိဘတစ်ဦးဦးသော်လည်းကောင်း၊ အိမ်ထောင်သည် အမျိုးသားဖြစ်ပါက ဇနီးသော်လည်းကောင်း ရုတ်တရက်သေဆုံးသွားခြင်း။

(ခ) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့် နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မတော်တဆဖြစ်ရပ် တစ်ခုခုကြောင့်ဖြစ်စေ၊ အခြားသူ၏ ပယောဂတစ်ခုခုကြောင့်ဖြစ်စေ ကိုယ်လက်အင်္ဂါအစိတ်အပိုင်းတစ်ခုခု အပြင်းအထန်ဒဏ်ရာရရှိသူဖြစ်ခြင်း။

(ဂ) ဥပဒေနှင့်အညီ ချုပ်နှောင်ခံနေရသူ သို့မဟုတ် တရားရုံးတစ်ခုခုတွင် အမှုရင်ဆိုင်နေရသူဖြစ်ခြင်း။

(ဃ) နိုင်ငံတော်၏ လိုအပ်ချက်အရ ပညာရပ်များကို လေ့လာသင်ယူနေသူဖြစ်ခြင်း။

(င) ပြည်သူ့စစ်မှုထမ်းရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းပေးရန် မဖြစ်မနေလိုအပ်နေသူဖြစ်ခြင်း။

---

**မိမိပိုင်နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# သီပေါမြို့နယ်တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် နမ့်ပေါ့ချောင်းကျောက်စီမြေထိန်းနံရံ ပြိုကျပျက်စီးသဖြင့် ရေတိုက်စားမှုဖြစ်ပေါ်သည့်ကျေးရွာများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ကူညီကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်



လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက ကူညီကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်နေမှုကို တွေ့ရစဉ်။



လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ ဒေသခံပြည်သူများက နမ့်ပေါ့ချောင်းအတွင်း ကျောက်စီမြေထိန်းနံရံအား သဲအိတ်များကာရံခြင်းဆောင်ရွက်နေမှုကို တွေ့ရစဉ်။

**နေပြည်တော် ဩဂုတ် ၉**

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ်တွင် ဩဂုတ် ၅ ရက်မှ ၈ ရက်ထိ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရွာသစ်ကျေးရွာအုပ်စု ညောင်ပင်ကွင်းကျေးရွာရှိ နမ့်ပေါ့ချောင်းကျောက်စီမြေထိန်းနံရံသည် ဩဂုတ် ၈ ရက်နံနက် ၁၀ နာရီခန့်တွင် ပြိုကျပျက်စီးသွားကြောင်း သိရသည်။

အဆိုပါမြေထိန်းနံရံ ပြိုကျပျက်စီးမှုကြောင့် ရေစီးလမ်းကြောင်းပြောင်းကာ ရေတိုက်စားမှုကြောင့် ညောင်ပင်ကွင်းကျေးရွာမှ ဦးဆုပညာ၏ နေအိမ်ခြံဝင်းရှိ ရေချိုးခန်း၊ အိမ်သာတွဲလျက် တစ်လုံး၊ ဒေါ်ခိုင်၏ နေအိမ်ခြံစည်းရိုးအုတ်တံတိုင်း အရှည် ပေ ၆၀ ခန့် ပြိုကျပျက်စီးသွားခဲ့ရသည်။

အဆိုပါနေရာသို့ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက ဒေသခံပြည်သူများနှင့် ပူးပေါင်း၍ ရေတိုက်စားမှုကြောင့် မြေပြိုခြင်းများမှ ကာကွယ်ရန် သဲအိတ်များစီ၍ အတားအဆီးများပြုလုပ်ခြင်း၊ လိုအပ်သောကူညီကယ်ဆယ်ရေးလုပ်ငန်းများကို လုပ်ဆောင်ပေးခြင်း၊ စက်ယန္တရားများအသုံးပြု၍ ရေလမ်းကြောင်း လွှဲခြင်းများဆောင်ရွက်လျက်ရှိကြောင်းနှင့် ရေတိုက်စားမှုကြောင့် ဒေသခံပြည်သူများ ထိခိုက်သေဆုံးဒဏ်ရာရမှုမရှိကြောင်း သတင်းရရှိသည်။ (၅၀၁)

# စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုများဖြစ်ပေါ်ခဲ့ပြီး ရေဘေးသင့်ပြည်သူများကို ဘေးလွတ်ရာသို့ ပြောင်းရွှေ့ရန်ကူညီဆောင်ရွက်

**နေပြည်တော် ဩဂုတ် ၉**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြို့ရွာများ၌ ဩဂုတ် ၅ ရက်မှစ၍ မိုးသည်းထန်စွာရွာသွန်းမှုများကြောင့် ကျေးရွာ၊ ရပ်ကွက်များနှင့် လယ်ယာစိုက်ခင်းများအတွင်း ရေလွှမ်းမိုးမှုများဖြစ်ပွားလျက်ရှိကြောင်း သိရသည်။



မင်းကင်းမြို့နယ် သရက်တောကျေးရွာရှိ ပြည်သူများကို ယွန်းဘုန်းတော်ကြီးကျောင်းသို့ ရွှေ့ပြောင်းနေမှုမှတ်တမ်းဓာတ်ပုံ။



မင်းကင်းမြို့နယ် ကျေးတောင်ဦးကျေးရွာနှင့် ရေဘုတ်ချောင်းကျေးရွာရှိ ပြည်သူများကို ရွှေဇဝါထွန်းဘုန်းတော်ကြီးကျောင်းသို့ ရွှေ့ပြောင်းနေမှုမှတ်တမ်းဓာတ်ပုံ။

ထိုသို့ ကျေးရွာ၊ ရပ်ကွက်များအတွင်း ရေဝင်ရောက်မှုကြောင့် ရေဦးမြို့နယ်ရှိ ဆီဆုံကျေးရွာအုပ်စု သာယာကုန်းကျေးရွာရှိ ဒေသခံပြည်သူများကို ကန့်ဘလူမြို့နယ် ကာဘိုးကျေးရွာရှိ မြင့်တင်ဘုန်းတော်ကြီးကျောင်းတိုက်သို့လည်းကောင်း၊ မင်းကင်းမြို့နယ် သရက်တောရပ်ကွက်ရှိ ဒေသခံပြည်သူများကို မင်းကင်းမြို့ မြို့မရပ်ကွက်ရှိ ယွန်းဘုန်းတော်ကြီးကျောင်းသို့လည်းကောင်း၊ မင်းကင်းမြို့နယ် ကျေးတောင်ဦးကျေးရွာနှင့် ရေပုတ်ချောင်းကျေးရွာရှိ ဒေသခံပြည်သူများကို ကျေးတောင်ဦးကျေးရွာ ရွှေဇဝါထွန်းဘုန်းတော်ကြီးကျောင်းသို့ လည်းကောင်း ယာယီရွှေ့ပြောင်းနိုင်ရေးအတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီကယ်ဆယ်ရေးအသင်းအဖွဲ့များက သွားရောက်ကူညီဆောင်ရွက်ပေးကြပြီး ရေဘေးသင့်ပြည်သူများအတွက် လိုအပ်သော ဆန်၊ ဆီနှင့်စားသောက်ဖွယ်ရာများကို ထောက်ပံ့ပေးနိုင်ရေးအတွက် မြို့နယ်အလိုက် ဘေးအန္တရာယ်စီမံခန့်ခွဲရေး ဦးစီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ပေးထားကြောင်း သိရသည်။

ထို့ပြင် မိုးသည်းထန်စွာရွာသွန်းမှုများကြောင့် သက္ကယ်ကျင်း-ဖောင်းပြင်-ဟုမ္မလင်း-ခန္တီး လမ်းပိုင်းရှိ တံတားအမှတ် (၁/၂၃၀)သံကူကွန်ကရစ်တံတား၏ ဘယ်ဘက်ခြမ်း မြေထိန်းနံရံရေတိုက်စားသွားကာ ကတ္တရာလမ်းများနိမ့်ဝင်ပျက်စီးခဲ့သဖြင့် လမ်းပေါ်ရေကျော်လျက်ရှိပြီး ယာဉ်ကြီးများသာသွားလာနိုင်ကြောင်း သိရသည်။

အလားတူ ရွှေဘိုခရိုင်အတွင်း ကျေးရွာအုပ်စု ၃၃ စုမှ လယ်ယာစိုက်ခင်းများနှင့် ကျွန်းလှမြို့နယ် မန်ကျည်းအင်းကျေးရွာအုပ်စု၊ လယ်လှကျေးရွာအုပ်စုနှင့် ရှမ်းစုကျေးရွာတို့ရှိ လယ်ယာစိုက်ခင်းများကို ရေလွှမ်းမိုးမှုများဖြစ်ပေါ်လျက်ရှိသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ (၅၀၁)

## ■ လေပြင်းတိုက်ခတ်ခြင်းတို့ဖြစ်ပေါ်နိုင်မှု

ဩရိဿပြည်နယ်မြောက်ပိုင်းတို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်း၏အရှိန်ကြောင့်လည်းကောင်း၊ မိုးတိမ်တောင်များဖြစ်ထွန်းမှု အားကောင်းနေခြင်းကြောင့်လည်းကောင်း ယနေ့ နံနက်မှ ဩဂုတ် ၁၂ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍မိုးကြီးနိုင်သည်။

မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊ မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်ထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ကိုးပေမှ ၁၁ ပေခန့်ရှိနိုင်သည်။ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊ မြေပြင်လေသည် တစ်နာရီလျှင် ၂၅ မိုင်မှ မိုင် ၃၀ ထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခုနစ်ပေမှ ကိုးပေခန့်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေအားကောင်းနေခြင်းကြောင့်လည်းကောင်း၊ အိန္ဒိယနိုင်ငံ အနောက်ဘင်္ဂလားပြည်နယ်တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဩရိဿပြည်နယ် မြောက်ပိုင်းတို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်း၏အရှိန်ကြောင့်လည်းကောင်း၊ မိုးတိမ်တောင်များဖြစ်ထွန်းမှု အားကောင်းနေခြင်းကြောင့်လည်းကောင်း မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်သဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ရန် အသိပေးနှိုးဆော်ထားသည်။ (မိုး/ဇလ)

ရတနာသစ်တော ပြည့်သွေးကြော သစ်တောရတနာ ထိန်းသိမ်းပါ။



မိုးကုတ်မြို့နယ်၌ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ကျောက်ဆင်ကျေးရွာနှင့် ဘော်မားကျေးရွာသွား ကတ္တရာလမ်း မြေကျွံပျက်စီးနေမှု မှတ်တမ်းဓာတ်ပုံ။



မိုးကုတ်မြို့နယ်၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေပူရပ်ရှိ လမ်းမပေါ်သို့ မြေသား ပေ ၂၀ ခန့် မြေပြိုကျခဲ့သည့်နေရာကို ကူညီကယ်ဆယ်ရေးဆောင်ရွက်ပေးနေမှု မှတ်တမ်းဓာတ်ပုံ။



မတ္တရာမြို့နယ် အထက်တောင်ကိုင်းကျေးရွာ ရေဘေးသင့်ဒေသခံပြည်သူများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ကူညီထောက်ပံ့နေမှု မှတ်တမ်းဓာတ်ပုံ။



မိုးကုတ်မြို့နယ်၌ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ဘော်မားကျေးရွာအဝင် ကတ္တရာလမ်းပျက်စီးနေမှု မှတ်တမ်းဓာတ်ပုံ။



ကင်းချောင်းရေတိုက်စားမှုကြောင့် မိုးကုတ်-မန္တလေးသွားကတ္တရာလမ်း ပြိုကျပျက်စီးနေမှု မှတ်တမ်းဓာတ်ပုံ။



မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ကင်းရွာနှင့် ရွှံ့တောရွာကြားရှိ သစ်သားတံတား မျောပါပျက်စီးနေမှု မှတ်တမ်းဓာတ်ပုံ။

❑ **မိုးကုတ်မြို့နယ်မှ**

ကတ္တရာလမ်းများ နိမ့်ဝင်ပျက်စီးခဲ့သဖြင့် မော်တော်ယာဉ်များ ဖြတ်သန်းသွားလာနိုင်ခြင်းမရှိဘဲ လမ်းများယာယီပိတ်ထားခဲ့ရသည်။

အဆိုပါနေရာများသို့ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက ဒေသခံပြည်သူများနှင့်ပူးပေါင်း၍ ပြည်သူများ ဘေးအန္တရာယ်မဖြစ်စေရန် လိုအပ်သော ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ မြေပြိုကျမှုကြောင့် ကားလမ်းများ ပိတ်နေသည့်အတွက် Loader ယာဉ်များဖြင့် မော်တော်ယာဉ်များ ယာယီဖြတ်သန်းသွားလာနိုင်ရေး ဆောင်ရွက်ပေးခြင်း၊ လိုအပ်သောကျန်းမာရေး စောင့်ရှောက်ခြင်းလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးလျက်ရှိသည်။

အလားတူ မန္တလေးတိုင်းဒေသကြီး အတွင်း၌ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် မတ္တရာမြို့နယ် ဆည်တော်ကြီးကျေးရွာရှိ ဆည်တော်ကြီးရေလှောင်တမံ၌ ရေဝင်ရောက်မှုများပြားကာ ဆည်ရေပြည့် ရေလှောင်ပမာဏထက် ကျော်လွန်လာသဖြင့် ရေလှောင်တမံအနီးရှိ ကျေးရွာများနှင့် ဒေသအခေါ် တံငါတံတား (ကျောက်စရစ်ကုန်းတံတား) အား ထိခိုက်မှုမရှိစေရေး ဩဂုတ် ၇ ရက်တွင် ပိုလျှံရေများကို အကျယ် ပေ ၄၀၊ အမြင့် ၃၅ ပေရှိ ရေပိုလွှဲတံခါးကြီး ခုနစ်ခုမှ တံခါးတစ်ခုလျှင် ပျမ်းမျှ နှစ်ပေခန့်ဖွင့်ဖောက်၍ ရေထိန်းညှိလျှော့ချခြင်းများ ဆောင်ရွက်ခဲ့သည့်အတွက် မတ္တရာမြို့နယ် တံငါတောင်ကျေးရွာအနီး မန္တလေး-သပိတ်ကျင်း-မိုးကုတ်သွားကားလမ်းမပေါ် ရေကျော်စီးဆင်းမှုဖြစ်ပေါ်ခဲ့သည်။

ထိုသို့ ရေကျော်စီးဆင်းမှုများကြောင့် မတ္တရာမြို့နယ် အထက်တောင်ကိုင်းကျေးရွာအတွင်းရှိ ပြည်သူများကို လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များက လိုအပ်သည့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ ပစ္စည်းများ ရေဘေးလွတ်ရာသို့ ကူညီရွှေ့ပြောင်းပေးခြင်း၊ စားသောက်ဖွယ်ရာများဝေငှပေးခြင်း၊ လိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ (၅၀၁)

# ချင်းတွင်းမြစ်ရိုးတစ်လျှောက် မုံရွာမြို့ အလုံရပ်ကွက်မှ မုံရွာတောင်ရပ်ကွက်ထိ ရေကင်း ၁၂ ခုချထားပြီး ရေကြီးရေလျှံမှုကာကွယ်နိုင်ရန် သတ်မှတ်နေရာအလိုက် စောင့်ကြည့်မှုများဆောင်ရွက်လျက်ရှိ

မုံရွာ ဩဂုတ် ၉

ချင်းတွင်းမြစ်ရိုးတစ်လျှောက် မုံရွာမြို့ အလုံရပ်ကွက်မှ မုံရွာတောင်ရပ်ကွက်အထိ ရေကင်း ၁၂ ခုချထားပြီး ရေကြီးရေလျှံမှု ကာကွယ်နိုင်ရန်သတ်မှတ်နေရာအလိုက် စောင့်ကြည့်မှုကို ဌာနဆိုင်ရာဝန်ထမ်း၊ ရပ်ကွက်နေပြည်သူများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ စုဖွဲ့ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထိုကဲ့သို့ ရေကင်းများချထား ဆောင်ရွက်နေမှု၊ ရေထိန်းတာပေါင်များ ကြံ့ခိုင်မှု၊ ရေထိန်းတံခါးများကြံ့ခိုင်မှုတို့ကို ယနေ့နံနက်ပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးကိုလေးသည် တိုင်းဒေသကြီးဝန်ကြီးများနှင့်အတူ သွားရောက်ကြည့်ရှုစစ်ဆေးပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ချင်းတွင်းမြစ် ရေကြီးရေလျှံမှုမှ ကာကွယ်နိုင်ရေးအတွက် ပံ့ပိုးကူညီမှုများ ဆောင်ရွက်ပေးမည့် ကိစ္စရပ်များကို ဆွေးနွေးမှာကြားသည်။

ယမန်နေ့ကလည်း မူးမြစ်ရေဝင်ရောက်သည့် ကျေးရွာပြည်သူများကို ကန့်ဘလူမြို့ ခရိုင်စုပေါင်းရုံးရှိ ရွှေဆည်မြိုင်ခန်းမ၌ သွားရောက်ထောက်ပံ့ပေးခဲ့ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ပေးအပ်သည့် ထောက်ပံ့ငွေကျပ် ၃၂၄၂၅၀၀၀ နှင့် တိုင်းဒေသကြီး စီမံကိန်း၊ စီးပွားရေးနှင့် ဘဏ္ဍာရေးဝန်ကြီးက တိုင်းဒေသကြီးအစိုးရအဖွဲ့က ပေးအပ်သည့် ငွေကျပ်သိန်း ၁၀၀ တို့ကို ပေးအပ်ခဲ့သည်။

ထို့ပြင် ကျွန်းလှမြို့နယ်ရှိ သဖန်းဆိပ်ရေလှောင်တမံအတွင်း ရေဝင်ရောက်မှု၊ ရေထိန်းတမံများကြံ့ခိုင်မှု၊ ရေပိုလွှဲနှင့် အကူရေပိုလွှဲကြံ့ခိုင်မှုတို့ကိုလည်း သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**



**အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့အသိပေးနှိုးဆော်ချက်**

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDFအမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDFအကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကိုကာကွယ်ပေးခြင်းဖြစ်သည်။

**ညအချိန် အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ်ချွေတာသင့်ပါသည်။**

# ရန်ကုန်တိုင်းဒေသကြီး ပန်းဘဲတန်းမြို့နယ် ရွှေဘုံသာလမ်းရှိ Diamond Shine စိန်ရွှေရတနာဆိုင်ပိုင်ရှင် ပြန်ပေးဆွဲခံရမှုဖြစ်စဉ်နှင့်ပတ်သက်၍ တရားခံများကို ၁၂ နာရီအတွင်း ဖော်ထုတ်ဖမ်းဆီးရမိ


အောင်သူ ခေါ် အောင်သူဦး ၃၂ နှစ်


မူဒူးဂါး ခေါ် ဝင်းကိုအောင် ၂၆ နှစ်


ဂင်ဒို ခေါ် လင်းလင်း ၃၀ နှစ်


မျိုးမင်းဦး ခေါ် မျိုးကြီး ၃၂ နှစ်


မောင်ငယ် ၃၁ နှစ်


ကျော်သူရ ၃၆ နှစ်


အောင်ထက်မိုး ၃၀ နှစ်


ကျော်သက် ၃၀ နှစ်


ကျော်ကိုကိုလွင် ၃၉ နှစ်(Taxi ယာဉ်မောင်း)




ပန်းဘဲတန်းမြို့နယ် (၆)ရပ်ကွက်တွင် ပြန်ပေးဆွဲမှုဖြစ်စဉ်မှ တရားခံများနှင့်အတူ သိမ်းဆည်းရမိသည့် သက်သေခံပစ္စည်းများ မှတ်တမ်းဓာတ်ပုံ။

နေပြည်တော် ဩဂုတ် ၉

ရန်ကုန်တိုင်းဒေသကြီး ပန်းဘဲတန်းမြို့နယ် ရွှေဘုံသာလမ်းရှိ Diamond Shine စိန်ရွှေရတနာဆိုင်ပိုင်ရှင်ကို ဩဂုတ် ၆ ရက်တွင် ပြန်ပေးဆွဲခံရမှုဖြစ်စဉ်နှင့် ပတ်သက်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ နေ့မအားညမအား ကြိုးပမ်းဆောင်ရွက်မှုကြောင့် ၁၂ နာရီအကြာ ဩဂုတ် ၇ ရက်တွင် တရားခံများကို ဖော်ထုတ်ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရန်ကုန်တိုင်းဒေသကြီး ပန်းဘဲတန်းမြို့နယ် ရွှေဘုံသာလမ်း အမှတ် (၆) ရပ်ကွက်နေ ဦးအောင်မြင့် ခေါ် ဆူပရာမန်းနီး(ဘ) ဦးကရပဲယား၊ (ဟိန္ဒူ၊ ဗုဒ္ဓ)သည် ၎င်းပိုင်ဆိုင်သည့် Diamond Shine စိန်ရွှေရတနာဆိုင်မှ ဩဂုတ် ၆ ရက် ညနေ ၅နာရီခွဲခန့်တွင် နေအိမ်သို့ပြန်လာစဉ် အမှတ်(၆)ရပ်ကွက် ရွှေဘုံသာလမ်း အိမ်အမှတ် (၃၆)အရှေ့သို့အရောက်၌ စိစစ်ဆဲအဖွဲ့တစ်ဖွဲ့က ဖမ်းဆီးခေါ်ဆောင်သွားခဲ့ကြောင်း၊ ထို့နောက် ည ၈ နာရီခန့်တွင် အကြမ်းဖက်သမားများက ဦးအောင်မြင့် ကိုင်ဆောင်သောဖုန်းဖြင့် ၎င်း၏မိသားစုများထံသို့ ဆက်သွယ်၍ ဦးအောင်မြင့် ခေါ် ဆူပရာမန်းနီးအား အသက်ရှင်လျက် ပြန်လည်ရရှိလိုပါက ငွေကျပ် သိန်း ၄၅၀၀ နှင့် ရွှေ ၆၀ ကျပ်သား ပေးရမည်ဖြစ်ကြောင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား တိုင်ကြားခြင်းမပြုရန်နှင့် တိုင်ကြားပါက ဦးအောင်မြင့်ကို သတ်ပစ်မည်ဖြစ်ကြောင်း ခြိမ်းခြောက်ပြောဆိုကာ ငွေကြေးတောင်းခံခဲ့ကြောင်း သိရသည်။

ထို့ကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက အထက်ပါဖြစ်စဉ်မှ တရားခံများကို အမြန်ဆုံး ဖော်ထုတ်ဖမ်းဆီးရမိရေး လိုအပ်သည့်စိစစ်မှုများ ဆောင်ရွက်ခဲ့ပြီး ဩဂုတ် ၇ရက် နံနက် ၄ နာရီခွဲခန့်တွင် ပြန်ပေးဆွဲမှုဖြစ်စဉ်တွင်ပါဝင်သူ တရားခံများဖြစ်ကြသည့် မူဒူးဂါး ခေါ် ဝင်းကိုအောင် (ဘ)ဦးလှမြင့် ခေါ် ဦးဘာစန်း (ဟိန္ဒူ၊ဗုဒ္ဓ) နှင့် ဂင်ဒို ခေါ် လင်းလင်း(ဘ)ဦးမောင်မောင် (ဟိန္ဒူ၊ ဗုဒ္ဓ)တို့ နှစ်ဦးကို တာမွေမြို့နယ် စက်စန်းဟိုတယ်အနီးတွင်ဖမ်းဆီးရမိခဲ့ပြီး ဆက်စပ်တရားခံများကို ဖမ်းဆီးရမိရေး ဆက်လက်ဆောင်ရွက်ခဲ့ရာ အဆိုပါနေ့ နံနက် ၅ နာရီခန့်တွင် မျိုးမင်းဦး ခေါ် မျိုးကြီး(ဘ) ဦးအုန်းမြနှင့် အောင်သူ ခေါ် အောင်သူဦး(ဘ)ဦးဝင်းလှိုင် တို့နှစ်ဦးကို သာကေတမြို့နယ် ကျောက်တိုင်မှတ်တိုင် အနီးတွင် အသွားခြောက်လက်မခန့်ရှိ ဓားတစ်ချောင်း၊ လုံ့စွပ်တစ်ချောင်း၊ လက်ထိပ်တစ်ခုတို့နှင့်အတူ ထပ်မံဖမ်းဆီးရမိခဲ့ပြီး အဆိုပါနေရာတစ်ဝိုက်ကို လိုအပ်သည့်ရှာဖွေမှုများ ဆောင်ရွက်ခဲ့ရာ ပြန်ပေးဆွဲခံရသူ ဦးအောင်မြင့် ခေါ် ဆူပရာမန်းနီးကို ၎င်းအနီးရှိ အိမ်ပျက်အတွင်းမှ အသက်ရှင်လျက် ပြန်လည်ရှာဖွေတွေ့ရှိ ကယ်တင်နိုင်ခဲ့သည်။

ဆက်လက်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ကျန်ရှိနေသောတရားခံများကို အမြန်ဆုံး ဖော်ထုတ်ဖမ်းဆီးရမိရေး ကြိုးပမ်းဆောင်ရွက်ခဲ့ရာ နံနက် ၅ နာရီခွဲခန့်တွင် တရားခံ မောင်ငယ်(ဘ) ဦးဘီဒါဒေါင်း(ဟိန္ဒူ၊ ဗုဒ္ဓ)ကို ဒေါပုံမြို့နယ် စံပြ(၁)လမ်းတွင် ထပ်မံဖမ်းဆီးရမိခဲ့ပြီး အဆိုပါဖမ်းဆီးရမိ တရားခံများ၏ ထွက်ဆိုချက်များအရ အထက်ပါပြန်ပေးဆွဲမှုဖြစ်စဉ်တွင် ပါဝင်ပတ်သက်ခဲ့ကြသည့် တရားခံ ကျော်သူရ၊ အောင်ထက်မိုး နှင့် ကျော်သက်တို့ သုံးဦးကို နေအိမ်အသီးသီးတွင်လည်းကောင်း၊ ပြန်ပေးဆွဲမှုပြုလုပ်ရာတွင် အသုံးပြုခဲ့သည့် Taxi နှင့် ယာဉ်မောင်းဖြစ်သူ ကျော်ကိုကိုလွင် (ဘ) ဦးတင်ဝင်းကို ဒေါပုံမြို့နယ် ယမုံနာ(၁)ရပ်ကွက် အောင်မေတ္တာ အလယ်လမ်း အိမ်အမှတ်(၃၁၇)၌လည်းကောင်း ထပ်မံဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

အထက်ပါဖြစ်စဉ်မှ တရားခံများကို ဖြစ်စဉ်ဖြစ်ပွားပြီး အချိန်တိုအတွင်း ဖော်ထုတ်ဖမ်းဆီးရမိခဲ့ခြင်းသည်လုံခြုံရေး တပ်ဖွဲ့ဝင်များ၏ နေ့မအား ညမအား ကြိုးပမ်းဆောင်ရွက်မှုနှင့် တာဝန်သိပြည်သူများ၏ သတင်းပေးပို့မှုများကြောင့် ဖော်ထုတ်ဖမ်းဆီးရမိခဲ့ခြင်းဖြစ်ပြီး ဖမ်းဆီးရမိခဲ့သည့် စုစုပေါင်း ကိုးဦးတို့ကို တည်ဆဲဥပဒေများနှင့် အညီထိရောက် ပြင်းထန်စွာ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ဒုစရိုက်မှုများ တားဆီးဖော်ထုတ်ဖမ်းဆီးရမိရေးတို့အတွက် လုံခြုံရေးလုပ်ငန်းများကို နေ့ညမပြတ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(၅၀၁)

# ပဲခူးတိုင်းဒေသကြီး ငါးသားပေါက်စခန်း သုံးခုမှ သားဖောက်ထုတ်လုပ်ပြီး သဘာဝရေပြင်သို့ မျိုးစိုက်ထည့်ခြင်းနှင့် မွေးမြူသူတောင်သူများထံ ရောင်းချခြင်းတို့ ဆောင်ရွက်လျက်ရှိ



ပဲခူး ဩဂုတ် ၉

ပဲခူးတိုင်းဒေသကြီးအတွင်း ပဲခူးငါးလုပ်ငန်းစခန်း၊ သနပ်ပင်ငါးလုပ်ငန်းစခန်း နှင့် အုတ်ဖိုငါးလုပ်ငန်းစခန်းစသည့် ငါးသားပေါက်စခန်းသုံးခုမှ ငါးမြစ်ချင်း၊ ငါးခေါင်းပွ၊ ရွှေဝါငါးကြင်း၊ ငွေရောင်ငါးကြင်းနှင့် ငါးခုံးမကြီးတို့ကို ငါးသားဖောက်ထုတ်လုပ်ပြီး ၄၀ ရာခိုင်နှုန်းခန့်ကို သဘာဝရေပြင်သို့မျိုးစိုက်ထည့်၍ ၆၀ ရာခိုင်နှုန်းကို မွေးမြူသူတောင်သူများထံ ရောင်းချနိုင်ခဲ့ကြောင်းနှင့် သဘာဝရေပြင်သို့ ငါးမြစ်ချင်း၊ ငါးခုံးမ၊ ရွှေဝါငါးကြင်း သားပေါက် ၄၂ ဒသမ ၂၂၀ သိန်း ငါးမျိုးစိုက်ထည့်ခဲ့ကာ ငါးသားပေါက် ၁၁ ဒသမ ၂၇၀ သိန်းကို ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

“စားရေရိက္ခာဖူလုံစေရေးနဲ့ ငါးရိက္ခာပေါများရေးအတွက် မွေးမြူရေးငါးအပြင် သဘာဝတိုင်းရင်းငါးတွေဖြစ်တဲ့ ငါးခူ၊ ငါးကျည်း၊ ငါးဖမ်းမ၊ ငါးရံ့နဲ့ ငါးနက်ပြာတို့ကို ဆေးထိုးသားဖောက်မွေးမြူပြီး သဘာဝမြစ်ချောင်းအင်းအိုင်ထဲကို မျိုးစိုက်ထည့်ပေးပါတယ်။ ငါးမွေးတောင်သူ ၂၈၀၀ ကျော်က ဈေးကွက်ဝင် ငါးမြစ်ချင်း၊ ငါးကြင်း၊ ငါးတန်၊ ငါးမုတ်နဲ့ တီလားဗီးယားတွေကို မွေးမြူကြတာကြောင့် သားဖောက်ထုတ်လုပ်ပေးပြီး သင်တန်းနဲ့ ဆွေးနွေးပွဲတွေမပြတ် ဆောင်ရွက်ပေးနေပါတယ်”ဟု တိုင်းဒေသကြီးငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးက ပြောသည်။

၂၀၂၆-၂၀၂၇ဘဏ္ဍာနှစ်၌ ငါးလုပ်ငန်းစခန်းသုံးခုမှ ငါးသားပေါက် ၁၃၂ ဒသမ ၂၀၀ သိန်း ထုတ်လုပ်ရန်လျာထားပြီး မျိုးစိုက်ထည့်ခြင်းနှင့် ရောင်းချမှုအဖြစ် သားပေါက်အကောင် ၅၃ ဒသမ ၄၉၀ သိန်း ထုတ်လုပ်နိုင်ခဲ့ကာ ကျန်ရှိသည့် သားပေါက် ၇၈ ဒသမ ၇၁၀ သိန်းကို ဆက်လက်သားဖောက် ထုတ်လုပ်သွားမည်ဖြစ်သည်။

တိုင်းဒေသကြီးအတွင်း၌ သားငါးကဏ္ဍဖွံ့ဖြိုးရေးအတွက် ငါးမွေးမြူမှုဧက ၃၀၀၀၀ ကျော်မှ ရေချိုငါးများကို မွေးမြူထုတ်လုပ်လျက်ရှိပြီး ငါးလုပ်ငန်းဦးစီးဌာနက ငါးမွေးမြူရေးတောင်သူ ၂၀၀၀ ကျော်ကို ရေချိုငါးလုပ်ငန်းဆိုင်ရာဥပဒေ၊ နည်းဥပဒေများနှင့် ငါးသယံဇာတထိန်းသိမ်းခြင်း၊ ကောင်းမွန်သောရေသတ္တဝါကျင့်စဉ်(GAqP)၊ အခြေခံငါးမွေးမြူရေးနှင့် ဆေးထိုးသားဖောက်ခြင်း၊ တိုင်းရင်းငါးပြေမ ဆေးထိုးသားဖောက်ပြုစုမွေးမြူခြင်းနှင့် မြစိမ်းရောင်စီမံကိန်း(ငါးကဏ္ဍ)တွင် သင်တန်းပို့ချခြင်း၊ ဆွေးနွေးခြင်းတို့ကို အကြိမ် ၆၀ ကျော် လက်တွေ့သင်ကြားပေးနိုင်ခဲ့ကြောင်း သတင်းရရှိသည်။

ညိမ်းသူ(သတင်းစဉ်)

# တန်ရာတန်ကြေး

**မောင်ခြိမ့်**



(၁)

ရိပ်ခနဲမြောက်တက်လာတဲ့ လက်သီးကို မြင်လိုက်တာနဲ့ ညာခြေကို နောက်ကို ရှိ၊ မျက်နှာကို အသာယိမ်းလိုက်ရုံနဲ့ ရန်သူရဲ့ လက်သီးဟာ ရှေ့လက်လေးသစ်လောက်ကနေ "ဗွီး" ခနဲပွတ်ပြီး၊ လွတ်ထွက်သွားမယ်မှန်း မသိဘဲနေမလား။

တကယ်ဆိုရင် တစ်ဖက်ရန်သူရဲ့ ညာဘက်လက်ဝဲပျံလာကတည်းက ဘယ်ခြေကို ရှေ့တစ်လှမ်းတက်ပြီး ဘယ်လက်ဖျံနဲ့ရိုက်ပြီးပယ်မယ်။ တစ်ဆက်တည်း ညာဖြောင့်လက်သီးက ရန်သူရဲ့မေးဖျားဆီကို တန်းခနဲဝင်သွားရမယ်၊ ဒါဟာသီအိုရီတစ်ခုလို သူသင်ထားပြီးသားပဲ။ အထပ်ထပ်အခါခါ လေ့ကျင့်ခဲ့ရလွန်းလို့ ရိုးအီနေပြီဖြစ်တဲ့ ရန်သူ့တိုက်စစ်ကို ခုခံကာကွယ်တဲ့နည်းဗျူဟာတစ်ခုပဲ။

သူ့ရဲ့လက်ဦး သိုင်းဆရာကြီး စိုင်းလုံကျောက်ရဲ့ ခုနစ်ရက်သိုင်းသင်တန်းမှာ ကကြီးခခွေးအဆင့်လောက်သာရှိတဲ့ အကွက်တစ်ခုပဲ။ ဘယ့်နှယ် ဆရာဖြစ်ရအောင် တက်ထားတဲ့ ဒေဝါအတွက်ပြောလောက်စရာ မှုလောက်စရာဘာရှိမှာလဲ။

"ဟင်း ဟင်း စိတ်ရှိလက်ရှိသာလုပ်လိုက်ရရင်တော့ မင်းသေတော့မှာပဲ" ခါတ်ရှင်ထဲက လူကြမ်းလို ကြိမ်းဝါးပြီး နာကျင်သွားတဲ့ သူ့ရဲ့လက်ကို မသိမသာနှိပ်နယ်နေတဲ့ ငါးရွှဲဒိုင်သူဌေး ကိုချစ်မွေးက "ဟေ့ကောင် ဒေဝါ ငါခိုင်းတဲ့အတိုင်းစေ့စေ့စပ်စပ်မရှာလို့ မတွေ့တာပေါ့ မင်းဘာအသုံးကျတဲ့ကောင်လဲကွ၊ တွေ့အောင်ဆက်ရှာ။ မတွေ့လို့ကတော့ ငါ့အကြောင်းသိမယ်"ဆိုပြီး ဆက်ကြိမ်းနေသေးတယ်။

ဒေဝါကတော့ ဘာတစ်ခွန်းမှပြန်မပြောဘူး။ တည်ငြိမ်တဲ့မျက်လုံးတွေနဲ့ ကိုချစ်မွေးကြီးကို စိုက်ကြည့်နေတယ်။ လည်ပင်းမှာက ငါးကျပ်သားလောက်ရှိမဲ့ ဆွဲကြိုးကြီးနဲ့၊ လက်ကောက်ဝတ်မှာလဲ Hand Chainနဲ့၊ လက်စွပ်သုံးလေးကွင်းလောက်ကိုလဲ ပြူးနေအောင် စွပ်ထားလိုက်သေးရဲ့၊ ဖြုန်းခနဲကြည့်လိုက်ရင် ဥစ္စာစောင့်မယောက်ျားကျနေတာပဲ။

အကြာကြီးစိုက်ကြည့်နေတဲ့ဒေဝါရဲ့ စူးရှတဲ့ မျက်လုံးအစုံကိုရင်မဆိုင်ရဲဘဲ မျက်လွှာပြန်ချပြီး ငွေသိမ်းစားပွဲနောက်က ကြိမ်ကုလားထိုင်မှာ ပျော့ဖတ်ဖတ်ထိုင်ချလိုက်တယ်။

ဒေဝါရဲ့ဘေးမှာယှဉ်ပြီး ရပ်နေတဲ့ ကိုတင်သောင်းကြီးကတော့ သူ့ညီလေးတစ်ယောက်လိုချစ်တဲ့ ဒေဝါတစ်ယောက် အခုလိုအစော်ကားခံလိုက်ရတဲ့အတွက် မျက်နှာမှာ တင်းခနဲဖြစ်သွားတယ်။

ဘယ်တော့မဆို ခွေနေတဲ့ မြွေပွေးတစ်ကောင်လို အင်မတန် အကဲဆတ်တဲ့ ဒေဝါ၊ အလွန်လက်မြန်တဲ့ ဒေဝါလာနားတဲ့ ယင်ကောင်ကိုတောင် မလွတ်တန်းပေါက်နိုင်စွမ်းရှိတဲ့ မြွေပွေးဒေဝါ။

မဟုတ်တာ မမှန်တာ၊ မတရားလုပ်တာမျိုး ဒေဝါလက်မခံဘူး၊ ကြောက်စိတ်ဆိုတာလဲ နည်းနည်းမှမရှိဘူး၊ နောက်မှ ဖြစ်ချင်ရာဖြစ်၊ တုံ့ပြန်တတ်တဲ့ ပင်ကိုယ်ဗီဇ၊ ပင်ကိုယ်စရိုက်နဲ့ ဒေဝါ၊ အခုတော့ ဘယ်လိုဖြစ်သွားတာတုန်း။

(၂)

ပြီးခဲ့တဲ့ ဘုရားပွဲတုန်းက အဖြစ်တစ်ခုကို ကိုတင်သောင်းကြီး သွားသတိရတယ်။ ဘုရားပွဲမှာ မြန်မာ့ရိုးရာလက်ဝှေ့ပွဲလဲပါတယ်။ သုံးညတိတိကျင်းပတာဆိုတော့ ပထမ၊ ဒုတိယညတွေမှာ ပညာသည်တွေရဲ့ အလံလုပွဲတွေနဲ့ လူတွေ ဝက်ဝက်ကွဲအောင် စည်ကားအားပေးခဲ့ကြတာပေါ့။

တတိယညကျတော့ လူကြီးတွေက အစီအစဉ်တစ်ခုလုပ်တယ်။ ရွာနီးချုပ်စပ်က လက်ဝှေ့ဝါသနာပါတဲ့ မျိုးဆက်သစ်လူငယ်လေးတွေအတွက် လက်ဝှေ့ပွဲကလေးတစ်ခု ကျင်းပပေးတယ်။

ပွဲအတွေ့အကြုံလုံးဝမရှိသေးတဲ့ လူငယ်လေးတွေ တစ်တွဲပြီးတစ်တွဲ တက်တက် ထိုးလိုက်ကြတာနဲ့တာမှတ်လို့။ လဲတဲ့ကောင်လဲ၊ ကွဲတဲ့ကောင်က ကွဲ။ သူလဲရင် ကိုယ်ထမ်း၊ ကိုယ်ကွဲရင် သူမန်းပြီး တဝါးဝါး၊ တဟားဟားနဲ့ အသည်းယားစရာလဲ ကောင်း၊ ရယ်စရာလဲကောင်းနဲ့ ဝိုင်းထားတဲ့ပရိသတ်ဆိုတာ မည်းမည်းလှုပ်လို့ပေါ့။

အဲသည်ပွဲကြည့်ပရိသတ်တွေထဲမှာ ဒေဝါရော ကိုတင်သောင်းကြီးပါ ပါတယ်။ ဒေဝါအလှည့် မရောက်သေးလို့ စောင့်နေကြတာလေ။ ဗလာချီကပြမည့် အငြိမ့်ပွဲကလဲ မထွက်သေးဘူး၊ လူခေါ်ပတ်မနဲ့ လင်းကွင်းဆံ တရှဲရှဲတောင်မတီးသေးဘူး။

ကွင်းလေကလေး တသုန်သုန်သွေးတော့ ကတ္တီပါပြည်ဖုံးကားကြီးဟာ တဖျပ်ဖျပ်လူးလွန့်လို့ တကယ့်သောင်စပ်က လှိုင်းကလေးတွေနဲ့တောင် တူသေးတော့တယ်။

ဇာတ်စင်ရဲ့ နဖူးစီးမှာ၊ အငြိမ့်အဖွဲ့ရဲ့နာမည် စာလုံးတွေမှာ စီထားတဲ့ ဘော်ငွေကြယ်တွေကလဲ ဟိုးပြာတောက်တောက်ကောင်းကင်ကြီးပေါ်ကနေ မိုတ်တစ်ချီ၊ လင်းတစ်လှည့်နဲ့ ရွှေပွဲလာပရိသတ်တွေကို ငုံ့ကြည့်နေတဲ့ ကြယ်ကလေးတွေနဲ့အပြိုင် တလက်လက်၊ တဖျတ်ဖျတ်နဲ့ပေါ့။

လက်ဝှေ့စင်ဘေးနားက ဗိန်းမောင်းသံတထီထီကလဲ လူပျိုပေါက်ကာလသားကလေးတွေရဲ့ ရင်ကို ဟောဟိုကတ္တီပါပိတ်ကားကြီးလိုပဲ တဖျပ်ဖျပ် တလှပ်လှပ် လှုပ်ခါစေနိုင်တာပါပဲ။ ဒေဝါကရော ဘာမို့လို့လဲ အသက်ဆယ့်ကိုးနှစ်ထဲဝင်ခါစ လူပျိုကာလသားကလေးပဲ မဟုတ်လား။ သက်ပြင်းတွေ တချချနဲ့ သူ့အလှည့်ရောက်တော့မှာကို ရင်တဖိုဖိုနဲ့ မျှော်နေတယ်။

ကြောက်တာမဟုတ်မှန်း သေချာပေမဲ့ ပွဲမတိုးဖူးသေးဘူးဆိုတော့ တုန်လှုပ်ချင်သလိုလိုတော့ဖြစ်နေတယ်။ ဒါကိုသိတဲ့ ကိုတင်သောင်းကြီးက ဒေဝါပခုံးပေါ်လက်တင်ပြီး အားပေးတဲ့အနေနဲ့ အသာဖျစ်ညှစ်လိုက်သေးတယ်။

မြစ်ထဲချောင်းထဲမှာ နေကုန်ရေခန်း ကွန်လှေ့နောက်လိုက်၊ ဘဝင်းပိတ်သမားရဲ့လက်ထောက်၊ ချုံဖော်သမားရဲ့အကူ၊ တန်းသမားပိုက်သမားရဲ့ တပည့် စတဲ့ကြုံရာကျပန်းအလုပ်ကြမ်းတွေလုပ်ပြီး အသက်မွေးလာခဲ့ရတဲ့သူ၊ သူ့အောက်နှစ်နှစ်လောက်ငယ်တဲ့ ညီလေးမုန်တိုင်းနဲ့ မုဆိုးမအဘွားကြီးကို ရှာကျွေးနေတဲ့ ဒေဝါ။

မြစ်ပြင်ချောင်းရေထဲမှာ ငုပ်တုံပေါ်တုံ၊ နွံ့အလူးလူး၊ ရွှံ့အပေပေနဲ့နေရဖန်များလို့ နီကျင်ကျင်စုတ်ဖွားဖွားဆံပင်၊ မည်းမှောင်မှောင်အသားအရေ၊ ဖုထစ်လုံးကြွ၊ ဖောင်းဖောင်းကားကားကြီးမဟုတ်ပေမဲ့ ကျစ်ကျစ်လျစ်လျစ်၊ မာမာကျောကျော ကြွက်သားမျှင်တွေနဲ့ ဖွဲ့စည်းထားတဲ့ သစ်ကနက်သားပန်းပုရုပ်ကလေးလို ကြွရွနေတဲ့ဒေဝါ။

သူတို့ရွာစဉ်ရွာဝိုင်းကြီးတွေဆီမှာ စပါးပေါ်ကောက်နှံပေါ်တဲ့ အခုလိုနွေရာသီတွေမှာ ရွာစဉ်လှည့်ပြီး သိုင်းသင်ပေးနေတဲ့ ဆရာကြီး စိုင်းလုံကျောက်ဆီက ခုနစ်ရက် တစ်ဝိုင်းသင်ထားတဲ့ဒေဝါ။

ချိုထွက်ခါစ နွားသိုးကလေး၊ ကန်သင်းတွေ့လဲဝှေ့၊ ချုံပုတ်တွေ့လဲဝှေ့၊ ပုစွန်လုံးကျစ်စာတောင် လွှင့်စင်သွားအောင် ဝှေ့ချင်နေတဲ့နွားပေါက်ကလေးလို စိတ်ထားမျိုးနဲ့ ဒေဝါ။ သူ့အလှည့်ကို ရောက်ချင်ဇောနဲ့ ရင်တွေခုန်ပြီး စောင့်နေပါပြီ။

ဘယ်လိုက ဘယ်လိုစဖြစ်တယ်တော့ သေသေချာချာ မသိလိုက်ရဘူး။ လက်ဝှေ့ပွဲခဏအနားပေးထားတဲ့အချိန် ဒေဝါရယ် ကိုတင်သောင်းကြီးရယ် ဘူးသီးကြော်ဆိုင်မှာ အချဉ်စပ်စပ်နဲ့ စားကောင်းနေတုန်း လက်ဝှေ့ကြိုးဝိုင်းဆီက ဆူဆူညံညံအသံတွေကြားလိုက်ရတယ်။

ကြိုးဝိုင်းပေါ်ကို လူတစ်ယောက်ယောက် လွှားခနဲ ခုန်ဝင်လိုက်ပြီး "ကဲ...ကဲ...ဟောဒီရွာတွေက လက်ဝှေ့သမားလေးတွေကို ပညာပေးချင်လို့ ကျုပ် ဒီကြိုးဝိုင်းပေါ်တက်လာတာပါ။ ကျုပ်ကို ထိအောင်ထိုးနိုင်တဲ့သူကို ကျုပ်က ဆုတော်ငွေသုံးထောင် ဆုချမှာဗျာ...တက်ခဲ့ကြပါ။ လာလေ...သတ္တိမရှိကြဘူးလား" ပါးစပ်ကလဲပြော...လက်ပန်းပေါက်ခတ်သံ တဖျောင်းဖျောင်းနဲ့ လက်ဝှေ့ရေးပြနေသေးတယ်။ ကြိုးဝိုင်းအောက်မှာ ဝိုင်းဝိုင်းလည်နေတဲ့ လူငယ်တွေထဲက ဘယ်သူမှမတက်ရဲကြဘူး။ ဘယ်တက်ရဲပါ့မလဲ၊ စိန်ခေါ်နေတဲ့သူက မျက်နှာစိမ်း၊ သူ့အကြောင်း ဘယ်သူမှမသိဘူး။ လက်ရည်က ဘယ်လောက်ရှိသလဲ၊ အတွေ့အကြုံဘယ်လောက်များနေပြီလဲ ခန့်မှန်းလို့လဲ မရဘူးလေ...။

ခဏနားချိန်ဆိုတော့ ဒိုင်လူကြီးတွေ၊ ကြိုးဝိုင်းဒိုင်တွေကလဲ တစ်ယောက်မှမရှိဘူး၊ ပွဲဈေးတန်းထဲက...တစ်ဆိုင်ဆိုင်မှာသွားပြီး စားကြတုန်း သောက်ကြတုန်းနေမှာပေါ့၊ စင်ပေါ်က လက်ဝှေ့သမားကြီးဟာ အသက်အရွယ်ရင့်နေပြီဖြစ်ပေမဲ့ အဟန့်ကတော့ကောင်းပါပေ့။ အရပ်ခပ်ပျပ်ပျပ်၊ ဂင်တိုတို၊ ဗလကောင်းကောင်း၊ နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေးတွေကလဲ တောထလို့၊ ထိုးကွင်းစိမ်းစိမ်းကြီးတွေ ထိုးထားတဲ့ပေါင်နှစ်ဖက်ကလဲ အသားအရေတွေပျော့ကျနေပေမဲ့ ကြွက်သားအမြောင်းအမြောင်းထနေတုန်း၊ ခပ်သာသာကလေး အားမစိုက်ဘဲ ခတ်တာပေမဲ့ လက်ပန်းပေါက်ခတ်သံ တဖျောင်းဖျောင်းက လန့်စရာ။

"ဘယ့်နှယ် ကာလသားတွေလဲကွာ၊ ကျုပ်တို့ခေတ်က ကာလသားတွေလောက် သွေးမနီဘူးမှတ်ပါရဲ့"

လက်ဝှေ့သမားကြီးရဲ့ စကားဆုံးရုံရှိသေး ကိုတင်သောင်းကြီးတားလိုက်ဖို့ အချိန်မရဘူး။ လှစ်ခနဲပြေးထွက်သွားပြီး ကြိုးဝိုင်းထဲ ခုန်ဝင်သွားတာက ဒေဝါ။

"ဒေဝါကွ၊ ဒေဝါ...ဒေဝါ"

နာမည်ကို ဝိုင်းအော်လိုက်ကြတဲ့အသံတွေနဲ့အတူ ကြိုးဝိုင်းပတ်လည်မှာရှိတဲ့ ရွာခံကာလသားတွေရော တခြားရွာက ကာလသားတွေကပါ လက်ခုပ်တီးတဲ့သူက တီး၊ လက်ခေါက်မှုတ်တဲ့သူကမှုတ်နဲ့ ဆူညံပွက်လောရိုက်သွားတော့တာပဲ။

အကျႌချွတ်ပြီး အောက်ခံဘောင်းဘီတိုအပေါ်မှာ ဝတ်လာတဲ့ပုဆိုးကို သုံးမြှောင့်ခေါက်ပတ်ထားတဲ့ ဒေဝါဟာ ခြေနှစ်ဖက်ကို ခပ်ကျဲကျဲခွာပြီး လက်ဝှေ့သမားကြီးကို ခပ်တည်တည်စိုက်ကြည့်နေတယ်။

ကိုတင်သောင်းကတော့ အံ့အားသင့်ပြီး လက်ခုပ်လဲမတီးဖြစ်ဘူး၊ လက်ခေါက်လဲ မမှုတ်ဖြစ်ဘူး၊ "ဒီတစ်ခါတော့ ငါ့ကောင် ဒေဝါသွားပါပြီကွာ"လို့ တိုးတိုး ရေရွတ်ပြီး၊ ငေးနေမိတယ်။

"တယ်လဲ အသည်းကောင်းပါလားဟေ့ ကောင်းလေး ထိုးနော်၊ ထိုးနော်၊ ထိအောင်ထိုးနော်"

လက်ဝှေ့သမားကြီးက ခပ်ထေ့ထေ့ ခပ်လှောင်လှောင်ကလေးပြောပြီး ထန်းသီးလုံးလောက်ရှိတဲ့ လက်သီးကြီးနဲ့ လှစ်ခနဲထိုးတယ်။ ဒေဝါခေါင်းအငုံ့မှာ ဟန်ပြထိုးတဲ့ လက်သီးကို ဆတ်ခနဲရုပ်ပြီး ညာခြေနဲ့ ဒေဝါမျက်နှာကို လှမ်းခတ်တယ်။

ဒေဝါကလဲ မခေဘူး၊ မြောက်တက်လာတဲ့ ခတ်ခြေကို ဘယ်တံတောင်နဲ့ ဆီးဆို့တယ်။ ညာခြေကလဲ ဟန်ပြပါပဲ၊ ဒေဝါရဲ့ တံတောင်နဲ့ထိခါနီး မှာ ဖျက်ခနဲ ပြန်ဆုတ်တယ်၊ အဲသည်ညာခြေအောက် ကိုပြန်အကျမှာ ဘယ်လိုမှမျှော်လင့်မထားတဲ့ ဘယ်ခြေဟာ ကိုယ်တစ်ပတ်လည်ပြီး ဒေဝါရဲ့ ညာပခုံးကို ဖျန်းခနဲကန်တယ်။ ထိလည်း ထိတယ်။

ဘယ်ပတ်ခြေက အားပါတော့ ဒေဝါ ယိုင်ထွက်သွားတယ်။ စင်အောက်ကနေ "ဟား"ခနဲအော်လိုက်သံတွေ သောသောညံသွားတယ်။ နှစ်ယောက်သား ပြန်ဆိုင်လိုက်ချိန်မှာ ဒေဝါ ဒေါသထွက်နေပြီ။

**ဆက်လက်ဖော်ပြပါမည်။**

# ယင်းမာပင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၁၁၅၈ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ယင်းမာပင် သြဂုတ် ၉**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ယင်းမာပင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၁၁၅၈ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ယင်းမာပင်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ယင်းမာပင်မြို့နယ်တွင် မြေပဲ ၃၁၀၅ ကေစိုက်ပျိုးရန်လျာထားပြီး ယခုနှစ်မေလမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၁၁၅၈ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ယင်းမာပင်မြို့နယ်မှာ မြေပဲ ၃၁၀၅ ကေ လျာထားစိုက်ပျိုးခဲ့ရာ ၁၁၅၈ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားကေပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်လျက်ရှိပါတယ်။ ဆီထွက်သီးနှံအနေနဲ့ကတော့ အောင်မြင်တဲ့ အနေအထားမှာရှိတယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်"ဟု ယင်းမာပင်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးလှမြင့်က ပြောပြသည်။

မြေပဲကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် မြေပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း ယင်းမာပင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးလှမြင့်က ပြောပြ၍ သိရသည်။

(၂၀၆)

# ဒေးဒရဲမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ပုစွန်အစုံပိဿာချိန် ၅၃၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ဒေးဒရဲ သြဂုတ် ၉**

ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ပုစွန်အစုံပိဿာချိန် ၅၃၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဘိုကလေးမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်တင်တင်မေက ပြောပြသည်။

ဒေးဒရဲမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဇွန်လအတွင်းက ပုစွန်အစုံပိဿာချိန် ၄၅၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ယခုနှစ် ဇူလိုင်လအတွင်း ပုစွန်အစုံပိဿာချိန် ၅၃၀၀၀ ထိ တင်ပို့ရောင်းချ နိုင်ခဲ့ကြောင်း၊ ရန်ကုန်ဈေးကွက်သို့ ပုစွန်ဘော့ချိတ်၊ ပုစွန်ဆိတ်သေး၊ ပုစွန်ဆိတ်ကြီး၊ ပုစွန်ပြောင်ထုပ်ကြီး စသည့် ပုစွန်အမျိုးအစားများ အဓိက တင်ပို့ရောင်းချ ခဲ့ကြောင်း သိရသည်။

"ဒေးဒရဲမြို့နယ်ကနေ ရေထွက်ကုန်တွေအများစုကို ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချနေပါတယ်။ ပြီးခဲ့တဲ့တစ်လအတွင်းက ပုစွန်အစုံပိဿာချိန် ၅၃၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ပုစွန်တွေအပါအဝင် ရေထွက်ကုန်တွေ တင်ပို့ရောင်းချ နေရတာကြောင့် ရေလုပ်သားတွေနဲ့ ကုန်သည်တွေ အလုပ်အကိုင် အခွင့်အလမ်း ကောင်းလာပါတယ်"ဟု ဒေးဒရဲမြို့နယ် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်တင်တင်မေက ပြောပြသည်။



ဒေးဒရဲမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ပုစွန်များသည် တစ်ပိဿာလျှင် ငွေကျပ် ၂၅၀၀၀ မှ ၆၅၀၀၀ ထိ လတ်ဆတ်မှုနှင့် အမျိုးအစားအပေါ်မူတည်ပြီး ဈေးအနိမ့်အမြင့်ရှိကြောင်း၊ အဆိုပါဒေသမှ ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များသည် ဒေသမှ ထွက်ရှိသည့်ပုစွန်များကို ဝယ်ယူပြီး ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချ လျက်ရှိကြောင်း သိရသည်။

ကျော်ကျော်လင်း

# ညောင်ရွှေမြို့နယ် ကျောင်းစင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများဆောင်ရွက်မှု စစ်ဆေး

**ကလော သြဂုတ် ၉**

ရှမ်းပြည်နယ် (တောင်ပိုင်း) ကလောခရိုင် ညောင်ရွှေမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေများ တိုးပွားလာပြီး ဆင်းရဲမှုလျော့ကျစေရန်ရည်ရွယ်၍ အင်းပေါခုံ ကျေးရွာအုပ်စု ကျောင်းစင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ထားရှိသော လုပ်ငန်းများကို သြဂုတ် ၈ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကလောခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်ဇော်လင်း၊ ညောင်ရွှေမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ယုယုနှင့် ဝန်ထမ်းများက ကျောင်းစင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေကျပ် ၁၁ ဒသမ ၂ သန်းဖြင့် ဆောင်ရွက်ထားသော ကုန်ထုတ်လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် လအလိုက် ဖြည့်သွင်းရမည့် ငွေစာရင်းဇယားပုံစံများ ပြည့်စုံမှုရှိ၊ မရှိ စစ်ဆေးခဲ့ပြီး ကလောခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်ဇော်လင်းက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ကျောင်းစင်ကျေးရွာရှိ ကုန်ထုတ်လုပ်ငန်းလုပ်ကိုင်သူ ၁၇ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၁၁ ဒသမ ၂ သန်း ထုတ်ချေးပေးထားကြောင်း ကလောခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်ဇော်လင်းထံမှ သိရသည်။

ဟိန်းထက်စိုး(မလှိုင်)

## နိုင်ငံ့သားကောင်း ပီသစေ

- ဤနိုင်ငံမှာ နေ
ဤနိုင်ငံမှာ မွေးဖွား
ဤနိုင်ငံသား ခံယူနေ၊
ဤနိုင်ငံကို ချစ်စုံမက်လို့
နှစ်သက်ပါလေ၊
ဤနိုင်ငံ အကျိုးအတွက်
တိုးတက်ဖို့ ကြံဆောင်စေ
အကျိုးပျက်လေ မပြုနဲ့၊
နိုင်ငံနှင့် လူမျိုးကို
တန်ဖိုးထား စောင့်ရှောက်ရေး
အလေးထားပါကွဲ့။

- ဤနိုင်ငံ ကောင်းကျိုးငဲ့က
ကြောင်းကျိုးမဲ့ မပြုရာ၊
အကောင်းအဆိုးကို ဝေဖန်ရှုလို့
သတိပြုပါ၊
နိုင်ငံ၏ ဂုဏ်သိက္ခာ
ညှိုးစေရာ မတွေးအံ့၊
အသိလည်းတူ
မခွဲကြည်ဖြူ မှုမကွဲ
ခိုင်မြဲလတ္တံ့။

- ဤနိုင်ငံ အရှည်တည်တံ့ဖို့
မြေပြန့်နှင့် တောင်ပေါ်ဆွေ၊
ဘယ်သူတွေ သွေးခွဲပြုလည်း
မမှုနိုင်စေ၊
ပြည်ထောင်စု တည်ထောင်ပေ
ညီနောင်တွေ သွေးစည်းအား၊
ကိုယ့်ပိုင်နက် ရေမြေပေါ်
ကျူးကျော်ကာ ဝင်စွက်ဖက်သော်
တိုက်ဖျက်စို့လား။ ။

စန်းထက်(ဖန်ခါးမြေ)

## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

- **Home Stay** နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထား ဆောင်ရွက်ပါ။
- မကြာခဏ ထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို **Alcohol** ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

# လူငယ်တို့၏ စွမ်းပကားတိုးတက်စေရေး

လင်းလက်

**လူငယ်တို့စွမ်းအား**

လူငယ်ဆိုသည်မှာ အရွယ်သုံးပါးတွင် သန်စွမ်းကျန်းမာသော၊ စိတ်ဓာတ်ခံယူချက်များ ခိုင်မာအားကောင်းသောအရွယ်ကို လက်ဝယ်ပိုင်ဆိုင်ထားကြသူများပင်ဖြစ်သည်။ အရာရာကို အားသွန်ခွန်စိုက်ကြိုးစားလိုစိတ်တို့က လူငယ်တို့စိတ်နှလုံးသားတွင် ထာဝရကိန်းအောင်းနေတတ်သည်။ ထိုစွမ်းအားများသည် အနာဂတ်ကာလ ဘဝတာဝန်ကို ထမ်းပိုးရန်အတွက် အစဉ်ထာဝရပေါ်ထွန်းနေကြသည်။ လူငယ်တို့၏ အခြေခံစိတ်ဓာတ်နှင့်ခွန်အားတို့က အရာရာကို ရင်ဆိုင်၍ အခက်အခဲနှင့် စိန်ခေါ်မှုဟူသမျှကို ကျော်လွှားမည်ဆိုသည့်ခံယူချက်တို့ကို မွေးဖွားပေးထားပြီးဖြစ်သည်။ အနာဂတ်ကာလကို မိမိတို့၏လက်ဖြင့် ဖန်တီးပုံဖော်ရမည်ဆိုသည့်အသိကလည်း လူငယ်တို့၏နှလုံးသားတွင် ထာဝရကိန်းအောင်းနေပြီးသားဖြစ်သည်။

လူငယ်တို့ လျှောက်သောလမ်းတိုင်းသည် လူသားတို့ ရှင်သန်ရာကမ္ဘာမြေကြီး၏ အနာဂတ်ပင်ဖြစ်သည်။ ယနေ့လူငယ်တို့သည် ပညာဉာဏ်ပြည့်ဝစွာဖြင့် အချင်းချင်းစည်းလုံးညီညွတ်မှု စွမ်းအားတို့ကို အကျိုးရှိရှိ အသုံးချနိုင်မည်ဆိုပါက ကမ္ဘာကြီး၏ အနာဂတ်သည် ငြိမ်းချမ်းသာယာလှပနေမည်ဖြစ်သည်။ ထိုသို့မဟုတ်ဘဲ လူငယ်တို့လျှောက်သောလမ်းများက စမ်းတဝါးဝါးဖြင့် လမ်းမှားသို့ရောက်နေရုံသာမက အချင်းချင်းကလည်း စည်းလုံးညီညွတ်မှုမရှိဖြစ်နေမည်ဆိုပါက အနာဂတ်ကမ္ဘာကြီးသည် အစိတ်စိတ်အမြွှာမြွှာကွဲရန်သာရှိပေသည်။ လူငယ်တို့လက်သည် အနာဂတ်ကို အရောင်လက်၍ တိုးတက်စေရန်ဖြစ်ပြီး အရောင်မှိန်ညှိုးနွမ်းကာ အမှောင်လွှမ်းသွားစေရန်အတွက်မဟုတ်ပေ။ ထိုလက်တို့ကို ပညာလက်နက်တပ်ဆင်၍ အချင်းချင်းလက်တွဲကာ စည်းလုံးညီညွတ်မှုစွမ်းအားရှိရေး စွမ်းဆောင်ကြရန်လိုသည်။ သို့မှသာ အနာဂတ်သည် ယခုထက်ပို၍ တိုးတက်နေမည်သာဖြစ်သည်။

**စိန်ခေါ်မှုနှင့် ယနေ့ကမ္ဘာ**

ယနေ့ကမ္ဘာကြီးတွင် တိုးတက်ပြောင်းလဲမှုနှင့်အတူ စိန်ခေါ်မှုများကလည်း ဒုနဲ့ဒေးပင်ဖြစ်သည်။ ရာသီဥတုဖောက်ပြန်မှုအပါအဝင် ကပ်ရောဂါမျိုးစုံဖြစ်ပွားနေသည့် ကမ္ဘာမြေကြီးတွင် ရှူသွင်းရသည့်လေတို့သည်ပင် သန့်ရှင်းလတ်ဆတ်မှုမရှိသည့် အခြေအနေကို ရင်ဆိုင်နေရသည်။ ကိုဗစ်ရောဂါကဲ့သို့သော ကမ္ဘာ့ကပ်ရောဂါအသွင် ကမ္ဘာကြီးတစ်ခုလုံးကို စီးပွားရေး၊ နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ လူမှုရေး ကဏ္ဍပေါင်းစုံ ယိုယွင်းပျက်စီးစေခဲ့သည့် ရောဂါဆိုးများကိုလည်း ယနေ့လူငယ်တို့ ရင်ဆိုင်ခဲ့ကြပြီးဖြစ်သည်။ ထိုကဲ့သို့သော အခက်အခဲများကို ရင်ဆိုင်ကြရာတွင် ပရဟိတလူငယ်များစွာ ပေါ်ထွက်လာခဲ့သည်ကိုလည်း တွေ့ရသည်။

**စိတ်ဓာတ်ခံယူချက်**

နိုင်ငံတစ်နိုင်ငံ၏ အနာဂတ်သည် လူငယ်တို့၏ လက်ပေါ်တွင် မူတည်နေသဖြင့် လူငယ်တို့၏ စိတ်ဓာတ်ခံယူချက်က အလွန်အရေးကြီးသည်။ ငါ့အတွက်ဆိုသည့် အတ္တကြီးသောစိတ်ဓာတ်အခံရှိနေမည်ဆိုပါက ထိုလူငယ်များကြီးပြင်းလာသည့်အခါ အများအကျိုးအတွက်ကို ဆောင်ရွက်လိုခြင်းရှိမည်မဟုတ်ပေ။ မိမိအတွက်အကျိုးမရှိပါက မလုပ်ဆိုသည့် စိတ်ဓာတ်ခံယူချက်ရှိနေမည်ဆိုပါက မည်မျှပင်တိုးတက်သည့် နိုင်ငံပင်ဖြစ်စေကာမူ ဆုတ်ယုတ်လာမည်သာဖြစ်သည်။ အများအကျိုးနှင့် ကိုယ်ကျိုးကို နှိုင်းယှဉ်လာသည့်အခါ ကိုယ်ကျိုးကိုသာ ဦးစားပေး၍ ဆောင်ရွက်သူများရှိနေမည်ဆိုပါက တိုးတက်မှုထက် ဆုတ်ယုတ်မှုကိုသာ ဖြစ်စေမည်ဖြစ်သည်။ လူငယ်တို့၏စိတ်သည် ပွင့်လင်းရိုးသားသဖြင့် ရိုးသားမှုကို အခွင့်ကောင်းယူ၍ စိတ်ဓာတ်ခံယူချက်များကို အရောင်ဆိုးသူများရန်မှ ကာကွယ်ရန်လိုသည်။

မြန်မာလူငယ်များသည် နိုင်ငံအတွက်၊ လူမျိုးအတွက်ဆိုပါလျှင် အသက်ကိုပင် ပဓာနမထားဘဲ ကြိုးစားဆောင်ရွက်တတ်သူများဖြစ်သည်။ တိုင်းရင်းသားလူမျိုးပေါင်းစုံ စုစည်းနေထိုင်သည့်

**❖ နိုင်ငံတော်အစိုးရအနေဖြင့် လူငယ်တို့၏ဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ဗလငါးတန်ဖွံ့ဖြိုးရေးကအစပြု၍ ဘက်စုံထောင့်စုံ ဖွံ့ဖြိုးတိုးတက်ရေး ကြိုးစားဆောင်ရွက်ပေးနေသည်။ လူငယ်တို့၏ တာဝန်သည် မိမိတို့မွေးဖွားရှင်သန်ကြီးပြင်းရာ အရပ်ဒေသကို ပြန်လည်အကျိုးပြုရန်သာဖြစ်သည်။ စိတ်ဓာတ်၊ ခံယူချက်၊ အတွေးအခေါ်နှင့် အတွေ့အကြုံတို့က ကွဲပြားစေကာမူ နိုင်ငံတော်နှင့် ပြည်သူအတွက် ဆိုသည့်စိတ်ဓာတ်ခံယူချက်ကို မပြောင်းလဲသေးသရွေ့ လူငယ်တို့ လျှောက်သောလမ်းသည် ဖြောင့်ဖြူးနေဦးမည်သာဖြစ်သည်။ လူငယ်တို့ဦးတည်ရာလမ်းဖြောင့်တန်းနေသေးသရွေ့ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအရှိန်အဟုန်သည်လည်း ယခုထက်ပိုမိုကောင်းမွန်လာမည်သာဖြစ်သည်။ ❖**

မြန်မာနိုင်ငံသည် အရောင်အသွေးစုံလင်သော ပန်းခင်းကြီးနှင့်တူလှပေသည်။ သို့ရာတွင် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း စသည့် တိုင်းရင်းသားလူငယ်တို့၏ တွဲလက်များကို ချိုးဖျက်ခွဲထုတ်၍ အကြံယုတ်ဖြင့် အားထုတ်ခဲ့သည့် အင်္ဂလိပ်တို့ကြောင့် လွတ်လပ်ရေးသည်ပင် ဆုံးရှုံးခဲ့ရသည်။ မတူကွဲပြားမှုများကို လက်သင့်ခံ၍ တိုင်းပြည်အတွက်ဆိုသည့် တူညီသည့် စိတ်ဓာတ်ခံယူချက်များကို ရိုက်ချိုးမပစ်မိကြရန်လိုသည်။

**ပညာဉာဏ်ဖြင့် စုစည်းကြဖို့**

ပညာသည် အရာရာကို ဝေဖန်ပိုင်းခြားနိုင်စွမ်းရှိသည်။ လူငယ်တို့သည်လည်း ပညာဉာဏ်ပြည့်ဝ၍ အရာရာကို ဝေဖန်ပိုင်းခြားနိုင်စွမ်းရှိသူများဖြစ်ရန်လိုသည်။ မြန်မာနိုင်ငံတွင် ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအရ လူငယ်ဦးရေ ၁၇ သန်းခန့်ရှိပြီး စုစုပေါင်းလူဦးရေ၏ ၃၂ ဒသမ ၆၉ ရာခိုင်နှုန်းရှိသည့်အတွက် လူငယ်စွမ်းအားကို အကျိုးရှိစွာ အသုံးချနိုင်မည်ဆိုပါက ရွှေရောင်လွှမ်းသည့်အနာဂတ်ကို ပိုင်ဆိုင်နိုင်မည်ဖြစ်သည်။ သို့ရာတွင် အကျင့်ဆိုးဖြင့် လူငယ်တို့ကို ပညာရေးနှင့်ဝေးကွာအောင်၊ အစိုးရ၊ ပြည်သူတို့နှင့် တွဲလက်များကိုဝေးကွာအောင်၊ သာယာငြိမ့်ညောင်းသည့် ခေါင်းလောင်းသံလေးများနှင့် ဝေးကွာအောင် မြှူဆွယ်၍ အဖျက်အမှောက်လုပ်ငန်းများကို လုပ်ကိုင်စေလိုသည့် လူများ၏အန္တရာယ်ကိုလည်း မိမိတို့လူငယ်များ သတိပြုမိကြရန်လိုသည်။

ကမ္ဘာ့လူငယ်များနည်းတူ မြန်မာလူငယ်များသည်လည်း ရာသီဥတုပြောင်းလဲမှုများ၊ ကျန်းမာရေးဆိုင်ရာစိန်ခေါ်မှုများ၊ မူးယစ်ဆေးဝါးပြဿနာ၊ အွန်လိုင်းငွေကြေးလိမ်လည်မှု၊ လူမှုရေးဆိုင်ရာ စိန်ခေါ်မှုများအပါအဝင် စိန်ခေါ်မှုမျိုးစုံကို ရင်ဆိုင်နေကြရသည်။ ပညာရေးအခြေခံအားနည်းသူများသည် နိုင်ငံတော်ကာကွယ်ရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ကြရန် အားနည်းနေမည်သာဖြစ်ပြီး မသမာသူများ၏ သွေးဆောင်ဖြားယောင်းမှုနောက်သို့လိုက်ပါ၍ အဖျက်အမှောက်လုပ်ငန်းများနောက်သို့ လွယ်လင့်တကူလိုက်ပါသွားနိုင်သည်။ မြန်မာလူငယ်များသည် ဗလငါးတန်ဖွံ့ဖြိုး၍တိုင်းပြည်နှင့် လူမျိုးအကျိုးကို သယ်ပိုးတတ်သူများသာဖြစ်သဖြင့် အတန်းပညာအားနည်းနေစေကာမူ အသိဉာဏ်ပညာဖြင့် ထိန်းကျောင်း၍ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စွမ်းအားတစ်ရပ်ဖြစ်နေမည်သာဖြစ်သည်။

နိုင်ငံတော်အစိုးရအနေဖြင့် လူငယ်တို့၏ဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ဗလငါးတန်ဖွံ့ဖြိုးရေးကအစပြု၍ ဘက်စုံထောင့်စုံ ဖွံ့ဖြိုးတိုးတက်ရေး ကြိုးစားဆောင်ရွက်ပေးနေသည်။ လူငယ်တို့၏ တာဝန်သည် မိမိတို့မွေးဖွားရှင်သန်ကြီးပြင်းရာ အရပ်ဒေသကို ပြန်လည်အကျိုးပြုရန်သာဖြစ်သည်။ စိတ်ဓာတ်၊ ခံယူချက်၊ အတွေးအခေါ်နှင့် အတွေ့အကြုံတို့က ကွဲပြားစေကာမူ နိုင်ငံတော်နှင့် ပြည်သူအတွက် ဆိုသည့်စိတ်ဓာတ်ခံယူချက်ကို မပြောင်းလဲသေးသရွေ့ လူငယ်တို့လျှောက်သောလမ်းသည် ဖြောင့်ဖြူးနေဦးမည်သာဖြစ်သည်။ လူငယ်တို့ဦးတည်ရာလမ်းဖြောင့်တန်းနေသေးသရွေ့ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်သည်လည်း ယခုထက်ပိုမိုကောင်းမွန်လာမည်သာဖြစ်သည်။

**ပူးပေါင်းဆောင်ရွက်ကြပါစို့**

မတူကွဲပြားမှုများ မည်မျှပင်ရှိနေကြစေကာမူ လူငယ်တို့သည် ကမ္ဘာကြီး၏ အနာဂတ်တိုးတက်ရေး တူညီသည့် ရည်မှန်းချက်ကိုထားရှိကာ ကြိုးစားဆောင်ရွက်သွားရမည်ဟု ရည်မှန်းချက်ချမှတ်ထားခြင်းဖြစ်သည်။ ယနေ့ကမ္ဘာကြီးတွင် ရင်ဆိုင်ကြုံတွေ့နေရသည့် စစ်ပွဲများသည် အချင်းချင်း အပြန်အလှန်နားလည်မှုအားနည်း၍ စည်းလုံးညီညွတ်မှု၊ စေ့စပ်ညှိနှိုင်းဆွေးနွေးမှုတို့ ကင်းဝေးနေခြင်းကြောင့်သာဖြစ်ရသည်။ ယနေ့လူငယ်များသည် အဆိုပါအဖြစ်အပျက်များကို သင်ခန်းစာယူ၍ ကမ္ဘာကြီး၏အနာဂတ်အတွက် မတူကွဲပြားသည့် အတွေးအခေါ်အယူအဆများကြားမှ တူညီသည့်တိုးတက်မှုလမ်းစများကို ရှာဖွေဖော်ထုတ်ရမည်ဖြစ်သည်။

လူတစ်ဦးနှင့်တစ်ဦးသည် မွေးဖွားရာအရပ်၊ ရှင်သန်ကြီးပြင်းရာအရပ်တို့က မတူညီနိုင်သကဲ့သို့ ကိုးကွယ်ယုံကြည်မှု၊ ဘာသာအယူဝါဒ စသည်တို့ကလည်း ကွဲပြားနေဦးမည်သာဖြစ်သည်။ မြန်မာနိုင်ငံသည် ရှေးပဝေသဏီကတည်းက တိုင်းရင်းသားလူမျိုးပေါင်း ၁၀၀ ကျော်ဖြင့် အေးအတူ ပူအမျှ အတူတကွ ရှင်သန်နေထိုင်လာခဲ့သည်။ မြန်မာလူငယ်များသည်လည်း မတူကွဲပြားမှုများ မည်မျှပင်ရှိနေစေကာမူ ကိုဗစ်ကဲ့သို့သော ကပ်ရောဂါကာလ၊ မန္တလေးငလျင်ကဲ့သို့သော ကပ်ဘေးကာလတို့တွင် မတူကွဲပြားမှုများကို ဘေးဖယ်ထား၍ နိုင်ငံတော်အတွက် ခွန်အားဖြစ်စေခဲ့သည်မှာလည်း သမိုင်းသက်သေပင်ဖြစ်သည်။ ကမ္ဘာ့နိုင်ငံရေးစိန်ခေါ်မှုများကြားတွင် မိမိနိုင်ငံတော်အတွက် ကာကွယ်ရေးစွမ်းအားဖြည့်တင်းထားနိုင်ရေး သတ်မှတ်အရည်အချင်းပြည့်မီသူ လူငယ်များသည် ပြည်သူ့စစ်မှုထမ်းသင်တန်းများတွင် ပါဝင်တက်ရောက်၍ လူငယ်တို့၏ ခွန်အားကို ပြသနေကြသည်ကလည်း အားတက်ဖွယ်ပင်ဖြစ်သည်။

"ဘယ်သူခွဲခွဲတို့မကွဲ အမြဲစည်းလုံးမည်"ဆိုသည့် စကားနှင့်အညီ မိမိတို့၏စည်းလုံးညီညွတ်မှုစွမ်းအားဖြင့် မြန်မာ့အနာဂတ်ကို လှပစွာပုံဖော်နိုင်မည်သာဖြစ်သည်။ တိုင်းရင်းသားလူမျိုးပေါင်းစုံရှင်သန်ကြီးပြင်းရာ အမိမြန်မာနိုင်ငံတော်သည် သဘာဝသယံဇာတများပေါကြွယ်ဝ၍ လူ့စွမ်းအားအရင်းအမြစ် ခိုင်မာအားကောင်းသည့် နိုင်ငံဖြစ်သည်။ တောင်တန်းပြည်မ ဇာတ်လမ်းဆင်၍ မိမိတို့စည်းလုံးညီညွတ်မှုကို ဖြိုခွဲခဲ့သည့်သမိုင်းကို အစဉ်ထာဝရ သတိရနေရန်လိုသည်။ မြန်မာနိုင်ငံအတွင်းရှိမည်သည့်တိုင်းဒေသကြီးနှင့် ပြည်နယ်တွင်မွေးသည့်လူငယ်ဖြစ်စေ မြန်မာလူငယ်ပင်ဖြစ်သည်။ ပြောသည့်စကား၊ ကိုးကွယ်သည့်ဘာသာ၊ လူနေမှုပုံစံတို့ မည်မျှပင်ကွဲပြားစေကာမူ လူငယ်အားလုံးသည် မြန်မာလူငယ်များဖြစ်သည်။ မြန်မာ့မြေတွင် မြန်မာ့ရေကိုသောက်၍ မြန်မာတစ်ဦးဖြစ်ကြသည့် လူငယ်တိုင်းသည် မြန်မာနိုင်ငံအတွက်ဆိုသည့် အသိစိတ်ဓာတ်ဖြင့် ပူးပေါင်းလက်တွဲဆောင်ရွက်သွားမည်ဆိုပါက ယခုထက်ပိုမိုတိုးတက်သည့် အနာဂတ်ကို ပိုင်ဆိုင်နိုင်မည်ဖြစ်သည်။

သို့ဖြစ်ရာ ၂၀၂၆ ခုနှစ် ဩဂုတ် ၁၂ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ ဆောင်ပုဒ်ဖြစ်သည့် "နောက်ခံမတူငြား၊ ရည်မှန်းတူထား၊ လူငယ်အား"ဆိုသည့်အတိုင်း မြန်မာ့အနာဂတ်ကိုလူငယ်တို့၏ စုပေါင်းညီညွတ်မှုစွမ်းအားဖြင့် ဖန်တီးပုံဖော်နိုင်ကြပါစေကြောင်း ရည်ရွယ်တင်ပြလိုက်ရပါသည်။

**ကိုးကား**


- ၂၀-၇-၂၀၂၆ နှင့် ၃၁-၇-၂၀၂၆ ထုတ် ရတနာပုံ သတင်းစာများ၊
- https://www.un.org/en/global-issues/youth

# ပုလဲမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်သီးနှံစုံ ၁၃၄၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



ပုလဲ ဩဂုတ် ၉

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ပုလဲမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်သီးနှံစုံ ၁၃၄၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ပုလဲမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပုလဲမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်သီးနှံစုံ ၁၅၅၄ ဧက စိုက်ပျိုးရန်လျာထားပြီး အဆိုပါ ဟင်းသီးဟင်းရွက်သီးနှံစုံ စိုက်ပျိုးမှုကို ယခုနှစ် မေလဒုတိယပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၁၃၄၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ပုလဲမြို့နယ်မှာ ဟင်းသီးဟင်းရွက်သီးနှံစုံ ၁၅၅၄ ဧက စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့မှာ ၁၃၄၅ ဧကထိစိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်။ မုန်ညင်း၊ ဂေါ်ဖီထုပ်၊ ခရမ်း နံနံ၊ အာလူး၊ ဂေါ်ဖီထုပ်၊ ခရမ်း စတဲ့သီးနှံတွေဖြစ်ပါတယ်။ စိုက်ပျိုးတဲ့ ဟင်းသီးဟင်းရွက်အားလုံးကို GAPနည်းစနစ်နဲ့စိုက်ပျိုးနိုင်ဖို့၊ ဓာတုဓာတ်ကြွင်း အနည်းဆုံးဖြစ်ဖို့၊ ကျန်းမာရေးနဲ့ ကိုက်ညီအောင်စိုက်ပျိုးဖို့ နည်းပညာတွေ ပေးနေပါတယ်"ဟု ပုလဲမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ် ဦးစီးမှူး ဒေါ်ခင်လေးနွယ်က ပြောပြသည်။

ဟင်းသီးဟင်းရွက်သီးနှံစုံကို အထွက်နှုန်း တိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် ဟင်းသီးဟင်းရွက်သီးနှံစုံကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းဆောင်ရွက်သင့်ကြောင်း ပုလဲမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ် ဦးစီးမှူး ဒေါ်ခင်လေးနွယ်က ပြောပြ၍ သိရသည်။ (၂၀၆)

# မိုင်းယောင်းမြို့နယ် ဝမ်လဲကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

မိုင်းယောင်း ဩဂုတ် ၉

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းယောင်းခရိုင် မိုင်းယောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဝမ်တပ်ကျေးရွာအုပ်စု ဝမ်လဲကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ဩဂုတ် ၈ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် မိုင်းယောင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးစိုင်းစိုးစိုးနှင့် တာဝန်ရှိသူများက မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် စိုက်ပျိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ခရိုင်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့် တွေ့ဆုံ၍ လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းဇယားများ ပြည့်စုံမှန်ကန်မှုရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများကို ပိုမိုတိုးချဲ့ဆောင်ရွက်ကြရန်၊ ရန်ပုံငွေများ လေလွင့်ဆုံးရှုံးမှုမရှိစေရေး စနစ်တကျ စီမံခန့်ခွဲထိန်းသိမ်းကြရန်နှင့် တိုးပွားလာသော အတိုးရငွေများဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆက်လက် ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားခဲ့သည်။

အဆိုပါကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေကျပ် သိန်း ၃၀ ဖြင့် စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ စုစုပေါင်းအသင်းသား၊ အသင်းသူ ၃၅ ဦးကို ရန်ပုံငွေကျပ် ၃၅၅ သိန်းကို ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ အောင်မြင်စွာ လည်ပတ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ချိုသန်းညွန့်

# ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ဖီးကြမ်းငှက်ပျောသီးအဖီးရေ အများအပြား တင်ပို့ရောင်းချနိုင်ခဲ့

ကျိုက်လတ် ဩဂုတ် ၉

ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ဖီးကြမ်းငှက်ပျောသီး အဖီးရေ အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ကျိုက်လတ်မြို့နယ် ငှက်ပျောသီးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်အေးမြတ်က ပြောပြ၍ သိရသည်။

ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ဖီးကြမ်းငှက်ပျောသီး အဖီးရေ ၄၀၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇူလိုင်လအတွင်း ဖီးကြမ်းငှက်ပျောသီးအဖီးရေ ၅၇၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည် ။

"ပြီးခဲ့တဲ့ တစ်လအတွင်း ဖီးကြမ်းငှက်ပျောသီးတွေကိုရန်ကုန်ဈေးကွက်က ဝယ်ယူမှုများပြားခဲ့ပါတယ်။ ပြည်တွင်းမှာကို ဖီးကြမ်းငှက်ပျောသီးတွေက ဝယ်လိုအားများနေတဲ့နေတဲ့အခြေအနေရှိနေပါတယ်။ ကျိုက်လတ်မြို့နယ်က ထွက်ရှိတဲ့ ဖီးကြမ်းငှက်ပျောသီးတွေကို ရန်ကုန်ဈေးကွက်အပြင် အခြားဒေသတွေကိုပါ တင်ပို့ရောင်းချနေပါတယ်"ဟု ကျိုက်လတ်မြို့နယ်ငှက်ပျောသီးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်အေးမြတ်က ပြောပြသည်။



ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့်တစ်လအတွင်း တင်ပို့ရောင်းချခဲ့သည့် ဖီးကြမ်းငှက်ပျောသီး အဖီးရေ ၁၀၀ လျှင် ငွေကျပ် ၁၅၅၅၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

အဆိုပါ ကျိုက်လတ်မြို့နယ်မှထွက်ရှိသည့် ဖီးကြမ်းငှက်ပျောသီးများ အရောင်းအဝယ် ကောင်းမွန်လာသည့်အတွက် ငှက်ပျောသီးရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်သည်များ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင် အခွင့်အလမ်းရရှိကာ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

ကျော်ကျော်လင်း

# ပွင့်ဖြူမြို့နယ် ရွာသာယာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

ပွင့်ဖြူ ဩဂုတ် ၉

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကံသာကြီးကျေးရွာအုပ်စု ရွာသာယာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်လှကြူနွဲ့က ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိပြီး မိသားစုဝင်ငွေတိုးလုပ်ငန်းများ လုပ်ကိုင်နိုင်ရေးအတွက် လိုအပ်သောငွေကြေးအရင်းအနှီးများရရှိစေရန်၊ စီမံကိန်းမှတိုးပွားလာသော အတိုးငွေများဖြင့် ကျေးရွာအတွက် လိုအပ်သော ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေများ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်း တာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး ဒုတိယဦးစီးမှူးက ရွာသာယာကျေးရွာရှိ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၃၂ ဒသမ ၅ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ရွာသာယာကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၅၁ ဦးကို ငွေကျပ် ၂၀ ဒသမ ၅ သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူဦးရေ ၆၀ ကို ငွေကျပ် ၁၂ သန်း စုစုပေါင်းအသင်းသား၊ အသင်းသူ ၁၁၁ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၃၂ ဒသမ ၅ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

ရဲဝင်းနိုင်(ညောင်ဦး)

# ဒိုက်ဦးမြို့နယ် အုတ်ဝင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းမိတ်ဆက်ခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်း ပြုလုပ်

ဒိုက်ဦး ဩဂုတ် ၉

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်ခရိုင် ဒိုက်ဦးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သရက်တောကျေးရွာအုပ်စု အုတ်ဝင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဝင်ဖွဲ့စည်းခြင်းကို ဩဂုတ် ၈ ရက်က အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဒိုက်ဦးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်မြင့်ထွန်းက မြစိမ်းရောင်ကျေးရွာစီမံကိန်း၏ ရည်ရွယ်ချက်၊ အကျိုးကျေးဇူးများ၊ စီမံကိန်းလုပ်ငန်းစဉ်အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းက ကော်မတီဝင်များ ရွေးချယ်ဖွဲ့စည်းရာတွင် လိုက်နာရမည့်စည်းကမ်းသတ်မှတ်ချက်များ၊ တာဝန်နှင့်ခံစားခွင့်များ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းနှင့် ပတ်သက်၍ ကဏ္ဍတစ်ခုချင်းအလိုက် ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာသည့် ကျေးရွာရပ်မိရပ်ဖများ၊ ကျေးရွာသူ၊ ကျေးရွာသားများ၏ အများသဘောဆန္ဒနှင့်အညီ မြစိမ်းရောင်ကျေးရွာစီမံကိန်းကော်မတီဝင် ၁၁ ဦးကို ရွေးချယ်ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။

ချိုလေး

ဗလငါးတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေဖတ်ကြစို့

# ပင်လယ်ကဗွီးပင်၏ သဘာဝနှင့် အသုံးဝင်ပုံ

နှင်းအိ(ရာမညမြေ)

ပင်လယ်ကဗွီးပင်သည် ထင်းရှူးပင်နှင့်ဆင်တူပြီး ပင်လယ်ကမ်းစပ်နှင့် ကမ်းရိုးတန်းဒေသများတွင် ပေါက်ရောက်တတ်သော အမြဲစိမ်းပင်ကြီးတစ်မျိုး ဖြစ်သည်။ ၎င်းကိုအင်္ဂလိပ်လို Casuarina သို့မဟုတ် Whistling Pine ဟုခေါ်ကြပြီး လေဒဏ်နှင့် ဆားငန်ဓာတ်ကို ခံနိုင်ရည်ရှိသည်။

**တွေ့ရှိရာဒေသ**

ပင်လယ်ကဗွီးပင်၏ မူရင်းဒေသမှာ မြန်မာနိုင်ငံ အပါအဝင် သြစတြေးလျ၊ ပါပူးဝါးနယူးဂီနီ၊ အိန္ဒိယ နိုင်ငံနှင့် ပစိဖိတ်ဒေသ ကျွန်းနိုင်ငံများဖြစ်ကြသည်။ မြန်မာနိုင်ငံရှိ ရခိုင်ပြည်နယ်နှင့် တနင်္သာရီတိုင်းကဲ့သို့ ကမ်းရိုးတန်းဒေသများ၊ သြစတြေးလျနှင့် ပါပူးဝါး နယူးဂီနီကဲ့သို့ ကျွန်းနိုင်ငံများနှင့် အရှေ့အာဖရိက ကမ်းရိုးတန်းဒေသများ၊ ပင်လယ်ကမ်းစပ် သဲသောင်ပြင်များတွင် သဘာဝအလျောက် အမြောက်အမြား ပေါက်ရောက်တတ်သည်။

**ပုံသဏ္ဌာန်**

ပင်လယ်ကဗွီးပင်သည် အပင်ကြီးမျိုးဖြစ်ပြီး ပန်းပွင့်သည့် အပင်မျိုးဖြစ်သည်။ သဘာဝအလျောက် ပေါက်ရောက်စဉ် ပင်စည်ဖြောင့်မတ်ပြီး အကိုင်းအခက်များ ဖြာထွက်လေ့ရှိသည်။

ပင်လယ်ကဗွီးပင်၏အခေါက်မှာ ကြမ်းတမ်းပြီး အက်ကြောင်းများပါရှိသည်။ ပင်စည်၏အသားမှာ အလွန်မာကျောသည်။ အရွက်မှာ အပ်များနှင့်ဆင်တူသော်လည်း အမှန်တကယ်တွင် အကြေးခွံပုံ အရွက်နုလေးများဖြစ်သည်။ ပင်လယ်ကဗွီးပင်သည် အဖိုပင်နှင့် အမပင်သီးခြားစီပေါက်ကြသည်။ အပွင့်များမှာ အလွန်သေးငယ်ပြီး သိသာထင်ရှားမှု မရှိလှပေ။ အသီးပုံစံမှာ ထင်းရှူးသီးနှင့် ပုံသဏ္ဌာန်တူသည်။ အသီးရင့်မှည့်လာသောအခါ အခွံများပွင့်လာပြီး အတွင်းမှ အတောင်ပံပါသော အစေ့ငယ်လေးများသည် လေထဲသို့ လွင့်ပျံထွက်သွားသည်။ ပင်လယ်ကဗွီးပင်သည် အမြင့်ပေ ၃၀ မှ ပေ ၁၀၀ ခန့်ထိ မြင့်မားပြီး အပင်ကြီးထွားမှုအလွန်မြန်သည်။ ကမ်းခြေရှိ ဟိုတယ်များ၊ ပန်းခြံများနှင့် လမ်းဘေးဝဲယာများတွင် အရိပ်ရရန် စိုက်ပျိုးကြသည်။

**သက်တမ်း**

ပင်လယ်ကဗွီးပင်သည် အများအားဖြင့် နှစ်ပေါင်း ၄၀ မှ ၅၀ ခန့် သက်တမ်းရှိသည်။ သို့သော် သင့်တော်ကောင်းမွန်သော ပတ်ဝန်းကျင်အခြေအနေများတွင် နှစ် ၇၀ ထိ သို့မဟုတ် ထိုထက်ပို၍ ရှင်သန်နိုင်သော အပင်များကိုလည်း တွေ့ရလေ့ရှိသည်။

**အသုံးဝင်ပုံ**

ဆေးဖက်ဆိုင်ရာ အသုံးဝင်မှုအနေဖြင့် ပင်လယ်ကဗွီးပင်၏အမြစ်ကို ဝမ်းကိုက်ခြင်း၊ ဝမ်းလျှောခြင်းနှင့် ဗိုက်အောင့်ဗိုက်နာဖြစ်ခြင်းတို့အတွက် အသုံးပြုနိုင်ပြီး အကိုင်းအခက်များကိုမူ ရောင်ရမ်းခြင်းများတွင် သွေး၍လိမ်းနိုင်သည်။ လတ်ဆတ်သော အခေါက်အစိုသည် အရေပြားထိခိုက်ဒဏ်ရာများကို သက်သာစေနိုင်သကဲ့သို့ ဝမ်းပျက်ဝမ်းလျှောနှင့် ဝမ်းကိုက်ခြင်းများကိုလည်း သက်သာစေနိုင်သည်။ ပင်လယ်ကဗွီးပင်၏ အတွင်းသားအခေါက်နှင့် ဗာဒံပင်၏ အတွင်းသားအခေါက်တို့ကိုရောစပ်ပြီး ပန်းနာရင်ကျပ်နှင့် အသက်ရှူကျပ်ရောဂါများအတွက်လည်း အသုံးပြုနိုင်သည်။ ထို့ပြင် ပင်လယ်ကဗွီးပင်၏ အခေါက်မှရရှိသော အမှုန့်များကို မျက်နှာ အရေပြားပေါ်တွင်ရှိသော ဝက်ခြံများကုသရာတွင်လည်း အသုံးပြုနိုင်သည်။

ပင်လယ်ကဗွီးပင်များ ပေါက်ရောက်သော နေရာများတွင် ၎င်းတို့မှ ကြွေကျလာသော အပ်



ချောင်းပုံစံအရွက်များနှင့်၊ အခက်များသည် မြေပြင်ပေါ်တွင် ထူထပ်သော အလွှာကြီးသဖွယ် ဖုံးလွှမ်းသွားတတ်သည်။ ထိုကဲ့သို့ ဖုံးလွှမ်းသွားခြင်းကြောင့် အောက်ဘက်ရှိ အခြားသော အပင်ငယ်များအားလုံး ရှင်သန်ကြီးထွားခွင့် မရတော့ဘဲ ပျက်စီးသွားတတ်ကြသည်။ အဆိုပါဖြစ်စဉ်ကြောင့် ပင်လယ်ကဗွီးပင်များ အများအပြားပေါက်ရောက်သော ဒေသတချို့၌ဆိုလျှင် ဒေသမျိုးရင်း အပင်မျိုးစိတ်များ ပျောက်ကွယ်သွားခဲ့ရသည့် အခြေအနေများလည်းရှိခဲ့သည်။ ထို့ကြောင့် ပင်လယ်ကဗွီးပင်များကို စိုက်ခင်းအတွင်းတွင် အခြားသီးနှံပင်များနှင့် ရောနှောစိုက်ရန် မသင့်တော်ဘဲ လေကာတန်းအဖြစ် သီးသန့်စိုက်ပျိုးခြင်းက ပိုမိုကောင်းမွန်သည်။

ပင်လယ်ကဗွီးပင်များ၏ လျင်မြန်စွာကြီးထွားနိုင်မှု၊ လေထုထဲမှ ကာဗွန်ဒိုင်အောက်ဆိုက်ကို စုပ်ယူနိုင်မှု၊ မြေဆီသြဇာညံ့သော နေရာများတွင် ရှင်သန်နိုင်မှု စသည့်အားသာချက်များကြောင့် မြေဆီလွှာကို ထိန်းသိမ်းရာတွင် အသုံးပြုရန် သင့်တော်သောအပင်ဖြစ်သည်။ ဆားငန်ဒဏ် ခံနိုင်ရည်ရှိသလို သဲဆန်သောမြေတွင်လည်း ရှင်သန်နိုင်သောကြောင့် မြစ်ဝကျွန်းပေါ်ဒေသ၊ ကမ်းရိုးတန်းဒေသ၊ မြစ်ကမ်းပါးများနှင့် ရေလမ်းကြောင်းတစ်လျှောက် ရေတိုက်စားမှုများကို ကာကွယ်ရန်အတွက်လည်း စိုက်ပျိုးနိုင်သည်။ ထို့ကြောင့် အင်ဒိုနီးရှားနိုင်ငံ ဆာရာဝပ်ခ် (Sarawak) ဒေသတွင်ပင်လယ်ကမ်းရိုးတန်း ရေတိုက်စားခံရခြင်းများကို ထိန်းချုပ်ကာကွယ်နိုင်ရန်အတွက် ပင်လယ်ကဗွီးပင်များကို စိုက်ပျိုးထားခြင်းဖြစ်ကြောင်း လေ့လာသိရှိရသည်။

ပင်လယ်ကဗွီးပင်များသည် မုန်တိုင်းဒဏ်နှင့် လေပြင်းတိုက်ခတ်မှုဒဏ်ကိုလည်း ခံနိုင်ရည်ရှိသောကြောင့် အကာအကွယ်အနေဖြင့် သီးနှံစိုက်ခင်းများနှင့် တိရစ္ဆာန်မွေးမြူရေးခြံများ၏ အနီးပတ်ဝန်းကျင်တွင်လည်း စိုက်ပျိုးလေ့ရှိသည်။ တရုတ်နိုင်ငံ တောင်ပိုင်းရှိ ကီလိုမီတာ ၃၀၀၀ ရှည်လျားသော ကမ်းရိုးတန်းတစ်လျှောက်တွင် ပင်လယ်ကဗွီးပင်များကို အကာအကွယ်အနေနှင့် စိုက်ပျိုးထားသည်။

ပင်လယ်ကဗွီးပင်များကို ထင်း လောင်စာအနေနှင့် အသုံးပြုနိုင်သလို ပင်စည်ကိုသစ်သားအနေဖြင့်လည်း အသုံးပြုနိုင်သည်။ ပင်လယ်ကဗွီးပင်များ၏အသားသည် အစိုဖြစ်နေစေကာမူ မီးကောင်းစွာ လောင်ကျွမ်းနိုင်သောကြောင့် အရည်အသွေးကောင်းမွန်သော ထင်းနှင့်မီးသွေးတို့ကို ထုတ်လုပ်ရရှိနိုင်သည်။

သေးငယ်သည့် အကိုင်းအခက်များကို အိမ်သုံးလောင်စာအနေနှင့် အသုံးပြုနိုင်ပြီး တစ်ခါတစ်ရံ အုတ်ဖုတ်သည့် နေရာများတွင်လည်း အသုံးပြုလေ့ရှိသည်။ ပင်လယ်ကဗွီးပင်၏ ပင်စည်အသားကို ငါးဖမ်းလှေ၊ လှော်တက်၊ ရွက်လှေတိုင်၊ ခြံစည်းရိုး၊ လယ်ယာအဆောက်အအုံ၊ လက်သမားတူနှင့်ဓားရိုး လက်ကိုင်ပြုလုပ်ရာတွင် အသုံးပြုသည်။ ထို့ပြင် ပင်လယ်ကဗွီးသားကို စက္ကူပျော့ဖတ်နှင့် ပျဉ်ချပ်များ ထုတ်လုပ်ရာတွင်လည်း အသုံးပြုနိုင်သည်။

**ဂေဟစနစ်အတွက် အကျိုးပြုပုံ**

ပင်လယ်ကဗွီးပင်သည် ကမ်းရိုးတန်းဒေသရှိ ဒီရေတော ဂေဟစနစ်ထိန်းသိမ်းရာတွင် အလွန် အရေးပါသော သစ်ပင်မျိုးစိတ်ဖြစ်သည်။ ၎င်းတို့သည် ရေနှင့်ကုန်းမြေဆုံသည့် ပတ်ဝန်းကျင်တွင် ရှင်သန်နိုင်ပြီး အဏ္ဏဝါဂေဟစနစ်ကို တည်တံ့အောင် ထိန်းညှိပေးသည်။

ပင်လယ်ကဗွီးပင်၏ ရှုပ်ထွေးသော အမြစ်များသည် ငါး၊ ပုစွန်၊ ကဏန်းနှင့် ကမာကောင်များအတွက် ရန်သူဘေးမှ ပုန်းကွယ်ရန်နှင့် ဥချသားဖောက်ရန် အကောင်းဆုံးနေရာဖြစ်သည်။ ပင်လယ်ကဗွီးပင်များသည် ဒေသခံငှက်များနှင့် ရွှေ့ပြောင်းငှက်များအတွက် နားခိုရာ၊ အသိုက်ဆောက်ရာနေရာ ဖြစ်သလို၊ မျောက်နှင့် အခြားသတ္တဝါများအတွက် ကျက်စားရာနေရာလည်းဖြစ်သည်။

ပြင်းထန်သော ပင်လယ်မုန်တိုင်းများ၊ လှိုင်းတံပိုးများနှင့် ဒီရေလှိုင်းများ၏ အရှိန်အဟုန်ကို ပင်လယ်ကဗွီးတောများက သဘာဝတံတိုင်းကြီးသဖွယ် ကြားကခံပေးသည်။ ပင်လယ်ကဗွီးပင်၏ မြစ်ပွားများသည် ကမ်းခြေမြေဆီလွှာနှင့် ရွှံ့ညွန်များကို မြဲမြံစွာ တွယ်ကပ်ထားသဖြင့် လှိုင်းဒဏ်ကြောင့် မြေပြိုခြင်း၊ ကမ်းပါးပြိုခြင်းတို့မှ ကာကွယ်ပေးသည်။ ပင်လယ်ကဗွီးပင်ပေါက်ရာ ဒီရေတောများသည် ကုန်းမြေပေါ်ရှိ ပေါက်ရောက်သော သစ်တောများထက် ကာဗွန်ဒိုင်အောက်ဆိုက်ကို လေးဆခန့်ပိုမိုစုပ်ယူသိုလှောင်နိုင်စွမ်းရှိပြီး ကုန်းမြေမှ စီးဆင်းလာသော မြစ်ရေ၊ ချောင်းရေများတွင် ပါလာသည့် ရွှံ့များ၊ နုန်းများနှင့် ညစ်ညမ်းပစ္စည်းများကို ကမ်းခြေများအနီးရှိ ကဗွီးပင်အမြစ်များက ဖမ်းဆီးစစ်ထုတ်ပေးသည်။ ထိုသို့ စစ်ထုတ်ပေးခြင်းကြောင့် ပင်လယ်ထဲသို့ ရွှံ့များ၊ နုန်းများ အလွန်အကျွံစီးဝင်ခြင်းမှ တားဆီးပေးပြီး အနီးအနားရှိ သန္တာကျောက်တန်းများနှင့် ပင်လယ်မြက်ခင်းများ ရှင်သန်စေရန် ကူညီပေးခြင်းဖြစ်သည်။

ဒီရေတော ဂေဟစနစ်ကောင်းမွန်စေသည်။ ရေလုပ်ငန်းကို မှီခိုနေရသည့် ဒေသခံများအတွက် ငါး၊ ပုစွန်ရှာဖွေရလွယ်ကူပြီး စီးပွားရေးကို အထောက်အကူပြုသည်။

အချုပ်အားဖြင့်ဆိုရသော် ပင်လယ်ကဗွီးပင်များသည် ဘက်စုံအသုံးဝင်သည့်အပြင် ဂေဟစနစ်ကိုလည်း ကောင်းကျိုးပြုသောကြောင့် လူ့အကျိုးပြု အပင်တစ်မျိုးဖြစ်ပါကြောင်း လေ့လာရေးသားလိုက်ရပါသည်။

**ကိုးကား**

(၁) မြန်မာ့စွယ်စုံကျမ်း၊ အတွဲ(၇)

(၂) ပတ်ဝန်းကျင် ထိန်းသိမ်းရေးဦးစီးဌာနမှ ထုတ်ဝေသောစာစောင်များ

**ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်မည့်သူများအနေဖြင့် မလိုလားအပ်သော ဆုံးရှုံးမှုများမဖြစ်ပေါ်စေရေး သတိမှတ်ချက်များနှင့်အညီဆောင်ရွက်ရန် တိုက်တွန်းနှိုးဆော်ခြင်း**

၁။ ပြည်ပတွင် သွားရောက်လုပ်ကိုင်မည့်သူများအနေဖြင့် ဥပဒေနှင့်အညီမှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ် (Passport for Job–PJ) လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ်(OWIC) လျှောက်ထားရယူခြင်းတို့မရှိဘဲ ပြည်ပအလည်အပတ်နိုင်ငံကူးလက်မှတ်(Passport for Visit–PV)ကိုသာ လျှောက်ထားရယူထားပြီး ပြည်ပအလုပ်အကိုင်ဗီဇာများရယူကာ လေကြောင်းခရီးဖြင့် ပြည်ပထွက်ခွာရန်ဆောင်ရွက်လျက်ရှိကြသဖြင့် သက်ဆိုင်ရာက လေဆိပ်တွင်စိစစ်သည့်အခါ သတ်မှတ်ချက်များနှင့်မကိုက်ညီသည့်အတွက် ပြည်ပသို့ထွက်ခွာခွင့်မရခြင်းများကြောင့် လေယာဉ်လက်မှတ်ခအပါအဝင် အခြားသောကုန်ကျစရိတ်များ ဆုံးရှုံးရသည့်ဖြစ်စဉ်များ ဖြစ်ပေါ်လျက်ရှိပါသည်။

၂။ သို့ပါ၍ ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်လိုသူများအနေဖြင့် မလိုလားအပ်သည့် ဆုံးရှုံးနစ်နာမှုများမဖြစ်ပေါ်စေရေးအတွက် ဥပဒေနှင့်အညီမှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ်(Passport for Job–PJ)လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ်(OWIC)လျှောက်ထားရယူခြင်းတို့အား ဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။ **အလုပ်သမားဝန်ကြီးဌာန**

# အသက်ငါးနှစ်အောက်ကလေးများနှင့် ကျောင်းသားလူငယ်များအာဟာရဖွံ့ဖြိုးရေး

ပေါက်ပေါက်

အာဟာရမပြည့်ဝခြင်းက အာဟာရချို့တဲ့မှုကို ဖြစ်စေပြီး ပြင်းထန်သောနောက်ဆက်တွဲကျန်းမာရေးပြဿနာများကို ကြုံတွေ့ခံစားရနိုင်သည်။ ထို့ကြောင့် မြန်မာနိုင်ငံတွင် ၂၀၀၃ ခုနှစ်ကစပြီး နှစ်စဉ်ဩဂုတ်လ၏ ဒုတိယရက်သတ္တပတ်ကို "အသက်ငါးနှစ်အောက်ကလေးများနှင့် ကျောင်းသားလူငယ်များ အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်" အဖြစ် အထူးတလည်သတ်မှတ်ထားသည်။

ကလေးများအာဟာရချို့တဲ့ပါက ရုပ်ပိုင်းဆိုင်ရာ သာမက စိတ်ပိုင်းဆိုင်ရာပါဖွံ့ဖြိုးမှု နှောင့်နှေးတတ်သည်။ ထို့ကြောင့် အသက်အရွယ်အလိုက် လိုအပ်သောအာဟာရပြည့်ဝကြစေရန်၊ အာဟာရဖြည့်စွက်စာများပံ့ပိုးပေးရန်၊ ပြည်သူလူထုအတွင်း အသိပညာပေးရန်နှင့်ကျန်းမာသန်စွမ်းပြီး ဉာဏ်ရည်ထက်မြက်သော နိုင်ငံ့သားကောင်းများကို ပြုစုပျိုးထောင်ပေးရန် စသည့်ရည်ရွယ်ချက်ကောင်းများဖြင့် ယခုကဲ့သို့သတ်မှတ်ဆောင်ရွက်နေခြင်းဖြစ်သည်။

ကမ္ဘာတစ်ဝန်းတွင် အသက်ငါးနှစ်အောက်ကလေးသေဆုံးမှုသည် ဆယ်စုနှစ်များစွာပင် စိန်ခေါ်မှုတစ်ရပ်အဖြစ်ရှိနေခဲ့သည်။ ကုလသမဂ္ဂ၏ကြိုးပမ်းအကောင်အထည်ဖော်မှုများကြောင့် အသက်ငါးနှစ်အောက်သေဆုံးမှုနှုန်းသည် ၂၀၂၂ ခုနှစ် နောက်ပိုင်းတွင် ၅၁ ရာခိုင်နှုန်းထိကျဆင်းကာ ပထမဆုံးအကြိမ် သမိုင်းဝင်မှတ်တိုင်တစ်ခုဖြစ်ခဲ့သည်။ ၂၀၂၃ ခုနှစ်ရောက်သောအခါ ကမ္ဘာတစ်ဝန်း အသက်ငါးနှစ်အောက်ကလေးငယ် သေဆုံးမှုအရေအတွက်သည် ၄ ဒသမ ၈ သန်းသို့ကျဆင်းသွားကြောင်း ကုလသမဂ္ဂ၏အစီရင်ခံစာတွင်ဖော်ပြထားသည်။

နိုင်ငံတစ်နိုင်ငံတွင် မိခင်သေဆုံးမှုနှုန်း၊ မွေးကင်းစကလေးသေဆုံးနှုန်း၊ ငါးနှစ်အောက်ကလေးသေနှုန်းများသည် စီးပွားရေး၊ လူမှုရေးနှင့် ကျန်းမာရေးဆိုင်ရာ အညွှန်းကိန်းများဖြစ်၍ အထူးဦးစားပေးကဏ္ဍအဖြစ်သတ်မှတ်ထားသည်။ ကိုယ်ဝန်ဆောင်စဉ် မိခင်၏အာဟာရ၊ မွေးဖွားစဉ်နှင့် မီးတွင်းကာလကျန်းမာရေးစောင့်ရှောက်မှုများသည် မွေးကင်းစကလေးတစ်ဦး၏ကျန်းမာရေးအတွက် အဓိကအဆုံးအဖြတ်ပေးသည့် အကြောင်းတရားများဖြစ်သည်။ ထို့ကြောင့် ကိုယ်ဝန်ရှိချိန်မှစ၍ စနစ်တကျကိုယ်ဝန်ဆောင်စောင့်ရှောက်မှုခံယူရန်၊ တတ်ကျွမ်းသူနှင့် မွေးဖွားရန်၊ အခြေခံ မွေးဖွားစကလေးပြုစုစောင့်ရှောက်ခြင်းဆိုင်ရာကျွမ်းကျင်မှုနှင့် အထောက်အပံ့ပစ္စည်းများ ရရှိရေးတို့မှာ အရေးပါသည့် ကိစ္စရပ်များဖြစ်သည်။

**မြန်မာနိုင်ငံနှင့် ငါးနှစ်အောက်ကလေးသေဆုံးမှုအခြေအနေ**

မြန်မာနိုင်ငံတွင်လည်း အသက်ငါးနှစ်အောက်ကလေးသေဆုံးမှုနှုန်းနှင့် မွေးကင်းစကလေးသေဆုံးမှုနှုန်းသည် နိုင်ငံ၏လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှု အညွှန်းကိန်းအဖြစ်ပါဝင်နေသည်။ ကုလသမဂ္ဂ၏ ၂၀၂၂ ခုနှစ် ကလေးသေဆုံးမှုခန့်မှန်းချက်အစီရင်ခံစာအရ မြန်မာနိုင်ငံသည် အသက်ငါးနှစ်အောက်ကလေးသေဆုံးမှုကို လျှော့ချရာတွင် ရလဒ်ကောင်းများရရှိနေကြောင်းကို အောက်ပါအတိုင်းတွေ့ရသည်။

မွေးကင်းစကလေးမွေးဖွားနှုန်းနှင့်သေဆုံးမှုနှုန်းအဖြစ် ၂၀၀၀ ပြည့်နှစ်တွင် အရှင်မွေးဖွားသူဦးရေ ၁၀၀၀ လျှင် ၃၇ ဒသမ ၃ ရာခိုင်နှုန်းမှ ၂၀၂၂ ခုနှစ်တွင် အရှင်မွေးဖွားသူဦးရေ ၁၀၀၀ လျှင် ၂၁ ရာခိုင်နှုန်းသို့ လည်းကောင်း၊ အသက်တစ်နှစ်အောက် ကလေးသေဆုံးမှုနှုန်းအနေဖြင့် ၂၀၀၀ ပြည့်နှစ်တွင် အရှင်မွေးဖွားသူဦးရေ ၁၀၀၀ လျှင် ၆၀ ဒသမ ၇ ရာခိုင်နှုန်းမှ ၂၀၂၂ ခုနှစ်တွင် အရှင်မွေးဖွားသူဦးရေ ၁၀၀၀ လျှင် ၃၂ ရာခိုင်နှုန်းသို့လည်းကောင်း၊ အသက်ငါးနှစ်အောက် ကလေးသေဆုံးမှုနှုန်းသည် ၂၀၀၀ ပြည့်နှစ်တွင် အရှင်မွေးဖွားသူဦးရေ ၁၀၀၀ လျှင် ၈၃ ဒသမ ၂ ရာခိုင်နှုန်းမှ ၂၀၂၂ ခုနှစ်တွင် အရှင်မွေးဖွားသူဦးရေ ၁၀၀၀ လျှင် ၄၀ ရာခိုင်နှုန်းသို့လည်း



ကောင်းလျှော့ချနိုင်ခဲ့ကြောင်းသိရသည်။

**အသက်ငါးနှစ်အောက်ကလေးကို ပြုစုစောင့်ရှောက်နည်း**

အသက်ငါးနှစ်အောက်ကလေးတွင် အောက်ဖော်ပြပါ အထွေထွေအန္တရာယ်လက္ခဏာများအနက်မှ တစ်ခုခုဖြစ်ပါက ဆေးရုံ၊ ဆေးခန်း၊ ကျန်းမာရေးဌာနသို့ နေ့ညမဆိုင်းယခုချက်ချင်း သွားရောက်ပြသရန် အထူးအရေးကြီးသည်။

အရည်မသောက်နိုင်ခြင်း သို့မဟုတ် နို့မစို့နိုင်ခြင်း၊ စားသောက်သမျှအန်ခြင်း၊ တက်ခြင်း၊ သတိလစ်ခြင်း၊ အထွေထွေအန္တရာယ်လက္ခဏာရှိပါက ပြင်းထန်သောအခြေအနေတွင်ရှိသဖြင့် အဆိုပါကလေးငယ်ကို ဆေးရုံသို့အရေးပေါ်အခြေအနေအဖြစ်ပို့ဆောင်ရန်လိုအပ်သည်။

**နေမကောင်းသောကလေးကို အိမ်တွင်ပြုစုစောင့်ရှောက်ခြင်း**

ကလေးကိုယ်ပူခြင်း သို့မဟုတ် အန်ခြင်း သို့မဟုတ် ဝမ်းသွားခြင်းများကြောင့် ခန္ဓာကိုယ်တွင်း အရည်ဓာတ်များလျော့နည်းသွားသဖြင့် အရည်ပိုတိုက်ရန် လိုအပ်သည်။ အစာပုံမှန်ကျွေးမှသာ ကိုယ်ခံအားကောင်းပြီး မြန်မြန်နေကောင်းစေသည်။

မိခင်နို့တိုက်နေသောကလေးကို မိခင်နို့ဆက်တိုက်ပါ။ ပုံမှန်ထက်အကြိမ်ရေပိုတိုက်သင့်သည်။ဓာတ်ဆားရည်၊ စွတ်ပြုတ်၊ ဆန်ပြုတ်၊ နို့နှင့်လတ်ဆတ်သော သစ်သီးဖျော်ရည်စသည်တို့တိုက်ကျွေးနိုင်သည်။ ကလေးအန်ပါက ခဏနား၍ နည်းနည်းချင်း ပြန်တိုက်ပေးပါ။ကျွေးနေကျအစားအစာများကိုပုံမှန်ဆက်၍ကျွေးပေးပါ။ကလေးအတွက် ပျော့သောအစာများဖြစ်ရမည်။ အန္တရာယ်လက္ခဏာများစောင့်ကြည့်ပါ။ နောက်ဆက်တွဲပြဿနာများ မဝင်နိုင်ရန် နာလန်ထချိန်တွင် စားနေကျထက် တစ်နပ်ပိုကျွေးပါ။ အနည်းဆုံး တစ်ပတ်ခန့်ကျွေးပါ။

**ဖျားနေသောကလေးငယ်ကို အိမ်တွင်ပြုစုစောင့်ရှောက်ခြင်း**

ကလေးငယ်များ နေမကောင်းဖြစ်သည့်အခါ အစာမကျွေးခြင်း၊ အစားအစာလျှော့ကျွေးခြင်း မပြုလုပ်ရပါ။ စားနေကျအစာပုံမှန်အတိုင်း ဆက်ကျွေးပါ။ နို့စို့ကလေးများကို မိခင်နို့ဆက်တိုက်ပါ။ ခြောက်လအထက်ဖြစ်ပါက အရည်ပိုတိုက်ပါ။ ကိုယ်အပူချိန်များပါက ရေစိုအဝတ်(ရိုးရိုးရေ) ဖြင့် တစ်ကိုယ်လုံး ရေဖတ်တိုက်ပေးပါ။ ရာသီဥတုနှင့် ကိုက်ညီသောအဝတ်အစားဝတ်ပေးပါ။ လေကောင်းလေသန့်ရသော၊ လေဝင်လေထွက်ကောင်းသော နေရာတွင်ထားပါ။နာလန်ထချိန်တွင် အနည်းဆုံးတစ်ပတ်ခန့် ကျွေးနေကျအကြိမ်ထက် တစ်ကြိမ်ပိုကျွေးရန်လိုသည်။

**ကလေးများနှင့် အာဟာရချို့တဲ့လက္ခဏာ**

ကလေးများတွင်တွေ့ရလေ့ရှိသောအာဟာရချို့တဲ့လက္ခဏာများမှာ သီသီသာသာပိန်လာခြင်း၊ ခေါင်းမူးပြီး မလှုပ်ရှားချင်ဖြစ်ခြင်း၊ ပင်ပန်းလွယ်ခြင်း သို့မဟုတ် နုံးခွေခြင်း၊ အရေပြားထိခိုက်လွယ်ခြင်း သို့မဟုတ် အရေပြားအက်ကွဲခြင်း၊ သွားဖုံးသွေးယိုခြင်း၊ ကြွက်သားများ၊ အဆစ်များနာကျင်ခြင်း၊ အရိုးအားနည်းခြင်းနှင့်ကျိုးလွယ်ခြင်း၊ တဖြည်းဖြည်းဗိုက်ဖောင်းလာခြင်း၊ ကိုယ်တွင်းအင်္ဂါများ ကောင်းစွာအလုပ်မလုပ်ခြင်း (ဥပမာ နှလုံးအားနည်းခြင်း၊ အဆုတ်အားနည်းခြင်း)၊ ကြီးထွားဖွံ့ဖြိုးမှု နှောင့်နှေးခြင်း၊ အသက်အရွယ်အလိုက် ရှိသင့်သည့် အရပ်ထက်ပုနေခြင်း၊ ရှိသင့်သည့်ကိုယ်အလေးချိန်ထက်နည်းနေခြင်း၊ မကြာခဏဖျားနာခြင်း၊ စိတ်ဖိစီးမှုများနေခြင်း၊ အင်ပြင်ထခြင်း သို့မဟုတ် အသားအရောင်ပြောင်းခြင်း၊ ဆံပင်ကျွဲ၍ပါးခြင်းနှင့် ဆံပင်ကျွတ်လွယ်ခြင်း၊ သွားဖုံးသွေးထွက်ခြင်း၊ လျှာကွဲခြင်း သို့မဟုတ် ရောင်ခြင်း၊ အလင်းဒဏ်မခံနိုင်ခြင်း၊ ကိုယ်အလေးချိန်များနေသော်လည်း မကြာခဏ နေမကောင်းဖြစ်ခြင်း စသည်တို့ဖြစ်သည်။

**ကလေးများအတွက်အာဟာရ**

ကလေးများအတွက် အာဟာရဖြစ်စေသော ဓာတ်စာများကို အောက်ပါအတိုင်းအကြံပြုလိုသည်။

ကြက်အသည်း၊ အမဲအသည်း၊ ပင်လယ်ငါးများ၊ နွားနို့၊ ဒိန်ချဉ်၊ ဒိန်ခဲ စသည့်နို့ထွက်ပစ္စည်းများ၊ ကြက်ဥ၊ဘဲဥ၊ ငုံးဥအမျိုးမျိုး၊ အာလူး၊ မုန်လာဥနီ၊ ရွှေဖရုံသီး၊ ဟင်းနုနယ်၊ သင်္ဘောသီး၊ သရက်သီး၊ ဒူးရင်းသီး၊ ငှက်ပျောသီး၊ သံပရာသီး၊ ထောပတ်သီး၊ ပဲနီလေး၊ ပဲဝါလေး၊ မြေပဲ၊ ပဲပိစပ်၊ ပဲပြား၊ တို့ဟူး၊ ငါးကြီးဆီစသည်များစားသုံးပေးသင့်သည်။

အမဲသားတွင် သံဓာတ်ပမာဏ ၂ ဒသမ ၉ မီလီဂရမ်ပါရှိသည့်အပြင် ကျန်းမာရေးကိုအထောက်အကူဖြစ်သော ဗီတာ မင်ဘီ-၆၊ ဗီတာမင်စီနှင့် ဗီတာမင်ဒီဓာတ်တို့ ကြွယ်ဝစွာပါရှိသည်။

ကြက် (ရင်ပုံသား) တွင် သံဓာတ် ၁ ဒသမ ၁ မီလီဂရမ်ပါရှိ၍ သံဓာတ်အားဖြည့်စာအဖြစ် စားပေးသင့်သည်။ ပင်လယ်ငါးဟင်းလျာများကို ရက်သတ္တပတ်မှာ အနည်းဆုံးသုံးရက်ခန့်စားပါ။ ပင်လယ်ငါးထဲရှိ ဖက်တီးအက်ဆစ်တွေက အင်ဆူလင်ပမာဏကိုထိန်းညှိပေးသည့်အပြင် ဦးနှောက်ကိုကောင်းစွာအလုပ်လုပ်စေသည်။ ခွန်အားပြည့်စေရန်ကြက်ဥစားပေးသင့်သည်။ ကြက်ဥသည် အနီရောင်အသားကဲ့သို့ပင် ခန္ဓာကိုယ်အတွက် မရှိမဖြစ်လိုအပ်သောပရိုတင်း၊ ဗီတာမင်နှင့် သံဓာတ်များ ပါရှိသည်။ ကြက်ဥ၊ ဘဲဥ၊ ငုံးဥအနှစ်တွင် ဦးနှောက်အတွက် အရေးကြီးသောဗီတာမင်ဘီဓာတ်ပါဝင်နေသဖြင့် မှတ်ဉာဏ်အတွက်ကောင်းကျိုးပြုသည်။ ဒိန်ချဉ်ကလည်း အနီရောင်ခြေလေးချောင်းသားကဲ့သို့ပင် အမိုင်နိုအက်ဆစ်ပါရှိ၍ ဒိန်ချဉ်တစ်ခွက်နေ့စဉ်သောက်သင့်သည်။

ပဲတောင့်ရှည်(ပဲသီး)၊ ပဲလိပ်ပြာ၊ ကြယ်ပဲ စသည့် အစိမ်းရောင်ပဲသီးများတွင် သံဓာတ်၊ ဗီတာမင်ဘီနှင့် အမိုင်နိုအက်ဆစ်များအပြင် အနီရောင်ခြေလေးချောင်းအသားတွင်သာတွေ့ရသော ပရိုတင်းဓာတ်များလည်းပါရှိနေသဖြင့် အစိမ်းရောင်ပဲသီးကခွန်အားဖြစ်စေသည်။ ထို့ပြင် အမျှင်ဓာတ်ကြွယ်ဝသဖြင့် အစာခြေစနစ်ကောင်းကာ ကျန်းမာရေးနှင့်ညီညွတ်စေသည်။ ပဲနီလေးတွင် သံဓာတ် ၃ ဒသမ ၃ မီလီဂရမ်ပါရှိပြီး မပျော်ဝင်လွယ်သောအမျှင်ဓာတ်တွေ ပါရှိနေသဖြင့် စားသုံးပြီးနောက် ဆာလောင်မွတ်သိပ်မှုမဖြစ်စေဘဲအဆာခံသည်။

အချုပ်ဆိုရလျှင် ငါးနှစ်အောက်ကလေးများ သေဆုံးရခြင်းသည် ကာယကံရှင်မိသားစုတိုင်းအတွက် ဝမ်းနည်းဖွယ်ဖြစ်သကဲ့သို့ နိုင်ငံ၏လူ့မျှော်မှန်းသက်တမ်း တွက်ချက်ရာတွင်လည်း အရေးကြီးသည့်ကိစ္စဖြစ်သည်။ ထို့ကြောင့် နိုင်ငံ၏ကျန်းမာရေးစောင့်ရှောက်မှုစနစ်ကို လူတိုင်းလက်လှမ်းမီနိုင်မှု၊ ကျန်းမာရေးဆိုင်ရာရန်ပုံငွေတိုးမြှင့်ရရှိမှုနှင့် လူ့စွမ်းအားအရင်းအမြစ်များ ပြုစုပျိုးထောင်နိုင်မှုတို့သည် အသက်ငါးနှစ်အောက်ကလေးသေဆုံးမှုကိုလျှော့ချရာ၌ အရေးကြီးသည့် အချက်များဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။

# မြင်းမူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၁၂၄၈၃ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



မြင်းမူ ဩဂုတ် ၉

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြင်းမူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၁၂၄၈၃ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မြင်းမူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြင်းမူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နှမ်းဧက ၁၉၀၅၀ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလပထမပတ်မှ စတင် စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၁၂၄၈၃ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ မြင်းမူမြို့နယ်မှာ နှမ်းဧက ၁၉၀၀၀ ကျော် လျာထားစိုက်ပျိုးခဲ့ရာ ဧက ၁၂၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက်လဲ ဆောင်ရွက်ပေးနေပါတယ်။ ဆီထွက်သီးနှံ အနေနဲ့ကတော့ အောင်မြင်တဲ့ အနေအထားမှာရှိပါတယ်။ နှမ်းစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်"ဟု မြင်းမူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးပိုင်က ပြောပြသည်။

မြင်းမူမြို့နယ်တွင် နှမ်းစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းနိုင်ရန်၊ ပိုးမွှားရောဂါကျရောက်မှုမရှိစေရန်၊ ပေါင်းမြက်ကင်းစင်စေရန်အတွက် စိုက်ခင်းများအတွင်း ကွင်းဆင်းစစ်ဆေးပြီး ကင်းထောက်မှတ်တမ်းများ ယူခြင်းတို့ကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှဝန်ထမ်းများက ကွင်းဆင်း၍ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

နှမ်းကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်း ဆီစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် နှမ်းကိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း ရွှေဘိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးပိုင်က ပြောပြ၍ သိရသည်။ (၂၀၆)

# မိုင်းကိုင်မြို့နယ် တုံလောကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

မိုင်းကိုင် ဩဂုတ် ၉

ရှမ်းပြည်နယ် (တောင်ပိုင်း) လွိုင်လင်ခရိုင် မိုင်းကိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ တစ်နိုင်တစ်ပိုင် စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်နိုင်စေရန်၊ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန်နှင့် အတိုးနှုန်းသက်သာသည့် ငွေကြေးအရင်းအနှီးများရရှိစေရန်ရည်ရွယ်၍ တုံလောကျေးရွာအုပ်စု တုံလောကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းများဆောင်ရွက်မှု အခြေအနေများကို ဩဂုတ် ၈ ရက်က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုင်းကိုင်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိဦးအောင်လှိုင်ထွန်းနှင့် တာဝန်ရှိသူများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့နှင့် တွေ့ဆုံကာ တုံလောကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေကျပ် ၅၅ ဒသမ ၁ သန်းဖြင့် စိုက်ပျိုးရေးလုပ်ငန်းများ၊ မွေးမြူရေးလုပ်ငန်းများ၊ အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် လအလိုက် ဖြည့်သွင်းရမည့် ငွေစာရင်းဇယားပုံစံများ ပြည့်စုံမှုရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး ဦးစီးအရာရှိ ဦးအောင်လှိုင်ထွန်းက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါတုံလောကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၄၇ ဦးကို ငွေကျပ် ၄၆ ဒသမ ၅ သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ သုံးဦးကို ငွေကျပ် ၄ ဒသမ ၆ သန်းနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ငါးဦးကို ငွေကျပ်လေးသန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၅၅ ဦးကို ငွေကျပ် ၅၅ ဒသမ ၁ သန်း ထုတ်ချေးပေးထားပြီး မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်လျက် ရှိကြောင်း မိုင်းကိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

**အောင်ရဲကျော်**










## ဗုဒ္ဓဘာသာ၊ သာသနာရောင်ဝါ နေသို့လင်းပြီး အရှည်ခန့်၍ တည်တံ့ပါစေသော်



| | | |
|---|---|---|
| ကျိုးကြောင်းခေါ်ပြချက် | - | ကျေးရွာအချို့တွင် အကြောင်းအမျိုးမျိုးကြောင့် ခေတ္တပြောင်းရွှေ့ကြသူများသည် ယခုအခါ မိမိအရပ်ဒေသသို့ ပြန်လည်ရောက်ရှိနေထိုင်ကြပြီဖြစ်ပါသည်။ ကိုးကွယ်ရန် ဆင်းတုတော်များ လိုအပ်ကြောင်း ကျေးရွာရှိ ဆရာတော်များမှ အလှူခံလာပါသည်။ |
| ဉာဏ်တော် | - | ၁' ခန့် (တစ်ပေ)ခန့် ဘုရားများ |
| အလှူငွေ | - | တစ်ဆူလျှင် ၂၀၀၀၀/- နှစ်သောင်းကျပ်(ရွှေချပြီး) |
| လိုသောအရေအတွက် | - | ၅၀၀ ခန့် |
| လှူရန်ဌာန | - | ဆရာတော်ကြီး ဘဒ္ဒန္တတိက္ခ(အဘိဓဇမဟာရဋ္ဌဂုရု) ဦးလုဝင်း(ဥက္ကဋ္ဌ)ဗုဒ္ဓဘာသာသာသနာပြန့်ပွားရေးအသင်းချုပ်၊ တောင်စလင်းတိုက်သစ်၊ ဘာဝနာဌာန၊ ၆၂ လမ်း၊ ၃၂ လမ်းနှင့် ၃၃ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။ ၀၉-၄၄၂၀၇၄၄၆၆၊ ၀၉-၆၆၀၈၅၀၃၉၉ |

### အမည်မှန်

စစ်ကိုင်းမြို့၊ နန္ဒဝန်ရပ်ကွက်၊ နယ်မြေ(၁၀)တွင် နေထိုင်သည့် (ဘ) ဦးသီဟ(၅/မမန(နိုင်)၀၀၇၀၇၇)၏ သား မျိုးသီဟကျော်၏ အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ **မောင်မျိုးသီဟ** ဖြစ်ပါကြောင်း။

**မောင်မျိုးသီဟ**

### မိဘအမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့၊ အထက-စဉ့်ကိုင်ကျောင်း၊ Grade-8(C) တွင် ပညာသင်ကြားနေသော မဆောင်းသံစဉ်ကို၏ မိဘအမည်မှန်မှာ **ဦးဝိုင်းသဲမောင်နှင့် ဒေါ်သက်ထားဆွေ** တို့ ဖြစ်ပါကြောင်း။ **ဦးဝိုင်းသဲမောင်နှင့် ဒေါ်သက်ထားဆွေ**

### အမည်မှန်

မန္တလေးမြို့၊ ၂၀၂၆-၂၀၂၇ ပညာသင်နှစ်၊ အမှတ်(၁) ဘုန်းတော်ကြီးသင်ပညာရေးအထက်တန်းကျောင်း(စလေ)၊ Grade-12 မှ (ဘ) ဦးထွန်းထွန်းဝင်း၏သမီး မအင်ကြင်းစု၏ အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ **မအင်ကြင်းစုရည်ဖြိုး** ဖြစ်ပါကြောင်း။

**မအင်ကြင်းစုရည်ဖြိုး**

**ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်**

ငရုတ်သီး၊ ငရုတ်ကောင်းတို့၏ အပူဓာတ်သည် သွေးလည်ပတ်စီးဆင်းမှုကိုအားကောင်းစေပြီး အသက်ရှူလမ်းကြောင်းအတွင်း ရောဂါပိုးများဝင်ရောက်ခြင်းကို တိုက်ထုတ်ပေးသည်။



**ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်**

နှာချေ၊ ချောင်းဆိုးရာတွင် ပါးစပ်နှင့် နှာခေါင်းတို့ကို ပဝါ၊ တစ်ရှူးတို့ဖြင့် လုံအောင်ဖုံးအုပ်ပါ (သို့မဟုတ်) တံတောင်ဆစ်ကွေးနှင့် ဖုံးအုပ်ပြီး နှာချေချောင်းဆိုးပါ။



**ကိုဗစ် - ၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်**

နာနတ်သီးထဲတွင်ပါရှိသော သဘာဝဓာတ်တိုးဆန့်ကျင်ပစ္စည်းက အသက်ရှူလမ်းကြောင်းကို တိုးတက်ကောင်းမွန်စေသည်။



**အိမ်ပြင်ပ၌ ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်

## ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့၊ မအူပင်မြို့၊ ပုသိမ်မြို့တို့ရှိ တက္ကသိုလ်များနှင့် ခရိုင်အားကစားကွင်း အဆင့်မြှင့်တင်နိုင်မည့်အခြေအနေများ သွားရောက်ကြည့်ရှုစစ်ဆေး




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဟင်္သာတမြို့ရှိ ဟင်္သာတခရိုင် အေးမြသာယာပြည်သူ့အားကစားကွင်းကို ကြည့်ရှုစစ်ဆေးစဉ်။

နေပြည်တော် ဩဂုတ် ၉

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် ခရီးစဉ်တွင် လိုက်ပါလာသည့်အဖွဲ့ဝင်များလိုက်ပါ၍ ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့နှင့် မအူပင်မြို့တို့ရှိ တက္ကသိုလ်များသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။


**ဟင်္သာတခရိုင် အေးမြသာယာပြည်သူ့အားကစားကွင်း**

ဦးစွာ နိုင်ငံတော်သမ္မတသည် ဟင်္သာတမြို့ရှိ ဟင်္သာတခရိုင် အေးမြသာယာပြည်သူ့အားကစားကွင်းသို့ ရောက်ရှိစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် ဟင်္သာတခရိုင်အတွင်း အားကစားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အားကစားသမားများ အဆင့်မီမီကစားနိုင်ရေး၊ ပွဲကြည့်ပရိသတ်များ အဆင့်မီမီ ကြည့်ရှုနိုင်ရေးအတွက်

စာမျက်နှာ ၁၆ ကော်လံ ၁ ☆

**ရန်ကုန်တိုင်းဒေသကြီး ပန်းဘဲတန်းမြို့နယ် ရွှေဘုံသာလမ်းရှိ Diamond Shine စိန်ရွှေရတနာဆိုင်ပိုင်ရှင် ပြန်ပေးဆွဲခံရမှုဖြစ်စဉ်နှင့်ပတ်သက်၍ တရားခံများကို ၁၂ နာရီအတွင်း ဖော်ထုတ်ဖမ်းဆီးရမိ**

စာမျက်နှာ - ၂၃




## မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်းတို့ ဖြစ်ပေါ်နိုင်

နေပြည်တော် ဩဂုတ် ၉

ယနေ့နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေအားကောင်းနေခြင်းကြောင့်လည်းကောင်း၊ အိန္ဒိယနိုင်ငံ အနောက်ဘင်္ဂလားပြည်နယ်တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော

စာမျက်နှာ ၂၁ ကော်လံ ၁ ■

## ၂၀၂၆ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ ဖူဆယ်ပြိုင်ပွဲ ရှုံးထွက်ပွဲစဉ်များ ဆက်လက်ကျင်းပ

နေပြည်တော် ဩဂုတ် ၉

အားကစားရေးရာဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဖူဆယ်နှင့်သဲသောင်ပြင်ကော်မတီတို့ပူးပေါင်းကျင်းပသည့် ၂၀၂၆ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ ဖူဆယ်ပြိုင်ပွဲ ရှုံးထွက်အဆင့်ပွဲစဉ်များကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ ဖူဆယ်အားကစားရုံ၌ ဆက်လက်ကျင်းပခဲ့ကြောင်း သိရသည်။

၂၀၂၆ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ ဖူဆယ်ပြိုင်ပွဲ ရှုံးထွက်ပွဲစဉ်များအဖြစ် ပြည်ထဲရေးဝန်ကြီးဌာနအသင်းက သာသနာရေးဝန်ကြီးဌာနအသင်းကို ၁၂ ဂိုး လေးဂိုးဖြင့်လည်းကောင်း၊ ဒစ်ဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့်

စာမျက်နှာ ၂၀ ကော်လံ ၁ ❖



သာသနာရေးဝန်ကြီးဌာနအသင်းနှင့် ပြည်ထဲရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို တွေ့ရစဉ်။

**လေဖိ အားနည်း ရပ်ဝန်း အခြေအနေ**

နေပြည်တော် ဩဂုတ် ၉

ယနေ့နံနက် ၁၀ နာရီခွဲအချိန် တိုင်းထွာချက်များအရ အိန္ဒိယနိုင်ငံ အနောက်ဘင်္ဂလားပြည်နယ်တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဩရိသပြည်နယ်မြောက်ပိုင်းတို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်း(Low Pressure Area)သည် အိန္ဒိယနိုင်ငံ ဩရိသပြည်နယ်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဂျက်ခမ်းပြည်နယ်တို့သို့ ရောက်ရှိခဲ့ပြီးဖြစ်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။